www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ... ောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆ... က်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **ဟိဏ္ဏမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# ဝင်္ကပါထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဇူလိုင်လ၊ ၂၀၁၅ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | TZH |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ခင်မမ |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၁၂၂၊ ၅၁ လမ်း(အလယ်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (၀၀၁၇၈)<br>အမှတ် ၄၄-ဘီ၊ မြေညီထပ်၊<br>ရေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကိုတွံမ

ဝက်ပါတောင်ချောက် / ကိုတွံမ - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၅။

၁၉၉ - စာ။ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ


## (နိဒါန်း)

တစ်ခုသော ညနေရီအမှောင်လွှမ်းခြုံစ အချိန်လေးတွင် . .

ဂရိတ်ကုတ်အင်္ကျီကြီးနှင့် သက္ကလတ်ဘောင်းဘီရှည်ဝတ်ဆင်ထားသူ အသက်လေးဆယ်ကျော်ခန့်ရှိ သူတစ်ဦးသည် ရန်ကုန်မြို့ကန်တော်ကြီး ကနေဒီထိပ်မှ တစ်ကိုယ်တည်း လမ်းလျှောက်လာရာ . . .

ထိုသူသည် မှိုင်တွေတွေဖြင့် လမ်းလျှောက်နေရင်းမှ သူ၏အကြည့်က သူနံဘေးလမ်းပေါ်မှ ဖြတ်မောင်းသွားသော ရထားလုံးတစ်စီး၏ ပြတင်းပေါက်ကို အမှတ်မထင် လှမ်းကြည့်လိုက်လေ၏။ ပြတင်းဝမှ ဘေးတိုက်မြင်လိုက်ရသော လွန်စွာချောမောလှပသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်သည်နှင့် သူ့ပါးစပ်မှ 'ဟင်' ခနဲဖြစ်သွားပြီး လျှောက်လက်စခြေလှမ်းကိုတန့်လျက် အံ့အားသင့်မင်



www.burmeseclassic.com

www.burmeseclassic.com



သက်မိကာ ငှင်းဖြတ်ကျော်သွားပြီဖြစ်သော ရထားလုံးကို ကြောင်တောင်တောင်ဖြင့် လိုက်ကြည့်နေလေ၏။

ထို့နောက် ရုတ်တရက် သတိဝင်လာပြီး ရထားလုံးနောက်သို့ အူလျားဖားလျား ပြေးလိုက်သွားတော့၏။ မြင်းရထားမှာ မြန်လွန်းလှသဖြင့် သူ့မှာလိုက်မမီဖြစ်သွားစဉ်မှာပဲ ရှေ့မှ ရထားလုံးကဘုတ်ကလပ်ဘက်သို့ ကွေ့သွားပြီးနောက် ကွမ်းခြံဘူတာဘက်ဆီသို့ ဦးတည်သွားရာ ဂရိတ်ကုတ်နှင့်လူမှာ မချင့်မရဲဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

ထိုစဉ်မှာပဲ သူ၏နောက်ကျောဖက်မှ မြင်းရထားတစ်စီးမှာ လူရောဝန်ပါ မပါရှိဘဲ ခါလီချည်းမောင်းလာလျက် ရှိ၏။

ဂရိတ်ကုတ်နှင့်လူလည်း မြင်းခွာသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ပါစင်ဂျာမပါသော မြင်းရထားမှန်းသိလိုက်သဖြင့် လက်ပြတားလိုက်၏။ နှုတ်မှလည်း . . .

"ဟေ့ . . . ဆိုက်ကုလား၊ ရှေ့က ရထားလုံးနောက် လိုက်စမ်းဟေ့"

ဟု ရထားမောင်းသမားကို အမိန့်ပေးလိုက်ပြီး ရထားလုံးတံခါးဖွင့်ကာ ဝင်ထိုင်လိုက်လေ၏။

ထို့နောက် ရထားလုံးမှာ ဘီအေဂရောင်း (ယခုဗိုလ်ချုပ်အောင်ဆန်းဘောလုံးကွင်း) ကိုပတ်ပြီး ကွမ်းခြံဘူတာ (ယခုရန်ကုန်ဘူတာကြီး) ဘက်သို့ ဦးတည်မောင်းနှင်သွားသော ရှေ့မှရထားလုံးနောက်သို့ ခပ်ခွာခွာ လိုက်သွားလေတော့၏။





ရှေ့က မြင်းရထားမှာ ကွမ်းခြံဘူတာကြီးကို ကွေ့ပတ်ပြီး ဆူးလေဘုရားလမ်းခေါ် ရှော်တန်းလမ်းအတိုင်း မြို့ထဲဘက်သို့ ခရီးနှင်လျက်ရှိရာ ဂရိတ်ကုတ်အကျႌဝတ်ထားသူ၏ မြင်းရထားကလည်း နောက်မှ ထပ်ကြပ်မခွာလိုက်ပါလျက် ရှိလေတော့၏။

သို့ဖြင့် မြင်းရထားနှစ်စီးမှာ မော်တော်ကားများ၊ လူဆွဲပြေးရသည့် လန်ချားများ၊ ချယ်ဂါလီခေါ် ကုန်တင်တွန်းလှည်းများနှင့် ဓါတ်ရထားတို့ဖြင့်လည်းကောင်း၊ ပျားပန်းခတ်မျှ သွားလာနေကြသောလူများနှင့်လည်းကောင်း ရှုပ်ယှက်ခတ်လျက်ရှိသည့် မြို့ထဲကို ကျော်ဖြတ်လာပြီးနောက် ဆူးလေဘုရားအဝိုင်းကြီးကို ကွေ့ပတ်ကျော်ဖြတ်ခဲ့ရာမှ ကမ်းနားလမ်းသို့တိုင် ရောက်ရှိလာတော့၏။

ယင်းအချိန်ဝယ် မိုးဖွဲကလေးများကျလာပြီး လှိုင်မြစ်ဘက်မှလေကြမ်းတို့က တဟူးဟူးတိုက်ခတ်လျက် ရှိ၏၊ ညအမှောင်ရိပ်သည်လည်း တစ်စတစ်စ ကျရောက်ကြီးစိုးလာခဲ့ပြီ ဖြစ်သည်။

ထိုစဉ် ကမ်းနားလမ်းဘက်သို့ ချိုးကွေ့ကာ ခရီးနှင်လျက်ရှိသည့် အမျိုးသမီးတစ်ဦးလိုက်ပါနေသည့် ရထားလုံးမှာ လေးထပ်တိုက်အဟောင်းကြီး၏ ရှေ့အရောက်ဝယ် ရပ်တန့်သွားပြီး ရထားလုံးထဲမှ အမျိုးသမီးက ထီးဆောင်းလျက် ထွက်လာသည်ကို လမ်းမီးမှိန်မှိန်အောက်ဝယ် တွေ့လိုက်ရ၏။

ယင်းအမျိုးသမီးမှာ လေးထပ်တိုက်ကြီးအောက်ထပ် ညာဖက်ဆုံးရှိ တိုက်ခန်းတံခါးကို သော့ဖွင့်ပြီး ဝင်သွားလေ၏။ ထိုစဉ်မှာပဲ ဂရိတ်ကုတ်အကျႌနှင့်လူ စီးနင်းလိုက်ပါလာသော ရထားလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ငှင်းလေးထပ်တိုက်ကြီး၏ ရှေ့နား၌ ရပ်တန့်သွားကာ ဂရိတ်ကုတ်နှင့်လူမှာ ရထားလုံးထဲမှ အူလျားဖားလျားထွက်လိုက်ပြီး ရထားမောင်းသမားကို ရထားခလှမ်းပေးလိုက်လေ၏။

ပြီးနောက် အမျိုးသမီးဝင်ရောက်သွားရာ တိုက်ခန်းဆီသို့ ခပ်သုတ်သုတ် လှမ်းလာလေ၏။ တိုက်ခန်းထဲတွင် လျှပ်စစ်မီးတစ်လုံးတည်း ထွန်းထားပြီး ပရိဘောဂဟောင်းအနည်းငယ်သာရှိလျက် ခပ်ချောချောအမျိုးသမီးမှာ တိုက်ခန်း၏အလယ်၌ ရပ်လျက်ရှိ၏။

သူမက တိုက်ခန်းအဝမှ ဝင်လာသော ဂရိတ်ကုတ်အင်္ကျီနှင့်လူကို စူးစူးရဲရဲကြည့်လျက် ရှိ၏။ ထို့နောက် သူမ၏လျှပ်စီးလက်သော မျက်ဝန်းများက အံ့အားသင့်သွားဟန်ဖြင့် အတန်ငယ် ပြူးကျယ်သွားပြီးမှ လှပသော နှုတ်ခမ်းလေးဖြင့် မဲ့ပြုံးပြုံးလိုက်လေ၏။ ပြီးနောက် . . .

"ဩော် . . . ရှင်ကိုး"

ဟု မှတ်ချက်ပြုလိုက်လေ၏။

ဂရိတ်ကုတ်နှင့်လူမှာ တိုက်ခန်းထဲသို့ တစ်လှမ်းချင်းဝင်လာရာမှ . . .

"မင်း . . မင်းကို ကန်တော်ကြီးနားမှာ တွေ့လိုက်လို့ ကိုယ်နောက်က လိုက်လာတာပါ၊ ဒီ . . . ဒီမှာ မင်းတစ်ယောက်တည်းလား၊ မင်းကို . . . ကိုယ်ဘယ်လိုမှ မေ့လို့မရဘူး၊ ပြီးတာတွေလည်း ပြီးပါစေတော့လို့ သဘောထားပြီး မင်းကို ကိုယ်ပြန်ခေါ်ပါ့မယ်၊ ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါနော်"





ဟု အသံခပ်တုန်တုန်ဖြင့် တောင်းပန်ခယစွာ ဆိုလိုက်ရာ မိန်းမချောလေးက တဟင်းဟင်းဖြင့် သရော်သလို ရယ်လိုက်ပြီး . .

"ဩော် . . . ရှင်က ဒီအတွက် ကျွန်မရဲ့နောက်ကို တန်းတန်းစွဲလိုက်ပါလာတာ ဆိုပါတော့ . . . ဟုတ်လား"

ဟု ခပ်ငေါ့ငေါ့မေးလိုက်ရာ ဂရိတ်ကုတ်နှင့်လူမှာ ခေါင်းကို လျင်မြန်စွာ ညိတ်လိုက်ပြီး . . .

"ဟုတ် . . . ဟုတ်ပါတယ် မြိုင်ရယ်၊ ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါနော်"

ဟု ထပ်မံပြောလိုက်ရာ အမျိုးသမီးက အားပါးတရ ရယ်လေ၏။ ထို့နောက် . . .

"ဟင်း . . . ဟင်း . . . ဟင်း . . . ဒီမှာ ကိုတိုး၊ ရှင်က ကျွန်မကို ပြန်ခေါ်ပေမယ့် ရှင့်ရဲ့အသိုင်းအဝိုင်းက ကျွန်မကို လုံးဝလက်ခံမှာ မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်၊ ရှင်ကလည်း ရှင့်ရဲ့အသိုင်းအဝိုင်းကို လုံးဝတော်လှန်ရဲတဲ့သူ မဟုတ်ဘူး၊ အေးလေ . . ဘာပဲဖြစ်ဖြစ် ရှင်အခုလို ကျွန်မဆီရောက်လာမှတော့ ရှင်နဲ့ရှေ့ရေးအတွက် ဆွေးနွေးရတော့မှာပေါ့၊ ကဲ . . . ကဲ . . . ထိုင်ပါဦး၊ ကျွန်မတို့ မိုးအေးအေးမှာ ကော်ဖီသောက်ရင်း ဆွေးနွေးကြတာပေါ့ . . . ဟုတ်လား"

ဟုပြောကာ ကြိမ်ကုလားထိုင်အဟောင်းတစ်လုံးကို လက်ညှိုးညွှန်ပြလိုက်ရာ ဂရိတ်ကုတ်နှင့်လူက ကြိမ်ကုလားထိုင်မှာ အသာထိုင်လိုက်ပြီး လျှပ်စစ်မီးအရောင်အောက်ဝယ် ငှင်းအမျိုးသမီးချော



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်တောင်မခတ်တမ်း ငေးကြည့်နေလေ၏။

အမျိုးသမီးက ထိုသူ၏အကြည့်ကို မသိကျိုးကျွံပြုလျက် စားပွဲဟောင်းတစ်လုံးပေါ်ရှိ ဓါတ်ဗူးထဲမှ ရေနွေးကို ကြွေလက်ဖက်ရည်ပန်းကန်နှစ်လုံးထဲသို့ လောင်းထည့်လိုက်ပြီး စားပွဲပေါ်ရှိ နို့ဆီ၊ ကော်ဖီမှုန့်နှင့် သကြားတို့ကိုထည့်ကာ ဇွန်းတစ်ချောင်းဖြင့် မွှေပြီးနောက် ပုလင်းငယ်တစ်ခုထဲမှ အမှုန့်ဖြူဖြူအနည်းငယ်ကို ကော်ဖီခွက်တစ်ခုထဲသို့ ကိုယ်ဖြင့်ကွယ်ကာ ထည့်လိုက်ပြီး ဇွန်းဖြင့် တစ်ချက်နှစ်ချက်မွှေလိုက်လေ၏။

ထို့နောက် ကော်ဖီခွက်များကို ဆက်တီခုံများရှိရာသို့ ယူလာပြီး ဆေးမှုန့်ထည့်ထားသည့် ကော်ဖီခွက်ကို ဂရိတ်ကုတ်အကျႌနှင့်လူ၏ရှေ့မှ စားပွဲပုလေးပေါ် ချပေးရင်းက သူမကလည်း ကြိမ်ကုလားထိုင်တစ်လုံးပေါ် ထိုင်လိုက်ပြီး . . .

"ကဲ . . ကော်ဖီသောက်ပါဦး ကိုတိုး၊ ကျွန်မတို့နှစ်ယောက်ကော်ဖီသောက်ရင်း ဆွေးနွေးကြတာပေါ့"

ဟု ကြာမှုပါပါပြုံးကာ ပြောလိုက်ရာ ဂရိတ်ကုတ်နှင့်လူမှာ သူ့ရှေ့စားပွဲပုလေးပေါ်မှ ကော်ဖီခွက်ကို ကောက်ယူပြီး ပါးစပ်ဖြင့် မှုတ်ကာမှုတ်ကာ သောက်လိုက်လေတော့၏။

ကော်ဖီတစ်ဝက်ခန့် ကုန်သွားသည့်အခါမှာတော့ သူ၏ တစ်ကိုယ်လုံး လေးလံလာပြီး မျက်ခွံများပါလေးလာရာ ကော်ဖီခွက်ကို စားပွဲပေါ်သို့ အသာပြန်ချလိုက်ကာ ကြိမ်ကုလားထိုင်၏နောက်မှီကို ကျောမှီချလိုက်ပြီး ခဏမှာတော့ သူ၏ကိုယ်ခန္ဓာကြီးမှာ ကုလား





ထိုင်ပေါ်စောင်းကျလျက် လောကကြီးနှင့် အဆက်ပြတ်သွားလေတော့၏။

ထိုအခါ ယင်းတိုက်ခန်းဟောင်းလေးထဲဝယ် မိန်းမချော၏ လှောင်ရယ်လိုက်သံ တဟင်းဟင်းဟသာ လွှမ်းမိုးသွားလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ဖော်ပြပါအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နှစ်လခန့်ကြာ တစ်နေ့တွင်ဖြစ်၏။

မိုးဦးတု၏ညနေရီဆည်းဆာဝယ် လန်ချားတစ်စီးသည် လွန်စွာ လူသူအသွားအလာပြတ်လပ်သော ဘောင်ဒရီလမ်းမှတစ်ဆင့် လင့်လမ်းဘက်သို့ ချိုးကွေ့လာပြီးနောက် ဗဟန်းရေတာရှည်လမ်းဟောင်းအတိုင်း ခပ်မှန်မှန် မောင်းနှင်လာလေ၏။

ရွှေတိဂုံစေတီတော်ကြီး တည်ရှိနေတော်မူရာ သိင်္ဂုတ္တရကုန်းတော်၏ခြေရင်းရှိ ဗဟန်းရေတာရှည်လမ်းဟောင်းတစ်လျှောက်ဝယ် ဘုရားဆင်းတုတော်များ၊ ရုပ်တုများနှင့် ဘုရားပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်ရောင်းသော ဈေးသည်များ၊ နတ်ရုပ်၊ ဘိုးဘိုးအောင်ရုပ်တု





တို့ ထုလုပ်ရောင်းချသော ဆိုင်တို့ရှိသဖြင့် လူသူအတန်ငယ်စည်ကားလျက် ရှိလေ၏။

သို့နှယ် လူသူစည်ကားသော အရပ်သို့ ရောက်ရှိလာသည့် လန်ချားမှာ အုတ်လမ်းဟုခေါ်တွင်သော စေတီတော်ကြီး၏ အရှေ့ဘက်မုခ်အဝင်လမ်းဝသို့ အရောက်ဝယ် ရပ်တန့်သွားလေ၏။

ထိုအခါ လန်ချားပေါ်မှ ဘန်ကောက်လုံချည်၊ ပိုးအင်္ကျီတို့ကို ဝတ်ဆင်ထားပြီး ကျေးတစ်ရာခေါင်းပေါင်းစကို အကျအနပေါင်းထားသည့် ဝဝခန့်ခန့်လူကြီးမှာ ခန့်ညားစွာဆင်းလာပြီးလျှင် လန်ချားကုလားအား ပိုက်ဆံတစ်မူးပေးလိုက်လေ၏။ ထို့နောက် အုတ်လမ်း၏ဘယ်ဘက်ထောင့်ရှိ လက်ဖက်ရည်ဆိုင်ကြီးထဲသို့ ဘန်ကောက်လုံချည်စကို လက်တစ်ဖက်ဖြင့် အသာမလျက် လှမ်းဝင်လာလေ၏။

ဤအချိန်ဝယ် တိုဘရက်ကိုးလုံချည်နှင့် စွပ်ကျယ်လက်စကဝတ်ဆင်ထားသည့် လူဝဝကြီးတစ်ဦးမှာ ထိုးလက်စ မြန်မာစစ်တုရင်ပွဲဝယ် အနိုင်ရလိုက်သဖြင့် လက်ခမောင်းထခတ်လိုက်ပြီးလျှင် တဟားဟား အော်ရယ်လျက် . . .

"ဟား . . . ဟား . . . ဟား . . . ဒီဗဟန်းအုတ်လမ်းတစ်ဝိုက်မှာ ကျုပ်ကို ယှဉ်ပြိုင်အနိုင်ယူနိုင်သူ ဘယ်တုန်းက ပေါ်ဖူးလို့လဲ"

ဟု ဝင့်ကြွားစွာ ဟစ်ကြွေးလိုက်လေ၏။

ဗဟန်းအုတ်လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်တွင် မြန်မာစစ်တုရင်ကို လူကြီး၊ လူလတ်အချို့သည် ညနေတိုင်းကစားလေ့ရှိရာယင်းသို့ စစ်တုရင်ကစားတိုင်း အသားမည်းမည်းဝဝ၊ ဗိုက်ရွဲရွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးကသာ ဗိုလ်စွဲအနိုင်ရလေ့ရှိရာ သူဝင်ကြွားမည်ဆိုလည်း ဝင့်ကြွားလောက်စရာပင် ဖြစ်နေတော့သည်။

ယခုလည်း စစ်တုရင်တစ်ပွဲနိုင်လိုက်သဖြင့် ထကာ ဟစ်ကြွေးလိုက်ခြင်း ဖြစ်၏။ ထိုစဉ်မှာပဲ ကျေးတစ်ရာခေါင်းပေါင်းကို ပေါင်းထားသော လူကြီးက စစ်တုရင်ဝိုင်းအနီးဝယ် ခန့်ခန့်ကြီးရပ်လိုက်ပြီးနောက် လက်နှစ်ဖက်ဖြင့် ခါးကိုထောက်လိုက်ကာ ထိုပုဂ္ဂိုလ်ကြီးအား ပြုံးပြုံးကြီး ကြည့်ရင်းက . . .

"ဟေး . . . ကိုဖြိုး၊ ခင်ဗျားကို ယှဉ်နိုင်သူမပေါ်သေးဘူးဆိုတာ ဟုတ်ပါ့မလား"

ဟုပြောလိုက်ရာ ၎င်းကိုဖြိုးဆိုသူ လူကြီးမှာ စစ်တုရင်ခုံအား လက်တစ်ဖက်ဖြင့်ထောက်ကာ မျက်လုံးကြီးများပြူးကာ ကြည့်လိုက်ပြီး-

"ဩ . . . ဦးငွေစိုးပါလား၊ ဟဲ . . . ဟဲ . . . ကိုဖြိုးတို့က စစ်တုရင်အရာမှာတော့ ဗိုလ်မထားသူပဲဗျ၊ စမ်းချင်သပဆို လာလေ"

ဟု အာလုပ်သံကြီးဖြင့် စိန်ခေါ်လိုက်လေ၏။

ဦးငွေစိုးဆိုသော လူကြီးကလည်း ကိုဖြိုး၏ရှေ့က သစ်သားစစ်တုရင်ခုံကြီးဝယ် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်ပြီး . . .

သူ၏ညာလက်ချောင်းလေးများဖြင့် နှုတ်ခမ်းမွေးကားကားကြီးကိုသပ်လျက် . . .

"ကျုပ်ကလည်း ဒီအုတ်လမ်းတစ်ဝိုက်မှာ ခင်ဗျားအမြဲလိုလို ဗိုလ်လုပ်နေတယ်ကြားလို့ ခြေညောင်းလက်ဆန့်လာရင်း တစ်ပွဲတစ်လမ်း လက်ရည်လာစမ်းတာဗျ၊ ခင်ဗျား ကျုပ်ကိုနိုင်ရင် ငွေကျပ်တစ်





ရာပေးမယ်ဗျာ"

ဟု ရဲရဲကြီးဆိုလိုက်ရာ ကိုဖြိုးမှာ မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်သွားအောင် ပြုံးလိုက်ပြီး . . .

"ရွှေး . . . ကြိုက်ပြီဗျို့"

ဟု ဝမ်းသာအားရဆိုလိုက်ပြီး ခါးပုံစထဲမှ ကွမ်းတစ်ယာကို ထုတ်ယူကာ ပါးစောင်ထဲ ထိုးထည့်လိုက်ပြီး စစ်တုရင်ခုံပေါ်မှ သစ်သားစစ်တုရင်ရုပ်များကို နေရာတကျ စတင်စီလေတော့၏။

လက်ဖက်ရည်ဆိုင်အတွင်းမှ လက်ဖက်ရည်သောက်သုံးသူများနှင့်တကွ ဆိုင်ရှင်၊ စားပွဲထိုး စသူတို့ကလည်း တခြားစစ်တုရင်ဝါသနာအိုးများနည်းတူ သူတို့၏အထူးစိန်ခေါ်ပွဲကြီးကို စိတ်ဝင်တစားဝိုင်းကြည့်ကြကုန်၏။

ဦးငွေစိုးက သစ်သားဖြင့်ပြုလုပ်ထားသော အနီရောင်စစ်တုရင်ရုပ်များကိုကိုင်ကာ ရှေးဦးစွာ နယ်ရုပ်များကို စီလိုက်လေ၏။ မြန်မာစစ်တုရင်ကစားနည်း၏ထုံးစံအတိုင်း နယ်ရုပ်တို့ကို ပုံသေနေရာအတိုင်း စီချလိုက်၏။ ရထားနှစ်လုံးကိုမူ ဇယားကွက်၏နောက်ဆုံးတန်း ခံစစ်ပိုင်းမှာ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် နေရာများ ချထားလိုက်၏။

ဘုရင်ကို ခံစစ်ပိုင်း၏ လက်ျာဘက်နှစ်ကွက်ကျော်တွင် နေရာချထားလိုက်လေ၏။ ထို့နောက်မှ ဘုရင်ကို ဝန်းရံပြီး ဆင်နှစ်ကောင်ကို ဘုရင်၏ရှေ့မှ ကာဆီးနေရာယူစေလိုက်၏။ ဘုရင်၏ဘယ်ညာဝယ် စစ်ကဲနှစ်ဦးကို နေရာချထားလိုက်ပြီး စစ်ကဲတို့၏



www.burmeseclassic.com

www.burmeseclassic.com



နံဘေးဝယ် မြင်းနှစ်ကောင်ကို နေရာယူစေလိုက်၏။ သူတို့၏နောက်မှာမူ ရထားပြေးလမ်းဖြစ်၏။

ယင်းသို့နှယ် ဘုရင်ကို လုံခြုံအောင်ထားကာ စစ်အင်္ဂါခင်းကျင်းပြီးနောက် တစ်ဖက်မှ အနက်ရောင်စစ်တုရင်တပ်ဖွဲ့ကို စတင်ထိုးစစ်ဆင်ချေမှုန်းတော့၏။

ကိုဖြိုးကလည်း စစ်တုရင်အရာဝယ် ခေသူမဟုတ်။ ဦးငွေစိုး၏ခုန်လာသော မြင်းတို့ကို စစ်ကဲဖြင့်လည်းကောင်း၊ ဆင်ဖြင့်လည်းကောင်း ချေမှုန်းရန် ကြိုးစားလေ၏။

ဦးငွေစိုး၏ရထားတို့က စစ်ကဲဖြင့်ထောက်ပြီး၊ ကိုဖြိုး၏ဘုရင်ကြီးကို အပိုင်စီးနိုင်ရန် ကြိုးစားတိုင်း ဆင်တပ်ဖြင့် တန်ပြန်တိုက်စစ်ဆင်ချေမှုန်းကာ အထက်အောက်လိုင်းတစ်လျှောက် ဇယားကွက်၏အစမှအဆုံးတိုင် လွတ်လပ်စွာ ပြေးထွက်ရသော ရထားနှစ်စင်းဖြင့် ဦးငွေစိုး၏ဘုရင်ကိုခွေဖို့ တန်ပြန်ကြိုးစားပြန်လေ၏။

ဦးငွေစိုး၏စစ်ကဲတစ်ဦးမှာ ကိုဖြိုး၏ရထားစာမိပြီး ကျဆုံးသွားခဲ့ရသော်လည်း ဦးငွေစိုးက နယ်စားပယ်စားတို့ကို မြင်းတပ်၏အကူအညီဖြင့် သတ်မှတ်လိုင်းနေရာသို့ရောက်အောင် ကြိုးစားချီတက်စေပြီး သတ်မှတ်လိုင်းနေရာသို့ရောက်လေလျှင် စစ်ကဲတစ်ဦးပြန်လည်ခန့်ထားရန် တောင်းဆိုပြန်၏။

ဤသို့ဖြင့် စစ်ကဲပြန်လည်ရရှိလာသောအခါ ယင်းစစ်ကဲနှင့် မြင်းတပ်တို့အားကိုးဖြင့် ကိုဖြိုး၏ဆင်တပ်၊ မြင်းတပ်တို့ကို တရစပ်ချေမှုန်းပြီး နောက်ဆုံး ဆင်ဖြင့်ထောက်ကာ ဘုရင်ကြီးကို ရထား





ဖြင့် ခွေလိုက်လေတော့၏။

ကိုဖြိုး၏ဘုရင်ကြီးကား ပြေးပေါက်ပိတ်သွားပြီး အရှုံးပြသွားလေတော့၏။

"ကဲ . . . ကိုဖြိုး၊ ခင်ဗျားကို ယှဉ်နိုင်သူမပေါ်သေးဘူးဆိုဗျ၊ ခုတော့ ကျုပ်နိုင်ပြီလေ . . . ဟဲ . . . ဟဲ . . . ဟဲ"

ဟု အားရပါးရ ရယ်မောပြောဆိုလိုက်ပြီး ထိုင်ရာမှထလိုက်ပြီး ပုဂ္ဂိုလ်ကြီးသည် လက်ဖက်ရည်ဆိုင်ထဲမှ ခပ်တည်တည်ပင်ထွက်ခွာသွားတော့၏။

ထို့နောက် သူသည် ရေတာရှည်လမ်းဟောင်းအတိုင်း လျှောက်လာရာမှ ထမင်းဆိုင်တစ်ဆိုင်ရှေ့ဝယ် ရပ်လိုက်လေ၏။ ခနဲဖြူဒေါ်စောသီဆိုသော ဆိုင်းဘုတ်တပ်ထားသည့် လွန်စွာသပ်ရပ်သောထမင်းဆိုင်အား အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် ဆိုင်အတွင်းသို့လှမ်းဝင်သွားလေ၏။

"ကြွပါရှင် . . . ဘာဟင်းနဲ့ သုံးဆောင်ပါမလဲ ဦးမင်းရှင့်"

ဟု စားပွဲထိုးမိန်းမငယ်တစ်ဦးက ပျူပျူငှာငှာ ခရီးဦးကြိုဆိုလိုက်လေ၏။

ဦးငွေစိုးသည် ဝါတာပရု(ဖ်)စားပွဲခင်းထားသည့် စားပွဲလွတ်တစ်လုံး၌ အကျအန ဝင်ထိုင်လိုက်ပြီးနောက် . . .

"လိပ်သည်းဆီပြန်ဟင်းများ ရမလားကွယ်"

ဟု ခပ်ပြုံးပြုံးဆိုလိုက်ရာ စားပွဲထိုးကောင်မလေးမှာ 'ရှင်' ဟုဆိုလျက် မျက်လုံးများပြူးကာ ပါးစပ်ကလေးကလည်း [illegible]လျက်

www.burmeseclassic.com



ဖြစ်သွားရှာ၏။

ဆိုင်ရှင်ဒေါ်စောသီကလည်း အထူးအဆန်းသဖွယ် လှမ်းကြည့်နေလေရာ ဦးငွေစိုးက သူ့နှုတ်ခမ်းမွှေးကြီးများ ပြန့်ကားသွားအောင် ပြုံးလိုက်ပြီး . . .

"ဟင်း . . . ဟင်း . . . ကျုပ်က နောက်တာပါကွယ်၊ ဝက်ကလီစာဖြစ်ဖြစ် ဆိတ်ကလီစာဖြစ်ဖြစ် ရှိရင်ထည့်လိုက်ပါ"

ဟုပြောကာ စားပွဲပေါ်သို့ တံတောင်ဆစ်နှစ်ဖက်ထောက်လျက်နှင့် ထမင်းစားလျက်ရှိသော အခြားဝိုင်းတစ်ဝိုင်းမှ လူတစ်စုနှင့် ဆိုင်ဝန်းကျင်အား မသိမသာ အကဲခတ်ကြည့်ရှုလိုက်၏။

ထိုစဉ် ဆိုင်အတွင်းသို့ အမျိုးသမီးငယ်တစ်ဦးဝင်လာသည်ကို သတိပြုမိလိုက်သဖြင့် ဦးငွေစိုးလည်း အမှတ်မထင် စောင်းငဲ့ကြည့်လိုက်၏။

ထိုအမျိုးသမီးမှာ အသားအရည်ဖြူစင်ဝင်းပလျက် မျက်လုံးမျက်ခုံးကောင်းကောင်း၊ မျက်နှာလှလှနှင့် မဟာဆန်သော ရုပ်ဆင်းကာ တစ်ပတ်လျှိုဆံထုံးဝယ် နှင်းဆီတစ်ပွင့်ပန်ဆင်ထားပုံမှာလည်း အလှတွင် အယဉ်ဆင့်အသွင်တင့်လှပေ၏။

ပဒုမ္မာပိတ်အင်္ကျီနှင့် စူရတီထမီကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသော သူမ၏ကိုယ်လုံးကိုယ်ထည်လေးကလည်း ဖွံ့ထွားလှပအချိုးအဆစ်ကျလှပြီး ဆိုင်ထဲသို့ တစ်လှမ်းချင်း ခပ်တည်တည်လှမ်းဝင်လာသော သူမ၏ကြွေရွေ့ရရအလှကို ဦးငွေစိုးသာမက အခြားဝိုင်းမှ ထမင်းစားနေသူသုံးဦးပင် စားလက်စကို ခေတ္တမေ့လျော့သွား





သည့်အလား ငေးမောသွားကြလေတော့၏။

စားပွဲထိုးကောင်မလေးက . . .

"မမ . . . ကြွပါရှင်၊ ဘာဟင်းနဲ့ သုံးဆောင်ပါမလဲရှင်"

ဟု ယဉ်ကျေးစွာ ဖိတ်ခေါ်လိုက်ရာ အမျိုးသမီးငယ်က လှပစွာ ပြုံးလိုက်ပြီးလျှင် ဦးငွေစိုးနှင့် မျက်နှာချင်းဆိုင် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။ ပြီးနောက်မှ . . .

"လိပ်သည်းဆီပြန်ဟင်းရလား . . . ညီမလေး"

ဟု ခပ်ပြုံးပြုံးမေးလိုက်ရာ စားပွဲထိုးကောင်မလေးမှာ 'ရှင်' ဟုဆိုလျက် မျက်လုံးလေးပြူးကာ ပါးစပ်ဟသွားလေ၏။

ဆိုင်ရှင်ဒေါ်စောသီမှာလည်း ယင်းအမျိုးသမီးငယ်အား အထူးအဆန်းသဖွယ် လှမ်းကြည့်လိုက်သည်သာမက ဦးငွေစိုးကိုယ်တိုင်လည်း သူ၏ထူထဲသော မျက်လုံးကြီးနှစ်ဖက်မြင့်တက်သွားကာ အမျိုးသမီးငယ်ကို အံ့သြသလို ကြည့်ရှုလေ၏။

အမျိုးသမီးငယ်က မည်သူ့ကိုမှမကြည့်ဘဲ လှပစွာ ပြုံးလိုက်ပြီး . . .

"ဟင်း . . . ဟင်း . . . မမက နောက်တာပါကွယ်၊ ဝက်ကလီစာဖြစ်ဖြစ် ဆိတ်ကလီစာဖြစ်ဖြစ် ရှိရင်ထည့်ပေးပါ"

ဟုဆိုလိုက်ရာ ဦးငွေစိုး၏မျက်ခုံးထူထူနှစ်ဖက်လည်း ပိုလို့ပင် မြင့်တက်သွားတော့သည်။

ထို့နောက်မှာတော့ ဦးငွေစိုးသည် ဆိတ်ကလီစာဟင်းနှင့် ထမင်းကို တို့ကနန်း၊ ဆိတ်ကနန်းသော စားရင်း အမျိုးသမီးငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားဖြင့် မသိမသာ အကဲခတ်နေလိုက်၏။

သို့သော်လည်း အမျိုးသမီးငယ်ကမူ ဦးငွေစိုးအား သတိထားမိဟန်မရှိဘဲ သူမှာလိုက်သည့် ဆိတ်ကလီစာဟင်းနှင့် ထမင်းကိုသာ အရသာခံပြီး အေးအေးလူလူပင် စားနေလေ၏။

ဦးငွေစိုးသည် ထမင်းစားပြီးနောက် အစာပိတ်လက်ဆောင်အဖြစ် စားပွဲထိုးကောင်မလေးလာချပေးသည့် သီးမွှေးငှက်ပျောသီးကို အခွံနွှာကာ စားလျက်ရှိ၏။

ထိုအချိန်မှာတော့ အမျိုးသမီးငယ်လည်း စားသောက်ပြီးသွားပြီဖြစ်၍ ဇွန်းနှင့်ခက်ရင်းကို အသာချလျက် လက်သုတ်ပုဝါဖြင့် သူမ၏နှုတ်ခမ်းကို သုတ်လိုက်လေ၏။

ထို့နောက် စားပွဲပေါ်တင်ထားသည့် သူမ၏ပိုက်ဆံအိတ်ငယ်ကို ကောက်ကိုင်ကာ ကုလားထိုင်မှထပြီး ဟင်းအိုးများတန်းစီကာ တင်ထားသည့် ဆိုင်ရှင်စားပွဲကြီးရှိရာသို့ လျှောက်လှမ်းသွားလေ၏။

ဆိုင်ရှင်ရှေ့အရောက်ဝယ် အမျိုးသမီးငယ်မှာ သူမ၏ပိုက်ဆံအိတ်ငယ်ကို ဇစ်ဖွင့်လိုက်ကာ ဆိုင်ရှင်အမျိုးသမီးကြီးအား မော့ကြည့်လျက် . . .

"ဘယ်လောက်ကျပါသလဲရှင်"

ဟုမေးလိုက်လေ၏။

"တစ်မတ်ပါ ညီမ၊ ဘာနဲ့စားစား အစ်မဆိုင်ကတော့ အဝစားတစ်မတ်ပါပဲ"





ဟု ဆိုင်ရှင်အမျိုးသမီးကြီးက ပါးစုံကြီးနှစ်ဖက်ပေါ်အောင်ပြုံးလျက် ပြောလိုက်ပြီးနောက် အမျိုးသမီးငယ်ကမ်းပေးသော ထမင်းဖိုးငွေတစ်မတ်ကို လှမ်းယူလိုက်၏။

အမျိုးသမီးငယ်သည် လှပစွာ ပြုံးရင်းမှ . . .

"အစ်မ . . . ဒီဆိုင်မှာ ထမင်းဟင်းချက်တဲ့ အလုပ်ရနိုင်မလားဟင်၊ သူဇာ အလုပ်လုပ်ချင်လို့ပါ"

ဟု လေသံမှန်မှန်ဖြင့် ပြောလိုက်ရာ အမျိုးသမီးကြီးမှာ ရိုးရိုးယဉ်ယဉ် ဝတ်စားထားသော်လည်း ကြွေရုပ်ကလေးလို နန်းဆန်ဆန် လှပသော မိန်းမငယ်လေးမှ သူမ၏ဆိုင်ဝယ် ထမင်းဟင်းချက် အလုပ်ရနိုင်မလားဟု မေးလာခြင်းအပေါ် မယုံနိုင်စွာ အံ့အားသင့်လျက်ရှိနေလေ၏။

အတန်ကြာမှ အမျိုးသမီးကြီးလည်း သတိဝင်လာပြီး . . .

"ဘာ . . . ဘယ် . . . ဘယ်လို . . . ဒီက ညီမက ထမင်းဟင်းချက် အလုပ်လုပ်ချင်လို့ . . . ဟုတ်လား"

ဟု မယုံကြည်နိုင်သလို မေးလိုက်ရာ အမျိုးသမီးငယ်က အတန်ငယ် ညှိုးလျှသွားသော မျက်နှာဖြင့် ဆိုင်ရှင်အမျိုးသမီးကြီးကို ရိုဝေစွာ ကြည့်လိုက်ပြီး . . .

"ဒီလိုပါ အစ်မရယ်၊ သူဇာရဲ့ဇာတိက ရှမ်းပြည်နယ်ဘက်ကပါ၊ မိဘနှစ်ပါးဆုံးပါးသွားတော့ ဆွေမျိုးရင်းခြာလည်း မရှိတော့တာနဲ့ ရန်ကုန်မှာရှိတဲ့ အဒေါ်ဝမ်းကွဲဆီကို အားကိုးတကြီးနဲ့ လာခဲ့တာပါရှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရန်ကုန်ကိုရောက်တော့ အဒေါ်ဖြစ်သူ ဆုံးပါးသွားတာ နှစ်နှစ်တောင်ရှိပြီဆိုတာကို သိလိုက်ရတယ်၊ ဒါနဲ့ သူဇာလည်း အဒေါ် ဝမ်းကွဲရဲ့ယောက်ျားနဲ့အတူ မနေချင်တာမို့ ငါးထပ်ကြီးဘုရားနားက သီလရှင်ကျောင်းတိုက်တစ်ခုမှာ ခေတ္တခိုကပ်နေထိုင်နေရပါတယ်။

ရှမ်းပြည်နယ်ဘက်ကိုလည်း မပြန်ချင်တော့တာနဲ့ ဒီရန်ကုန်မှာပဲ အလုပ်အကိုင်လေးများရရင် အခြေချနေမလားလို့ စိတ်ကူးမိပါတယ်၊ ဒါကြောင့် အခုလို အလုပ်တောင်းမိတာပါ"

ဟု ချိုသာချောင်စွာ ပြောပြလေရာ အမျိုးသမီးကြီးမှာ သူမအပေါ် စာနာစိတ်ဖြင့် ကရုဏာသက်မိပြီး အလုပ်ပေးချင်သော်လည်း ၄င်းကိုယ်တိုင်က မရှုနိုင်မကယ်နိုင် ဖြစ်လို့နေ၏။

သူမ၏ယောက်ျားဖြစ်သူမှာ မနှစ်ကမှ နာတာရှည်ရောဂါဖြင့် ဆုံးပါးသွားရာ မသေဆုံးမီ ဆေးဝါးကုသစရိတ်တွေထောင်းပြီး ကြွေးမြီများစွာ တင်ခဲ့၏။ ယင်းကြွေးမြီတို့ကို အတိုးရော အရင်းပါ အလျှင်မီအောင် ဆပ်နေရသဖြင့် ရောင်းမကောင်းလှသေးသော သူမ၏ထမင်းဆိုင်ဝယ် အလုပ်သမားနောက်တစ်ဦး ထပ်ငှားဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်သည့် အခြေအနေဖြစ်၏။

အမျိုးသမီးကြီးက သက်ပြင်းရှည်ကြီးချလိုက်ပြီး . . .

"ငါ့ညီမကို စာနာစိတ်နဲ့ ကူညီချင်ပါတယ်ကွယ်၊ ဒါပေမယ့် အစ်မဆိုင်က ဖောက်သည်မရသေးတော့ သိပ်ရောင်းမကောင်းသေးဘူးကွယ့်၊ ဒါကြောင့် အစ်မမှာ အပိုငွေမထွက်အောင်ဆိုပြီး အလုပ်သမားမငှားဘဲ ကိုယ်တိုင်အပင်ပန်းခံပြီး ချက်ပြုတ်ရောင်းချနေရ





တာပါ"

ဟုပြောလိုက်လေရာ သူဇာ၏မျက်နှာလေးမှာ ညှိုးကျသွားရာမှ . . .

"ကောင်းပါပြီ အစ်မရယ်၊ ဒါဆိုလည်း အခြားမှာပဲ သူဇာ အလုပ်ရှာလိုက်ပါဦးမယ်"

ဟု ခပ်တိုးတိုးဆိုကာ ဆိုင်ထဲမှလှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ် ဦးငွေစိုးက ၄င်းမိန်းကလေးအား ပြုံးပြုံးကြီး ကြည့်လိုက်ပြီး . . .

"ဒီမှာ သူငယ်မ၊ မင်းက ဒီဆိုင်မှာ ထမင်းချက်ဟင်းချက် အလုပ်တောင်းရအောင် သူငယ်မက ထမင်းဟင်းအချက်အပြုတ် ကောင်းကောင်းတတ်လို့လားကွယ့်"

ဟုမေးလိုက်ရာ မိန်းကလေးက ဦးငွေစိုးဘက်လှည့်ကာ တည့်တည့်ကြည့်လိုက်ပြီး သိမ်မွေ့စွာ ပြုံးလျက်မှ . . .

"အချက်အပြုတ်အလုပ်ကို သူဇာကောင်းကောင်းတတ်ပါတယ်ရှင့်"

"ကောင်းပြီလေ၊ ကျုပ်က သူငယ်မကို အလုပ်ပေးချင်ပါတယ်၊ ကျုပ်ရဲ့အမည်က ဦးငွေစိုး၊ ကျုပ်က ဘောင်ဒရီလမ်း (ယခု ဓမ္မစေတီလမ်း) မှာနေပါတယ်၊ ကျုပ်ရဲ့အိမ်မှာ ထမင်းချက်မယ့် လူလိုနေတယ်၊ သူငယ်မလုပ်နိုင်ရင် ကျုပ်ရဲ့အိမ်ဆီ လိုက်ခဲ့ပေတော့၊ စရိတ်ငြိမ်းတစ်လ နှစ်ဆယ်ကျပ် ပေးမယ်၊ နေစရာလည်း ပေးမယ်"

ဟုပြောလိုက်ရာ အတန်ငယ် ညှိုးကျလျက်ရှိသေ မိန်းက လေး၏မျက်နှာလှလှလေးမှာ ဝင်းထိန်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒါဆို ဝမ်းသာစရာပဲ ဦးကြီးရယ်၊ သူ . . သူဇာ အဲဒီအလုပ်ကို လုပ်ချင်ပါတယ်ရှင်"

ဟု ရှိသေလေးစားသော အမူအရာဖြင့် ပြောလိုက်သည်နှင့် ဦးငွေစိုးသည်လည်း လွန်စွာကျေနပ်သွားသည့် လက္ခဏာဖြင့် သူ၏နှုတ်ခမ်းမွေးကားကားကြီးကို ပိုမိုကားသွားအောင် အဖျားနှစ်ဖက်ကော့တက်သွားသည်အထိ အားရပါးရ ပြုံးလိုက်လေ၏။ ပြီးနောက် . . .

"ကောင်းပြီလေ . . . ဒါဆို သူငယ်မ ကျုပ်နဲ့ ခုပဲလိုက်ခဲ့ပေတော့"

ဟုပြောပြီး ထိုင်ရာက ထလိုက်လေ၏။ မိန်းကလေးက တောင်းဆိုလိုသည့် မျက်နှာထားဖြင့် . . .

"ဟို . . . ဟို . . . သူ . . . သူဇာတည်းခိုနေတဲ့ သီလရှင်ကျောင်းကို ခဏပြန်ပါရစေဦးရှင်၊ အဲဒီမှာ သူဇာရဲ့အဝတ်အစားသေတ္တာရှိနေလို့ပါ၊ သေတ္တာယူရင်း သီလရှင်ဆရာကြီးကိုလည်း အလုပ်နဲ့ နေစရာရပြီဖြစ်ကြောင်း ပြောပြနှုတ်ဆက်ချင်လို့ပါ"

ဟုပြောပြလိုက်ရာ ဦးငွေစိုးလည်း သဘောပေါက်နားလည်ကြောင်း တစ်ချက်ပြုံးလိုက်ပြီး . . .

"ဒီလိုလုပ်လေ၊ ကျုပ်တို့ မြင်းရထားနဲ့ပဲ သွားကြတာပေါ့၊ ကလေးမတည်းခိုတဲ့ သီလရှင်ကျောင်းရှိတဲ့ ငါးထပ်ကြီးဘုရားဘက်ကို အရင်သွားမယ်၊ အဲဒီနောက်မှ ကျုပ်အိမ်ရှိရာ ဘောင်ဒရီလမ်း (ယခုဓမ္မစေတီလမ်း) ဘက်သွားကြတာပေါ့"





ထို့နောက် နှစ်ဦးသား ဆိုင်ထဲမှ လှမ်းထွက်သွားပြီး လမ်းပေါ်မှ ဖြတ်မောင်းသွားသည့် ရထားလုံးတစ်စီးကို လှမ်းတားလိုက်လေ၏။ သူတို့နှစ်ဦး ၎င်းရထားလုံးနှင့် လိုက်ပါသွားသည်နှင့် ဆိုင်ရှင်အမျိုးသမီးကြီးမှာ ငေးကြည့်ကျန်ရစ်ရင်းမှ သူမ၏ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်လေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

အော်စတင်ကားနက်လေးတစ်စီးသည် သွေးဆေးကန်မုခ်ဘက်မှနေ၍ ကန်တော်မင်ပန်းခြံဘေးသို့ဖြတ်ကာ စက်သံမှန်မှန်ဖြင့် မောင်းနှင်လာရာမှ လွန်စွာလူသူအသွားအလာကျဲပြီး လူသူပြတ်လပ်သော နေရာအရောက်ဝယ် စက်သံမမှန်တော့ဘဲ တုန့်ခနဲ တုန့်ခနဲ ဖြစ်လာကာ ကားလမ်းဘေးတစ်နေရာသို့ ထိုးရပ်သွားလေ၏။

ထိုအခါ ကားနောက်ခန်းဝယ် ဆိတ်ငြိမ်စွာ လိုက်ပါလာသူ ခန့်ခန့်ချောချော အမျိုးသမီးမှာ မျက်မှောင်ကုတ်လိုက်ပြီး ကားစက်ပြန်နိုးဖို့ ကြိုးစားနေသော ဒရိုင်ဘာအား အပြစ်တင်စကားဆိုလေတော့၏။

"ကဲ . . . ဘယ်လိုလဲ ကိုစိန်အိုး၊ ရှင့်ကားက ဒီနေ့အဖို့





မြေနီကုန်းကို ရောက်ပါဦးတော့မလား၊ မြို့ထဲကအလာ လမ်းမှာပဲ နှစ်ခါရှိပြီ စက်ရပ်သွားတာ၊ ခုရော ဘယ်လိုဖြစ်ပြန်ပြီလဲ"

ဟုပြောလိုက်ရာ အသားမည်းမည်း၊ ပိန်ခြောက်ခြောက်၊ သွားခေါခေါနှင့် ဒရိုင်ဘာမှာ သူ၏ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်ပြီး . . .

"ဆီပိတ်သွားပြီထင်တယ် မမလေး"

ဟု ခပ်ညည်းညည်း ဆိုလိုက်ပြီးနောက် ကားတံခါးဖွင့်ပြီး ကားပေါ်မှဆင်းသွားကာ ကားစက်ဖုံးကိုဖွင့်လျက် ကားစက်ခေါင်းထဲသို့ ဟိုနှိုက်ဒီနှိုက် လုပ်လေတော့၏။

ကားပေါ်မှ အမျိုးသမီးက စိတ်မရှည်ဟန်ဖြင့် ဗျစ်တောက်ဗျစ်တောက် ရေရွတ်ရင်း ကားနောက်ခန်းတံခါးကိုဖွင့်ကာ ကားပေါ်မှဆင်းလာပြီး ကား၏နံဘေးကိုမှီရင်း လက်ပိုက်ရပ်လျက် ရှိလေ၏။ သူမ၏နှုတ်ခမ်းမှာလည်း စူလျက်ရှိနေ၏။

ထိုစဉ် ကန်တော်မင်ပန်းခြံဘက်မှ ကုလားဒိန်လူရွယ်နှစ်ဦး လျှောက်လာနေ၏။ သူတို့နှစ်ဦး ကားအနီးသို့ တဖြည်းဖြည်းရောက်လာရာ သူတို့၏သိမ်းငှက်မျက်လုံးကဲ့သို့ စူးရဲသော အကြည့်များက အဖြူရောင်ဇာအကျီလက်ပြတ်လေးနှင့် ငွေနားကွပ်လေးများပါသော ရေတီလုံချည်ကို လှပကြန့်ရွစွာ ဝတ်ဆင်ထားပြီး တစ်တောင်ခန့်ရှိသော မိချောင်းသားရေဖြင့် ပြုလုပ်ထားသည့် အကောင်းစားပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်ထားသည့် အမျိုးသမီးချောချောကြီးအား စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေကြရာမှ သူတို့အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်ပြလိုက်ကြပြီး . . .

"ယူနွတ်ရေ . . . အကွက်ကောင်း တွေ့ပြီဟေ့၊ လက်လည်း မနှေး၊ ခြေလည်း မနှေးစေနဲ့နော်"

ဟု အရပ်ရှည်ရှည် အသားမည်းမည်းနှင့်လူက ပြောလိုက်ရာ ယူနွတ်ဟူသော ခပ်ပုပု၊ ဂင်တိုတို၊ ရုပ်ဆိုးဆိုးလူက ပြုံးလိုက်ပြီး-

"ဟား . . . ဟား . . . ဟား . . . ယူနွတ်အကြောင်း မင်းအသိဆုံးပါကွာ"

သူတို့နှစ်ဦးမှာ လမ်းဘေးကပ်လျှောက်ရင်း ကားရပ်ထားရာ အနီးသို့ ရောက်ရှိလာတော့၏။

လူပြတ်သော နေရာတွင်မှ ကားပျက်သဖြင့် စိတ်တိုစိတ်ညစ်နေသော မိန်းမချောမှာ သူမဖာသာ ကွဲမြီးတိုလျက်ရှိရင်းမှ သူမတို့ဆီ ဦးတည်လျှောက်လာနေသော ဘောင်းဘီဝတ်ကုလားဒိန်လိုလိုလူနှစ်ဦးအား သတိမူမိသွားကာ ရင်ထဲဝယ် ထိတ်ခနဲ ဖြစ်သွားတော့၏။

သူမတို့ရှိနေရာသို့ လမ်းနံဘေးအတိုင်း မယောင်မလည်လျှောက်လာနေသူနှစ်ဦးမှာ လူဆိုးတွေများ ဖြစ်နေမှဖြင့်ဟူသော စိုးရိမ်စိတ်ဖြင့် သူမမှာ ကားထဲသို့ပင် ပြန်ဝင်ထိုင်ရန်းနိုး၊ ခပ်တည်တည်ဖြင့် ဆက်ရပ်ရန်းနိုး ဇဝေဇဝါဖြစ်နေစဉ် အနီးသို့ရောက်လာသော ကုလားဒိန်တစ်ဦးက စပ်ဖြီးဖြီးမျက်နှာဖြင့် . . .

"ဟဲလို . . . ဒီက မမ ကားပျက်နေလို့လားဗျ၊ ကျွန်တော်တို့ ကူညီပြင်ပေးပါရစေနော်"





ဟုဆိုကာ ဖြိတီတီကြည့်ရင်း အမျိုးသမီးနားသို့ တိုးလာသည်နှင့် အမျိုးသမီးက မျက်နှာကို တင်းလိုက်ပြီး . . .

"အို . . . မလိုပါဘူး၊ ရှင်တို့ခရီး ရှင်တို့သွားပါ"

ဟု ခါးခါးသီးသီး တုန့်ပြန်လိုက်၏။

ယင်းအသံများကြောင့် ကားစက်ခေါင်းအတွင်း ခေါင်းစိုက်ခင်လျက်ရှိသော ဒရိုင်ဘာကိုစိန်အိုးမှာ ကပျာကသီ မော့ကြည့်လိုက်စဉ်မှာပဲ အရပ်ရှည်သည့် ကုလားဒိန်က အမျိုးသမီး၏ချိုင်းကြားမှ ပိုက်ဆံအိတ်ကို ဆွဲယူလိုက်လေ၏။

"အို . . . လွှတ် . . . လွှတ် . . . ဘာလုပ်တာလဲ"

ကိုစိန်အိုးမှာ ထိတ်ထိတ်ပျာပျာဖြင့် ကပျာကယာ ပြေးသွားပြီး . . .

"ဟာ . . . နောင်ကြီးတို့ မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့"

ဟု ခြေကားယား၊ လက်ကားယားဖြင့် တောင်းပန်လိုက်စဉ် ကုလားဒိန်တစ်ဦးက ခွပ်ကနဲ ထိုးထည့်လိုက်ရာ စိန်အိုးမှာ လမ်းပေါ်သို့ ပက်လက်လန်လဲကျသွားတော့၏။

နောက်ကုလားဒိန်တစ်ဦးကလည်း လှိမ့်ကန်လိုက်ရာ . . .

"မလုပ်ပါနဲ့ . . . မလုပ်ပါနဲ့"

ဟု အော်ဟစ်တောင်းပန်လေတော့၏။

ထို့နောက် ကုလားဒိန်တစ်ဦးက အမျိုးသမီးကို နောက်ဘက်မှ ပြေးချုပ်လိုက်စဉ် နောက်တစ်ဦးက **အမျိုးသမီး၏ရှေ့မှနေ၍** ပိုက်**ဆံအိတ်ကို အတင်းဆွဲလုလေ၏။**



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ ပြေးလွှားလာသော ခြေသံတဖျတ်ဖျတ်နှင့်အတူ ဘောင်းဘီရှည်အနက်ရောင်နှင့် ရှပ်အင်္ကျီလက်တိုအပြာရင့်ရောင် ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးမှာ အနားသို့ ရုတ်တရက် ရောက်ရှိလာပြီး . . .

"ဟော့လူတွေ . . . ဘာလုပ်တာလဲ၊ ခုလွှတ်လိုက်စမ်း"

ဟု ခန့်ညားအောင်မြင်သော အသံဖြင့် အော်ဟစ်လိုက်ရာ အမျိုးသမီးမှာလည်း အားတက်သွားပြီး . . .

"မောင်လေးရယ် . . . လုပ်ပါဦး၊ သူတို့ မမရဲ့ပိုက်ဆံအိတ်ကို အတင်းလုနေကြတာ"

ဟု အသံတုန်တုန်ဖြင့် ပြောလိုက်သည်နှင့် လူငယ်မှာ ဘာမှုဆက်ပြောမနေတော့ဘဲ ယူနွတ်ဟူသည့် ကုလားဒိန်ကို လက်သီးဖြင့် လျှပ်တပြက် ထိုးချလိုက်လေ၏။

ခွပ်ခနဲအသံနှင့်အတူ ၎င်းကုလားဒိန်မှာ ပက်လက်လန်လဲကျသွားရာ နောက်ကုလားဒိန်တစ်ဦးက အမျိုးသမီးကို ချုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး သူ၏ခါးကြားမှ ဓါးမြှောင်ကို ဆွဲထုတ်လိုက်၏။

"တောက် . . . လူစွာဝင်လုပ်တဲ့ကောင် သေစမ်းကွာ"

ဟု မာန်ဖီပြောဆိုကာ လူငယ်ကို ခုန်အုပ်ပြီး ဓါးမြှောင်ဖြင့် ထိုးလေ၏။

သို့သော် လူငယ်က သတိကြီးစွာဖြင့် ဖျတ်ခနဲ နံဘေးသို့ ဘယ်ခြေရှေ့ဆန့်ထုတ်ကာ ရှောင်လိုက်ပြီး ညာလက်ဖျံဖြင့် ဓါးကိုင်ထားသော လက်ကိုပုတ်ထုတ်လျက် ညာဒူးဖြင့် ဆီးခုံကို ပြင်းစွာတိုက်





လိုက်ရာ ထိုသူမှာ အားခနဲနာကျင်စွာ အော်ဟစ်ကာ ဓါးကိုလွှတ်ချလိုက်၏။ သူ၏ဆီးခုံကို လက်နှစ်ဖက်ဖြင့်နှိပ်ရင်း လမ်းပေါ်သို့ ပစ်ကျသွားပြီး လူးလှိမ့်ရင်း ပြန်မထနိုင်တော့ဘဲ တအီးအီး ငြီးတွားနေတော့၏။

ယူနွတ်ဟူသော ကုလားဒိန်မှာ သူ၏နှုတ်ခမ်းဘယ်ဘက်စွန်းမှ စီးလာသည့်သွေးကို ဘယ်လက်ခုံဖြင့် သုတ်လိုက်ပြီး သူ၏ညာလက်က ခါးကြားမှာ ထိုးထားသည့် သံပုဆိန်အား ထုတ်ယူလိုက်၏။

ပဲကွပ် (ခေါ်) သံပုဆိန်ငယ်လေး၏အသွားမှာ ထက်မြပြောင်လက်လျက်ရှိကာ ယင်းသံပုဆိန်ငယ်ကို လက်ဝယ်ဆကာ ကစားရင်း လူငယ်အနီးသို့ တိုးလာလေ၏။

လူငယ်က ရဲရင့်တည်ကြည်သော မျက်နှာဖြင့် ကုလားဒိန်၏သံပုဆိန်ကိုင်ထားသော လက်ကိုစိုက်ကြည့်ရင်း တည်ငြိမ်စွာရပ်လျက် စောင့်နေလေ၏။ ထိုစဉ်မှာပဲ ကုလားဒိန်က . . .

"ကဲကွာ . . ."

'ဝှီးခနဲ' လေကိုဖြတ်ခွင်းလာသည့် သံပုဆိန်ကိုင်လက်ကို လူငယ်က ရှေ့တစ်လှမ်းတိုးရင်းမှ ညာလက်ဝါးစောင်းဖြင့် ဖြတ်ခုတ်လိုက်ရာ ပြင်းထန်သော လက်ဝါးစောင်းခုတ်ချက်ကြောင့် ကုလားဒိန်၏လက်မှာ ကျင်ခနဲဖြစ်သွားပြီး လက်ထဲမှ ပုဆိန်ငယ်သည်လည်း လွှတ်ကျသွားတော့၏။

ထိုအခါတွင်မှ လူငယ်သည် နောက်ပြန်တံတောင်ဖြင့် ခွန်ရှိက်



www.burmeseclassic.com

www.burmeseclassic.com



ကို တွက်ထည့်လိုက်၏။ ကုလားဒိန်မှာ အီးခနဲ အော်ညည်းကာ ရှေ့သို့စိုက်ကျသွားတော့၏။ ထိုအခိုက်မှာပဲ လူငယ်က ဘယ်ခြေ ရှေ့တစ်လှမ်းတိုးကာ နောက်ပြန်ခြေစောင်းကန်ချက်ဖြင့် ကုလားဒိန်၏မျက်နှာအား ခွပ်ခနဲ ကန်ထည့်လိုက်၏။

'ဖောက်' ဟူသော အသံနှင့်အတူ ကုလားဒိန်၏နှာခေါင်း ရိုးကျိုးသွားပြီး သွေးတို့ ဖြာခနဲထွက်လာကာ 'အားရိုးရိုး' ဟု ညည်းငြူလျက် လက်တစ်ဖက်က အရှိုက်ကိုဖိ၊ နောက်လက်တစ်ဖက်က နှာခေါင်းကိုအုပ်ကာ လမ်းပေါ်သို့ ခွေလဲကျသွားတော့၏။

အမျိုးသမီးချောကြီးနှင့် စိန်အိုးဟူသည့် ဒရိုင်ဘာပိန်ခြောက် ခြောက်တို့မှာ ကြမ်းရမ်းခက်ထန်သန်စွမ်းလှသည့် ကုလားဒိန်လူဆိုး လူမိုက်နှစ်ဦးအား အထိနာပြီး မလှုပ်နိုင်အောင် သေသပ်လှပစွာ တိုက်ခိုက်အလဲထိုးလိုက်နိုင်ခဲ့သည့် လူငယ်အား လွန်စွာအံ့သြသဘော ကျစွာ ငေးကြည့်လိုက်ပြီး . . .

"မောင်လေးရယ် . . . ကျေးဇူးတင်လိုက်တာကွယ်၊ မောင် လေးအချိန်မီရောက်လာပေလို့သာပဲ"

မိန်းမချောက ကျေးဇူးတင်စကားဆိုရင်း သူမ၏ဒရိုင်ဘာ ကို အလိုမကျစွာ မျက်မှောင်ကုတ်လျက် ဖျတ်ခနဲ လှည့်ကြည့်လိုက် ပြီး . . .

"ကိုစိန်အိုးတို့ကတော့လေ . . . အရေးကြုံလာရင် ဘာမှ အားမကိုးရဘူး၊ ယောက်ျားဖြစ်ပြီး ဗလကလည်း မရှိ၊ အတိုက်အခိုက် အသတ်အပုတ်ကလည်း မတတ်"





ဟုဆိုလိုက်ရာ ကိုစိန်အိုးမှာ မျက်လုံးလေးပေကလပ်၊ ပေ ကလပ်ပြုရင်း . . .

"ဟုတ် . . . ဟုတ်ကဲ့ မမကေသီ . . . နောက်ဆိုရင် ဗလ ကောင်းအောင် ဝိတ်တွေဘာတွေ မ,ပါ့မယ်၊ ပြီးတော့ ထိုးတာကြိတ် တာတွေတတ်ဖို့ သိုင်းတွေဘာတွေလည်း သင်ပါ့မယ်"

"တော်ပါ . . . တော်ပါ . . . သူခိုးပြေးမှ ထိုးကွင်းထမနေ ပါနဲ့တော့"

ထိုစဉ် ကုလားဒိန်လူဆိုးလူမိုက်နှစ်ဦးမှာ လဲကျနေရာမှ ဒယိမ်းဒယိုင်ဖြင့် ထကြရင်း လူငယ်နှင့် အမျိုးသမီးတို့အား မကျေ မနပ်နှင့်ကြည့်ကာ တစ်ဦးကိုတစ်ဦး လက်ဆွဲဖေးမလျက် ကန်တော် မင်ပန်းခြံဘက်ဆီသို့ ထွက်ခွာသွားကြတော့၏။

လူငယ်က အမျိုးသမီးချောအား ကြည့်လိုက်ပြီး . . .

"ကဲ . . . ကားက ဘာဖြစ်လို့လဲ၊ စက်ပျက်သွားလို့လား၊ ဒီနေရာက လူပြတ်ပြီး လုယက်တာတွေ ပေါတယ်၊ မမတို့ ဒီနေရာ ကနေ မြန်မြန်သွားကြရင် ကောင်းမယ်"

ဟုပြောလိုက်ရာ ကိုစိန်အိုးက . . .

"ကားက ဆီပိတ်သွားလို့ပါ၊ ခုကောင်းသွားမှာပါ"

ဟု ပျာပျာသလဲပြောရင်း ကားခေါင်းဘက် ပြန်ပြေးသွား ၏။ ကားစက်ခေါင်းထဲသို့ ခေါင်းပြန်စိုက်လျက် ဟိုနှိုက်ဒီနှိုက်လုပ် နေပြန်၏။

ထိုအခါတွင် ကေသီဟူသော အမျိုးသမီးက ကားဘော်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျောမှီပြီး လက်ပိုက်ရပ်လိုက်လျက် လူငယ်အား ပြုံးကြည့်လိုက်၏။ ပြီးနောက် . . .

"မမရဲ့နာမည်က ကေသီတိုးလို့ ခေါ်ပါ၀. . . ဒရီလမ်း (ယခုခမ္မစေတီလမ်း) မှာနေပါတယ်၊ မြို့ထဲကအပြန် မြေနီကုန်းက ချစ်တီးထမင်းဆိုင်မှာ ဆိတ်သားဟင်းဝင်ဝယ်မလို့အလာ ဒီနေရာမှာ ကားပျက်ပြီး ခုလိုဒုက္ခတွေ့ရတော့တာပါပဲကွယ်၊ ငါ့မောင် ရောက်လာပေလို့"

ဟု ချိုချိုအေးအေးလေသံဖြင့် ပြောလိုက်ရင်း . . .

"ငါ့မောင်နာမည်ကရော ဘယ်သူတုန်းကွယ့်"

ဟုမေးလိုက်ရာ အသားညိုသော်လည်း နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း၊ မေးရိုးတောင့်တောင့်နှင့် ယောက်ျားပီသ မြန်မာဆန်စွာ တည်ကြည်သော အသားညိုချောလူငယ်က အသာပြုံးလိုက်ပြီး . . .

"ကျွန်တော့်နာမည် ကျော်စွာလို့ ခေါ်ပါတယ် . . . မမ"

"ဩော် . . ဒါနဲ့ ငါ့မောင်က ဒီရန်ကုန်ကပဲလား၊ ဒီကန်တော်မင်ပန်းခြံဘက် အပန်းဖြေဖို့ လာတာလား"

"ကျွန်တော့်ရဲ့ဇာတိက မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းကပါ မမ၊ ဝါးဖြူတောင်နားက ပင်လယ်ကမ်းစပ်တံငါရွာလေးကပါ။ ကျွန်တော်အရွယ်ရောက်ခါစမှာ မိဘနှစ်ပါးဆုံးပါးသွားလေတော့ ပုသိမ်မြို့ကိုတက်လာပြီး ဆိပ်ကမ်းကူလီ၊ မြင်းလှည်းသမားအလုပ်တွေ လုပ်ရာက ကားဝပ်ရှော့တစ်ခုမှာ အလုပ်သင်အလုပ်သမားအနေနဲ့





လုပ်ခဲ့ပါတယ်။

နောက် ကျွန်တော့်ဝပ်ရှော့ဆရာ သေသွားတာနဲ့ ပုသိမ်မှာ ဆက်မနေချင်တော့လို့ ရန်ကုန်တက်လာပြီး ဝပ်ရှော့တစ်ခုခုမှာ အလုပ်ရလိုရငြား ရှာဖွေနေသူပါ၊ ဒီနေ့တော့ ရွှေတိဂုံဘုရားဖူးချင်တာနဲ့ ကျွန်တော်တည်းခိုနေတဲ့ သရက်တောကျောင်းတိုက်ဘက်ကနေ လမ်းလျှောက်လာခဲ့ရာက ဘုရားဝင်ဖူး၊ ပြီး ဘုရားပေါ်ကဆင်းတော့ ကန်တော်မင်ပန်းခြံဘက် မရောက်ဘူးလို့ လာခဲ့တုန်း မမတို့နဲ့ ခုလို ဆုံရတာပါပဲ ခင်ဗျာ"

ဟု သူ၏ဘဝဖြစ်စဉ်ကိုပါ ရှည်လျားစွာ ရှင်းပြလိုက်ရာ ကေသီတိုးမှာ ကျော်စွာအား ခပ်စူးစူးလေး စိုက်ကြည့်ရင်း တစ်စုံတစ်ရာကို တွေးတောစဉ်းစားလျက် ရှိနေလေ၏။

ထိုအခိုက်မှာပဲ ဒရိုင်ဘာကိုစိန်အိုး၏ ဟူးခနဲ သက်ပြင်းချသံကြီး ကြားလိုက်ရ၏။ သို့ကြောင့် ကေသီတိုးက စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်သူ စိန်အိုးအား လှည့်ကြည့်လိုက်ပြီး . . .

"ဘာဖြစ်လို့လဲ ကိုစိန်အိုး၊ ဘာလဲ . . . ကားက ပြင်လို့မရတော့ဘူးလား"

ဟု စိတ်မရှည်သံဖြင့် ခပ်မာမာ မေးလိုက်သည်နှင့် စိန်အိုးမှာ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်ပြုလျက် . . .

"ဟုတ်ပါတယ် မမလေးရယ်၊ ဆီပိတ်တယ်ပဲ မှတ်တာ၊ ခုတော့ ဘာဖြစ်မှန်းကို မသိပါဘူး"

ဟု ညည်းတွားပြောဆိုလိုက်၏။ ထိုအခါ ကျော်စွာက ကား



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်တစားကြည့်လိုက်ပြီး . . .

"ဒါဆို ကျွန်တော် မမရဲ့ကားကို ကြည့်ပေးပါရစေ"

ဟု ကူညီရန် ခွင့်ခတောင်းလိုက်ရာ စိတ်ညစ်သွားဟန်ရှိသော ကေသီတိုး၏မျက်နှာမှာ ဝင်းပသွားပြီး . . .

"ဩော် . . . ဟုတ်ပါရဲ့၊ ငါ့မောင်က ကားဝပ်ရှော့မှာ လုပ်ဖူးတာပဲ၊ ကူညီတဲ့သဘောနဲ့ ကြည့်ပေးပါ မောင်လေးရယ်၊ ကိုစိန်အိုးကို အားကိုးနေလို့ကတော့ ချစ်တီးထမင်းဆိုင်ကဟင်းလည်း စားရမှာ မဟုတ်တော့ဘူး၊ ညနေစာငတ်ကိန်းဆိုက်နေပြီ"

ကျော်စွာသည် အချိန်ဖင့်နွှဲမနေတော့ဘဲ ကားစက်ခေါင်းထဲသို့ ငုံ့ကြည့်လိုက်ပြီး ကားစက်၏ချို့ယွင်းချက်ကို စေ့စေ့စပ်စပ် ရှာဖွေလေတော့၏။

ကား၏ဆီပိုက်၊ ရေတိုင်ကီ စသည်တို့ကို သေချာစွာ စစ်ဆေးကြည့်ရှုနေရာမှ ကာဘရိုက်တာနှင့် ဆက်ထားသော ကြိုးတစ်ချောင်းပြုတ်ထွက်လျက်ရှိသည်ကို တွေ့ရရာ ဝက်အူလှည့်ဖြင့် ပြန်ဆက်ပေးလိုက်ပြီးနောက် ကိုစိန်အိုးအား စက်နှိုးခိုင်းကြည့်ရာ ကားစက်မှာ နိုးသွားတော့၏။

ကေသီတိုးက ကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"ဟော . . . ကြည့်တွေ့လား ကိုစိန်အိုး၊ ရှင်နဲ့ တူသလား"

ဟု ခပ်ငေါ့ငေါ့ပြောလိုက်ရာ ကားစတီယာရင် ကိုင်ထားရင်းမှ စိန်အိုးမှာ သူ၏ဟန်ပန်အတိုင်း မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း . . .





"မ . . . မတူပါဘူး မမကေသီ၊ သူက ကျော်စွာ၊ ကျွန်တော်က စိန်အိုးပါ . . . ဟီး"

ဟု စပ်ဖြီးဖြီးဖြင့် ပြောလိုက်လေ၏။ ကေသီတိုးက မျက်စောင်းတစ်ချက် ဒိုင်းကနဲ ပစ်လွှတ်လိုက်ပြီး ရှုတ်ချည်းဆိုသလို အကြည့်ကို ကျော်စွာဘက်သို့ လှည့်လိုက်ပြီး . . .

"ဒါနဲ့ မောင်လေး . . မင်းဒရိုင်ဘာအလုပ် လုပ်နိုင်မလား"

ဟုမေးလိုက်ရာ ကျော်စွာက အံ့ဩဝမ်းသာသည့် မျက်ဝန်းဖြင့် ကြည့်ရင်း . . .

"ဆွေမျိုးသားချင်း မှီခိုစရာမရှိတဲ့ ဒီရန်ကုန်မြို့တော်ကြီးမှာ ကျွန်တော့်အတွက် စားစရာနဲ့ နေစရာသာ ရမယ်ဆိုရင် ဘာအလုပ်ပဲ လုပ်ရလုပ်ရ လုပ်ရတော့မှာပါပဲ မမရယ်၊ ဒရိုင်ဘာအလုပ်ကတော့ ကျွန်တော်ကျွမ်းကျင်ပြီးသား အလုပ်ပါ၊ ရရင်တော့ လုပ်ချင်ပါတယ် ခင်ဗျာ"

ဟုပြောလိုက်ရာ ကေသီတိုးလည်း သဘောကျစွာ ပြုံးလိုက်ပြီး . . .

"ဒါဆို မမရဲ့အိမ်ကို လိုက်ခဲ့ပေတော့၊ ဘာမှအသုံးမကျတဲ့ ကိုစိန်အိုးကို ဒရိုင်ဘာရာထူးကနေ ခြံစောင့်မာလီရာထူးဆီ လျှော့ချပြီး မောင်ကျော်စွာကို မမရဲ့ဒရိုင်ဘာရာထူးမှာ ခန့်ထားမယ်ကွယ်၊ လစာကတော့ စားရိတ်ငြိမ်း သုံးဆယ်ပေးမယ်၊ ကဲ . . . လုပ်နိုင်မလား"

ဟု မျက်စလေးချီပြီး မေးလိုက်ရာ ကျော်စွာက ရွှန်စွာ

www.burmeseclassic.com



ဝမ်းမြောက်ပျော်ရွှင်သွားပြီး . . .

"ဩော် . . . လုပ်နိုင်ပြီလား မမရယ်၊ ကျွန်တော်လည်း ဘုန်းကြီးကျောင်းမှာ မှီခိုပြီး နေရတာ ရက်ကြာလာတော့ အားနာလှပြီ၊ ရှိစုမဲ့စု ပုသိမ်ကပါလာတဲ့ အသပြာလေးတွေလည်း ကုန်လုပြီ၊ ခါးပြတ်လုပြီ"

ဟုပြောလိုက်သည်နှင့် ကေသီတိုးကလည်း ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"ကဲ . . . ဒါဆို အခုအချိန်ကစလို့ ငါ့မောင်ဒရိုင်ဘာတာဝန်ထမ်းဆောင်ပေတော့၊ ကိုစိန်အိုး . . . ရှင် ဟိုဘက်ကို တိုးပေးလိုက်"

ဟု အမိန့်ပေးလိုက်ပြီးနောက် ကားနောက်ခန်းတံခါးကိုဖွင့်ကာ ကားပေါ်သို့ ဇွေ့ကနဲ တက်ထိုင်လိုက်၏။

ကျော်စွာက စက်ကိုနှိုးလိုက်ပြီးနောက် ကေသီတိုးအား လည်ပြန်ကြည့်လျက် . . .

"မမ . . . ကျွန်တော် သရက်တောကျောင်းတိုက်ဆီ ခဏဝင်ပါရစေ၊ အဲဒီမှာ ကျွန်တော့်ရဲ့အဝတ်သေတ္တာလေး ကျန်ခဲ့လို့ပါ၊ အဲဒီသေတ္တာကိုယူရင်း အသိဘုန်းတော်ကြီးကိုလည်း အလုပ်အကိုင်နဲ့ နေစရာရပြီဆိုတာကို လျှောက်ထားနှုတ်ဆက်ပါရစေ"

"ကဲ . . . သဘောအတိုင်းပါပဲ ငါ့မောင်ရယ်၊ မမကေသီတော့ ချစ်တီးထမင်းဆိုင်က ဆိတ်သားဟင်းကို ညစာနဲ့မှ ပေါင်းစားပါတော့မယ်"

ဟု ခပ်ရွှင်ရွှင်ကလေးပြောလိုက်သည်နှင့် အော်စတင်ကား





နက်လေးသည် ကန်တော်မင်ပန်းခြံနံဘေးမှ မြို့ထဲဘက်ဆီသို့ ချိုးကွေ့မောင်းထွက်သွားလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရန်ကုန်မြို့ဘောင်ဒရီလမ်း (ယခုဓမ္မစေတီလမ်း) ၏အလယ်ခန့်ရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခြံ၏အလယ်၌ အနီရောင်အုတ်ခဲများဖြင့် အကွက်ဖော်ကာ ဆောက်လုပ်ထားသော တိုက်အိမ်ကြီးမှာ လူနေတိုက်အိမ်တစ်လုံးထက် ရဲတိုက်ကြီးတစ်ခုနှင့် တူလှပေ၏။

ယင်းတိုက်အိမ်ကြီး၏ ရှေ့နှင့်ဘေးနှစ်ဖက်ရှိ ခြံဝင်းထဲဝယ် တရုတ်စံကားပင်ကြီးများ၊ ပန်းချုံနွယ်ပင်များကို လှပစွာ စိုက်ထားပြီး တိုက်၏မျက်နှာစာရှိ ဆင်ဝင်အောက်သို့ ခြံရှေ့ဘယ်ဘက်တံခါးပေါက်နှင့် ညာဘက်တံခါးပေါက်တို့မှ ခင်းထားသော ကတ္တရာခင်းလမ်းမှာ ကွေ့ဝိုက်ဝင်လာကာ ယင်းလမ်း၏ဘေးဘယ်ညာဝယ် အပွင့်နီနီတို့ ပွင့်နေသည့် ပုဏ္ဏားရိုပ်ပန်းပင်တန်းက သေသပ်လှပစွာ ရှိနေ





ပါ၏။

သံတိုင်များဖြင့် ကာရံထားသည့် ခြံဝင်းကြီးထဲသို့ လက်ျာဘက်တံခါးဝမှ မောင်းဝင်လာသော အော်စတင်ကားနက်လေးမှာ ဘေးတစ်ဖက်တစ်ချက်ဝယ် ပုဏ္ဏားရိုပ်ပန်းပင်တန်း တည်ရှိနေသော ကတ္တရာခင်းလမ်းကလေးအတိုင်း ဘီးလှိမ့်ဝင်လာရာမှ ဆင်ဝင်ပေါ်တီကိုအောက်ဝယ် ငြိမ့်ကနဲ ထိုးရပ်သွားလေ၏။

ကားရပ်လျှင်ရပ်ချင်း ကားနောက်ခန်းတံခါးက ပွင့်သွားလျက် ကားထဲမှ ကေသီတိုးထွက်လိုက်ပြီးသည်နှင့် ရှေ့ခန်းရှိ ကျော်စွာအား ငုံ့ကြည့်လိုက်ပြီး . . .

"ကဲ . . . မောင်လေး၊ ဂိုဒေါင်ထဲ ကားသွင်းပြီးရင် အိမ်ထဲလာခဲ့ဦး၊ မမရဲ့အစ်ကိုကြီး ဦးငွေစိုးနဲ့ တွေ့ပေးဦးမယ်"

ဟု ခပ်ပြုံးပြုံးပြောလိုက်ပြီးသည်နှင့် စိန်အိုးအား မျက်မှောင်ကုတ်၍ကြည့်ရင်းက . . .

"ကဲ . . . ကိုစိန်အိုးက ကားဂိုဒေါင်ဖွင့်ပေးပြီး ကားသွင်းထားရမယ့်နေရာ ပြပေးလိုက်ပါဦး၊ ပြီးရင် မောင်ကျော်စွာနေဖို့ အခန်းရှင်းပေးလိုက်"

ဟု အမိန့်ပေးလိုက်ပြီးသည်နှင့် အိမ်ကြီးထဲသို့ ဝင်ရောက်သွားတော့၏။

တိုက်အိမ်ကြီးထဲမှ ဧရာမဧည့်ခန်းကြီး၏ ဆိုဖာဆက်တီခုံကြီးဝယ် ဦးငွေစိုးမှာ မိန့်မိန့်ကြီးထိုင်လျက်ရှိ၏။ ဆိုဖာဆက်တီခုံများ၏နံဘေး၌ အိမ်ဖော်မလေးမြသန်းနှင့် မြနှစ်တို့ညီအစ်မမှာ ခပ်ငိုငိုသို့



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေကြပြီး ပဒုမ္မာအင်္ကျီနှင့် စူရတီထဘီလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားကာ တစ်ပက်လျှိုဆံထုံးထက်ဝယ် နှင်းဆီပန်းတစ်ပွင့်ကို လှပစွာ ပန်ဆင်ထားသည့် မိန်းမချောလေးတစ်ဦးမှာ ဦးငွေစိုး၏ ရှေ့ရှိ ဆက်တီဝယ် ထိုင်လျက်သား ရှိနေသည်ကို တွေ့ရ၏။

သူမ၏နံဘေးကြမ်းပြင်ဝယ် သားရေသေတ္တာတစ်လုံးကိုလည်း တွေ့လိုက်ရသဖြင့် ကေသီတို့မှာ အံ့ဩသွားပြီး . . .

"အစ်ကိုကြီး . . . သူက ဘယ်သူလဲ"

ဟု အံ့ဩနားမလည်သည့် မျက်ဝန်းနှင့် မေးလိုက်ရာ ဦးငွေစိုးက သဘောကျစွာ ပြုံးလိုက်ပြီး . . .

"ညီမလေး ကေသီရေ၊ သူ့နာမည်က သူဇာလို့ခေါ်တယ် ဇာတိကတော့ ရှမ်းပြည်နယ်ဘက်ကပဲ၊ ဒီအိမ်မှာ ထမင်းဟင်းချက်တာဝန်ထမ်းဆောင်ဖို့ အစ်ကိုကြီး ဒီညနေမှာပဲ ခန့်ထားလိုက်တဲ့ မိန်းကလေးပေါ့"

ဟုပြောလိုက်ရာ ကေသီတို့က ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရင်း . . .

"ဪ . . . ဒီက ညီမငယ်က မမကေသီတို့အိမ်မှာ အလုပ်ဝင်မယ့်သူကိုး"

ဟု သူဇာအား အကဲခတ်ကြည့်လျက် နှုတ်ခွန်းဆက်အသိအမှတ်ပြုသလို ပြောလိုက်ပြီး အစ်ကိုဖြစ်သူဘက်လှည့်ကာ . . .

"ညီမက သူ့ကို ဆွေမျိုးသားချင်းထဲက ဧည့်သည်ရောက်လာတာလားလို့ ထင်မိတာ အစ်ကိုကြီးရဲ့၊ အင်း . . . တိုက်တော





တိုက်ဆိုင်နေပြီ၊ အစ်ကိုကြီးက ဟောဒီက ကလေးမကို ထမင်းချက်အဖြစ် ဒီနေ့ခန့်ထားလိုက်သလို ညီမလေးကလည်း မောင်ကျော်စွာဆိုတဲ့သူငယ်ကို ဒီနေ့ပဲ ဒရိုင်ဘာအဖြစ် ခန့်ထားလိုက်ပြီ အစ်ကိုကြီးရဲ့"

ဟုဆိုကာ ကျော်စွာနှင့် ဆုံဆည်းခဲ့ရပုံကို စီကာပတ်ကုံး ပြောပြလိုက်လေရာ သူမ၏စကားအဆုံးဝယ် ဦးငွေစိုးက သက်မတစ်ချက်ချလိုက်ပြီး . . .

"အေးကွယ် . . . အေး . . . အေး . . . ငါ့ညီမလေး အပြင်တွေဘာတွေသွားတဲ့အခါ အားကိုးလောက်တဲ့ ဒရိုင်ဘာနဲ့သွားတော့ အစ်ကိုကြီးစိတ်ချရတာပေါ့၊ စိတ်လည်း အေးရတာပေါ့"

"ဟုတ်တယ် . . အစ်ကိုကြီးရဲ့၊ ဒီက ညီမရောက်လာတော့လည်း အိမ်ထမင်း၊ အိမ်ဟင်းကို ကောင်းကောင်းစားရတာပေါ့၊ ဒေါ်ကြော့ဝေ ဘားအံပြန်သွားကတည်းက ဟိုတယ်တို့ ဆိုင်တို့က ဟင်းတွေချည်း ဝယ်ဝယ်စားနေရတာ ညီမဖြင့် ငြီးငွေ့လှပြီ အစ်ကိုကြီးရဲ့"

ဟုပြုံးလျက် ပြောလိုက်သည်တွင် ဦးငွေစိုးလည်း ကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"ကဲ . . . သူဇာရေ၊ သူဇာရောက်လာတာကို ကျုပ်ရဲ့ညီမက သဘောကျနေပြီ၊ ဒီနေ့ညစာတော့ ရှိပါစေတော့၊ မနက်ဖြန်မနက်ကစပြီး သူဇာရဲ့ဟင်းချက်လက်ရာအစွမ်းကို ပြလိုက်ပေတော့"

ဟု ခပ်ရွှင်ရွှင်ပြောလိုက်ပြီးသည်နှင့် အိမ်ဖော်မလေးမှာ ဘက်လှည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မြနှစ်တို့ညီအစ်မကလည်း သူဇာကို မီးဖိုချောင်မှာ ကူညီလုပ်ကိုင်ပေးကြ၊ မင်းတို့ရဲ့အခန်းဘေးက အခန်းကိုရှင်းပြီး သူဇာကို နေထိုင်ဖို့ စီစဉ်ပေးလိုက်ကြ"

ဟု အမိန့်ပေးလိုက်လေ၏။ ထို့နောက် အိမ်ဖော်မလေးနှစ်ဦးက သူဇာ၏အဝတ်သေတ္တာကို ကူဆွဲလိုက်ပြီး ဦးဆောင်လျက် နောက်ဖေးဆောင်ဘက်သို့ ခေါ်သွားလေတော့၏။

"ဒါနဲ့ ညီမလေးကေသီခေါ်လာတဲ့ ဒရိုင်ဘာအသစ် မောင်ကျော်စွာဆိုတာ"

ဟုမေးမြန်းလိုက်စဉ်မှာပဲ အိမ်ရှေ့တံခါးဝမှနေ၍ ကျော်စွာက လှမ်းလျှောက်ဝင်လာရာ ကေသီတိုးက ပြုံးလိုက်ပြီး . . .

"ကဲ . . . အဲဒါပါပဲ မောင်ကျော်စွာဆိုတာ"

ဦးငွေစိုးက ကျော်စွာကို အကဲခတ်သလို ကြည့်လိုက်ပြီး-

"အေး . . . ဒီနေ့ရောက်လာတဲ့ ထမင်းချက်နဲ့ ဒရိုင်ဘာကတော့ သူတို့လုပ်မယ့်အလုပ်တွေနဲ့ မထိုက်တန်အောင်ကို ဥပမိရုပ်တွေ ကောင်းကြပါပေရဲ့"

ဟု မှတ်ချက်ပြုလိုက်လေတော့၏။

အရင်က အိမ်နီကြီးဟုခေါ်လေ့ရှိသော ဘောင်ဒရီလမ်းမှ "စိန်မိုးယံ" စံအိမ်ကြီးမှ မိသားစုများမှာ သူဇာရောက်ရှိလာသည့်နေ့၏ နောက်နေ့မှစပြီး လွန်စွာအရသာရှိ၍ ဖွယ်ဖွယ်ရာရာ ဟင်းလျာမျိုးစုံတို့ကို နေ့စဉ်စားသောက်ရသဖြင့် များစွာကျေနပ်တင်းတိမ်သွားကြလေ၏။





သူဇာသည် တရုတ်အစားအစာ၊ အိန္ဒိယအစားအစာမှစ၍ အနောက်တိုင်းအစားအစာမျိုးစုံကို ကျွမ်းကျင်စွာ ချက်ပြုတ်ဖန်တီးတတ်သူလေးဖြစ်၏။ မြန်မာဟင်းလျာများကိုလည်း တစ်နေ့တစ်မျိုး မရိုးရ၊ မထပ်ရအောင် အစပ်တည့်စွာ ချက်ပြုတ်တတ်သူဖြစ်၏။

ထို့ကြောင့်လည်း ဦးငွေစိုးတို့အတွက် ယခင်ထမင်းချက်အမျိုးသမီးကြီးထက်ပို များစွာစိတ်တိုင်းကျသလို ဖြစ်သွားလေတော့၏။

စိန်မိုးယံမိသားစုအစဉ်အဆက်မှာ မိုးကုတ်ဒေသဇာတိဖြစ်ပြီး အထက်မြန်မာပြည်အား အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းကို တွင်းတူးစက်၊ ဖြုံးသေးစက်ကြီးများဖြင့် ကြီးကျယ်စွာ ပြုလုပ်ခဲ့သော ဗြိတိသျှအရင်းရှင်ပိုင် "ဘားမားရူဘီမိုင်း" ကုမ္ပဏီနှင့်အပြိုင် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းကို လိုင်စင်ဖြင့် လုပ်ကိုင်ခဲ့သော တွင်းစားမျိုးနွယ်များဖြစ်၏။

ဦးငွေစိုးမှာ ညီအစ်ကိုမောင်နှမသုံးယောက်ရှိပြီး ၎င်းက အစ်ကိုအကြီးဆုံး လူပျိုကြီးဖြစ်ကာ ၎င်း၏အောက်ဝယ် ဦးငွေတိုးဟူသော ညီတစ်ယောက်ရှိ၏။ ဦးငွေတိုးအောက်ဝယ် ညီမအပျိုကြီးကေသီတိုးရှိသည်ဖြစ်ရာ သူတို့မောင်နှမသုံးယောက်တွင် ဦးငွေတိုးတစ်ယောက်သာ အိမ်ထောင်ပြုခဲ့ဖူးပြီး မိုးစွေဟူသော သားတစ်ယောက်ရပြီးနောက် ဇနီးဖြစ်သူနှင့် ကွဲသွားကာ ဦးငွေတိုးမှာ လွန်ခဲ့သော ၂ လခန့်မှစ၍ မည်သည့်နေရာဒေသသို့ ထွက်သွားမှန်းမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



သတင်းအစအနပင်မရဘဲ ပျောက်ဆုံးသွားလေ၏။

လွန်ခဲ့သော ငါးနှစ်ခန့်တွင် မိဘများကွယ်လွန်သွားပြီးနောက် မိုးကုတ်ရှိ "စိန်မိုးယံ" ကျောက်မျက်တူးဖော်ရေးလုပ်ငန်းကို ဦးငွေစိုးက ဦးစီးလုပ်ကိုင်ခဲ့ရာ ညီဖြစ်သူ ဦးငွေတိုးက သူ၏လက်ထောက်အဖြစ် လုပ်ငန်းကို အတူပူးတွဲလုပ်ကိုင်ခဲ့၏။

ယင်းသို့ လုပ်ကိုင်နေစဉ်မှာပဲ ဦးငွေတိုးမှာ အိမ်ထောင်ရေးပြိုကွဲသွားပြီးနောက် မိုးကုတ်တွင် မနေလိုတော့ဟု ဆိုလာသဖြင့် ကျောက်အအောင်နည်းကာ စားရိတ်စက ကြီးမားလှသော ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းကို ရပ်စဲလိုက်ပြီး တူးဖော်လုပ်ကိုင်ခွင့်လိုင်စင်ကို အစိုးရထံ ပြန်အပ်ခဲ့ကာ မိုးကုတ်မှ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

မိုးကုတ်မှ မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့သော "ကိုးနဝရတ်" စံအိမ်ကြီးကိုမူ သည်အတိုင်း သော့ခတ်ထားခဲ့ကာ အစောင့်အဖြစ် လူယုံတစ်ဦးဖြစ်သော ကျောက်တွင်းအလုပ်သမား မှုန်ကြီးဆိုသူကို ထားရစ်ခဲ့ကြောင်း သိရလေ၏။

ထို့နောက်မှာတော့ ဦးငွေစိုးတို့မိသားစုမှာ မန္တလေးသို့ စုန်ဆင်းခဲ့ကြပြီး ထိုမှ မိုးကုတ်မြေနှင့် ဝေးသည်ထက်ဝေးရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ကြကာ ယခုဘောင်ဒရီလမ်းမှ အိမ်ကြီးကို ရာဇဝတ်ဝန်ကြီးတစ်ယောက်ထံမှ ဝယ်ယူလျက် ပြုပြင်မွမ်းမံပြီး "စိန်မိုးယံ" ဂေဟာစံအိမ်ကြီးအဖြစ် တည်ရှိစေခဲ့ခြင်း ဖြစ်သည်ဟု အိမ်ဖော်မလေးများထံမှ သူဇာကြားသိခဲ့ရ၏။





"ဒါဆို ဦးလေးဦးငွေစိုးက အခုဘာစီးပွားရေးလုပ်ငန်းမှ မလုပ်ဘူးပေါ့"

သူဇာက ပုဇွန်ကျော်ကြီးများကို ဒယ်အိုးကြီးတစ်လုံးဖြင့် အားရပါးရကြော်လျက်ရှိရာမှ နံဘေးမှ ခုံဝိုင်းလေးဝယ် ကြက်သွန်လှီးနေသော မြနှစ်ကိုမေးလိုက်ရာ မြနှစ်က ကြက်သွန်မွှန်နေသဖြင့် စပ်တတ်တတ်ဖြစ်နေသည့် မျက်လုံးတို့ကို အင်္ကျီလက်မောင်းစဖြင့် ပွတ်သုတ်လိုက်ရင်း . . .

"ရန်ကုန်ရောက်ကတည်းက မဂိုလမ်း (ယခုရွှေဘုံသာလမ်း) မှာ "စိန်မိုးယံ" ကျောက်မျက်ရတနာအရောင်းဆိုင် ဖွင့်ထားတာလေ၊ များသောအားဖြင့် ဆိုင်မှာ အန်တီလေးကေသီထိုင်တယ်၊ အန်ကယ်ဦးငွေစိုးက လုပ်ငန်းကို ဖိဖိစီးစီးမလုပ်ဘဲ နယ်တကာခရီးထွက်ပြီး ပျောက်ဆုံးနေတဲ့ သူ့ညီသတင်းကို စုံစမ်းလိုက်၊ ရန်ကုန်ပြန်ရောက်ရင်လည်း သဟာရကလပ်တို့၊ ပဲခူးကလပ်တို့မှာ ဘီယာသွားသောက်လိုက်၊ ဘိလိယက်ထိုးပြီး အချိန်ဖြုန်းလိုက်သာ လုပ်နေတာပါပဲ"

ဟုပြောပြနေစဉ်မှာပဲ မီးဖိုခန်းထဲသို့ မောင်မိုးစွေသည် ယောင်မလည်ပုံစံဖြင့် ဝင်လာသည်ကို သူဇာတွေ့လိုက်ရ၏။

မိုးစွေသည် သူဇာကို ခပ်ပြုံးပြုံးကြည့်လိုက်၊ ဒယ်အိုးထဲမှ ရွှေရဲစပြုလာပြီဖြစ်သော ပုဇွန်ကျော်ကြီးများကို လျှာသိမ်းကာကြည့်လိုက် လုပ်နေရာမှ ပုဇွန်ကျော်ကြီးများကို လက်ညှိုးဖြင့် ထိုးပြရင်း-

"ဟို . . . ကျွန် . . . ကျွန်တော် စားချင်လို့ပါ၊ တစ်ကောင်လောက် ကျွေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းဆိုလေရာ သူဇာက ပြုံးလိုက်ပြီး သံယောက်မဖြင့် ပုဇွန်ကျော်သုံးလေးကောင်ကို ဆယ်ယူလိုက်ပြီး ကြွေပန်းကန်ပြားငယ်တစ်ချပ်ထဲ ထည့်လိုက်၏။

“ရော့ . . . ပူသေးတယ်နော်၊ ခဏနေမှစား၊ လျှာလည်းကျက်သွားဦးမယ်”

ကျော်စွာမှာ လွန်စွာသဘောကျသွားဟန်ဖြင့် အားရပါးရပြုံးလိုက်ပြီး . . .

“ဟုတ် . . .”

ဟုဆိုကာ ပုဇွန်ကြော်ပန်းကန်ကိုယူလျက် အရှေ့ဘက်သို့ထွက်သွားလေတော့သည်။ မြနှစ်က မျက်မှောင်လေးကုတ်ကာ . . .

“မမသူဇာကလည်း ပုဇွန်ကျော်တစ်ကောင်လောက် ပေးလိုက်ပြီးရော၊ သုံးလေးကောင်တောင် ပေးလိုက်ရတယ်လို့ နောက်ဆိုအစဉ်အလာဖြစ်သွားမှာ၊ တစ်ကောင်တည်းပေးရင် ယူမှာမဟုတ်တော့ဘူး”

သူဇာက ပြုံးလိုက်ပြီး . . .

“သနားပါတယ် မြနှစ်ရယ်၊ စားပါစေ၊ တကယ်တော့ ဒီမိသားစုရဲ့စည်းစိမ်ချမ်းသာကြွယ်ဝမှု သုံးပုံတစ်ပုံကို သူခံစားခွင့်ရှိပါတယ်ကွယ်၊ ဒီတော့ သူ့အတွက်ရပိုင်ခွင့်ရှိတဲ့ ဒီအိမ်ကြီးမှာ သူစားလိုရာစားပါစေ၊ စိတ်ချမ်းသာပါစေဆိုတဲ့ စေတနာနဲ့ မမသူဇာကျွေးတာပါ”

ဟု လေသံအေးအေးဖြင့် ရှင်းပြလေ၏။





“ဟုတ်ပါတယ်လေ . . မောင်မိုးစွေလေးရဲ့ဘဝက တကယ်တော့ သနားစရာပါ၊ သူ့အမေက အတော်လည်တယ်လို့ ကြားဖူးတယ် မမရဲ့၊ ပြီးတော့ တော်တော်လေးလည်း လှတယ်၊ ချောတယ်တဲ့၊ အဲဒီလိုချောလို့လည်း အိမ်ထောင်ရှိတာတောင် မိုးကုတ်မှာနေတုန်းက ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတယ်လို့ ဒေါ်ကြော့ဝေကပြောပြဖူးတယ်၊ ဒေါ်ကြော့ဝေက ဦးငွေစိုးတို့မိသားစု မိုးကုတ်မှာနေကတည်းက ထမင်းချက်လုပ်လာတာ၊ ခုမှ ဘားအံက သူ့သမီးနားတာရှည်နေမကောင်းဖြစ်လို့ အလုပ်ကထွက်ပြီး ပြန်သွားတာ၊ ဒေါ်ကြော့ဝေရဲ့ပြောပြချက်အရဆိုရင် မောင်မိုးစွေရဲ့အဖေဟာ ရိုးအေးသလောက် သူ့အမေက အတော်လည်ပြီး တော်တော်လေး ရှုပ်တယ်တဲ့၊ အဲဒါကြောင့် သူတို့လင်မယားကွဲရတာတဲ့၊ အင်း . . . ဘာပဲဖြစ်ဖြစ် မောင်မိုးစွေလေးက သနားစရာပါ မမရယ်၊ ခုဆို သူ့အဖေကလည်း ဘယ်ရောက်လို့ ဘယ်ပျောက်မှန်းမသိ”

ဟု မြနှစ်က ညည်းညည်းညူညူလေး ပြောလိုက်ရာ သူဇာမှာလည်း မျက်မှောင်လေးကုတ်လျက် တစ်စုံတစ်ရာကို လေးနက်စွာတွေးတောရင်း သက်ပြင်းမောကို မသိမသာချလိုက်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တစ်ညနေခင်းဝယ် သူဇာသည် ညနေစာအတွက် ဟင်းလျာများကို မြသန်းအား နွှေးခိုင်းထားပြီး မြနှစ်ကိုတော့ ထမင်းပွဲပြင်ဆင်ခိုင်းထားလိုက်၏။ သူမက မီးဖိုခန်းထဲမှထွက်ကာ အိမ်ရှေ့ပန်းခြံထဲရှိ သစ်သားခုံတန်းလျားလေးမှာထိုင်လျက် အပန်းဖြေရင်းက ဤစံအိမ်ကြီး၏အရှင်သခင်တစ်ဦးဖြစ်သော ဦးငွေစိုး၏အကြောင်းကို တွေးတောနေမိ၏။

ဦးငွေစိုးမှာ ချမ်းသာသော မိသားစုမျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ပြီး ကျောင်းပညာကိုလည်း ၁၀ တန်းအထိ သင်ကြားဖူးသူဖြစ်သလို သူ၏ဝတ်စားသွားလာနေထိုင်ပုံက ခန့်ညားထည်ဝါပြီး လူကုံထံတို့၏ ဟန်ပန်အပြည့်အဝရှိသူဖြစ်၏။





သူသည် တစ်ခါတရံ ဘန်ကောက်လုံချည်၊ ပိုးအင်္ကျီကို ဝတ်ဆင်ကာ ခေါင်းပေါင်းကို အကျအနပေါင်းလျက် လက်ထဲဝယ် ချယ်ရီသားတုတ်ကောက်ကိုကိုင်ကာ မြန်မာဆန်ဆန် ဝတ်စားသွားလာတတ်သလို တစ်ခါတရံမူ နက်ကတိုင်မှအစ ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ ရှူးဖိနပ်တို့ကို သေသပ်စွာ အနောက်တိုင်းသား ဘိုဆန်ဆန် ဝတ်စားသွားလာတတ်သူ ဖြစ်၏။

သူသည် နေ့စဉ်လိုလို အပြင်သို့ ထွက်လေ့ရှိပြီး သူသွားလာသည့်အခါ လန်ချား၊ မြင်းလှည်းတို့ဖြင့် သွားလာတတ်ပြီး ညနေဘက်အိမ်သို့ပြန်လာလျှင်တော့ များသောအားဖြင့် ဘီယာသော်လည်းကောင်း၊ စကော့ဝီစကီသော်လည်းကောင်း သောက်စားလာပြီး အတန်ငယ် မူးလာလေ့ရှိ၏။

သူသည် ဘီယာ၊ အရက် စသည်တို့ သောက်စားခြင်းမပြုသည့်အခါများတွင် ဩဇာသံပါပါဖြင့် စကားကို တည်တည်တံ့တံ့ လူကြီးလူကောင်းပီသခန့်ငြားစွာ ပြောလေ့ရှိပြီး စကားကို လိုသည်ထက်ပိုပြီးလည်း ပြောလေ့မရှိပေ။

သို့သော် အတန်ငယ်ထွေလာလျှင်တော့ စကားကို ခပ်ရှှင်ရှင်၊ ခပ်များများ ပြောလေ့ရှိကာ များသောအားဖြင့် ပျောက်ခြင်းမလှပျောက်ဆုံးနေသော ညီဖြစ်သူ ဦးငွေတိုး၏အကြောင်းကို စိတ်ထိခိုက်ခံစားစွာ ပြောဆိုတတ်သူဖြစ်၏။

ဦးငွေစိုးမှာ တူဖြစ်သူ မောင်မိုးစွေကို လွန်စွာမှ ချစ်ခင်ပြီး သူနံနက်တိုင်း ရွှေတိဂုံဘုရားသို့လည်းကောင်း၊ ကန်တော်ကြီးအက်



www.burmeseclassic.com

www.burmeseclassic.com



သို့လည်းကောင်း လမ်းလျှောက်ထွက်လျှင် မောင်မိုးစွေကို ခေါ်သွားတတ်၏။

သူဇာသည် ဦးငွေစိုးအကြောင်း စဉ်းစားနေရာမှ ကျော်စွာဟူသော ဒရိုင်ဘာလုလင်၏အကြောင်းကိုလည်း တွေးမိလိုက်သေး၏။

"အင်း . . ကျော်စွာ . . ကျော်စွာ၊ နာမည်က စီးသလောက်လူက ဘဝင်မြင့်မယ့်ပုံလိုလိုပါလား၊ သူ့ရဲ့ဥပဓိရုပ်က မဆိုးလှပေမယ့် သူကြည့်ရတာ တစ်လောကလုံးမှာ မမကေသီတိုးတစ်ယောက်ပဲ မိန်းမရယ်လို့ ရှိတယ်ထင်နေသလား မသိဘူး၊ မမကေသီတိုးသွားရာ ကားနဲ့လိုက်ပို့လိုက်၊ ကြိုရသလို မမခိုင်းစေသမျှကိုပဲ ဂရုပြုလုပ်ကိုင်ပေးနေရင်း လောကကြီးကို မေ့နေပုံရတယ်။

ငါနဲ့ နှစ်ကြိမ်သုံးကြိမ် တွေ့ဖူးရုံကလွဲလို့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးစရာအကြောင်းမရှိလို့ပဲလား မသိဘူး၊ ငါ့ကို ဘာသိဘာသာပဲ နေတယ်၊ အများက ပြောကြတာကတော့ ငါဟာ တွေ့မြင်သမျှ ယောက်ျားတိုင်းက တပ်မက်နှစ်သက်ခြင်း ခံရလောက်အောင် လှပသူတဲ့၊ အဲဒီ ငါ့ရဲ့အလှဂုဏ်ဟာ ကျော်စွာဆိုတဲ့ သူနဲ့တော့ လုံးဝကို ပတ်သက်ပုံမပေါ်ဘူး။

သူဟာ ငါ့ကို လုံးဝဂရုမစိုက်သလိုပဲ၊ ခပ်တည်တည်နဲ့ ဆက်ဆံတယ်၊ အင်း . . . ဒါလည်း ကောင်းပါတယ်လေ၊ ဒါမှ ဒီအိမ်မှာ ငါ့အတွက် မလိုလားအပ်တဲ့ ရန်တစ်ရန်ရှင်းမှာ၊ အရေးကြီးတာက တစ်နေ့မှာ ငါဒီအိမ်ကို ရောက်လာရတဲ့ ရည်ရွယ်ချက်ထမြောက်





အောင်မြင်လာဖို့ပဲ။

ငါဟာ ငါ့ဆရာကြီးရဲ့သင်ကြားမှုကြောင့် လောကီအတတ်မျိုးစုံကို တတ်ကျွမ်းခဲ့ရတာ၊ အဲဒီအတတ်ပညာတွေထဲက တစ်ခုဖြစ်တဲ့ အချက်အပြုတ်ပညာနဲ့ ဒီ 'စိန်မိုးယံ' စံအိမ်ကြီးထဲကို အတွင်းလူအဖြစ် ဝင်ခွင့်ရလာခဲ့တယ်။

ငါ့ရဲ့အတတ်ပညာတစ်ခုဖြစ်တဲ့ လူတစ်ယောက်ပါးစပ်လှုပ်တာကို အဝေးကနေကြည့်လိုက်ရုံနဲ့ သူဘာစကားပြောတယ်ဆိုတာကို အဓိပ္ပါယ်ဖော်လို့ ရတဲ့နည်းပညာနဲ့ ဦးငွေစိုးထမင်းဆိုင်မှာ ဟင်းမှာသလို ငါလည်း သူမှာတဲ့ လိပ်သည်းဆိုပြန်ဟင်းပေးပါလို့ ပြောလိုက်ကတည်းက ငါ့ကို သူအမှတ်ထင်ထင်ဖြစ်သွားတယ်။

အဲဒီလိုနည်းပညာနဲ့ ငါဟာ ဒီအိမ်ကြီးထဲရောက်အောင် ကြံစည်ခဲ့တာပဲ၊ အရေးကြီးတာက ငါ့ရဲ့ရည်ရွယ်ချက် တစ်နေ့မှာ ထမြောက်အောင်မြင်ရမယ်"

သူဇာမှာ ခုံတန်းလျားထက်ဝယ်ထိုင်ရင်း အတွေးရေယာဉ်ကြောတွင် မျောလျက်ရှိနေစဉ် ခြံဝ၌ ရထားလုံးတစ်စီးရောက်လာပြီး ရပ်တန့်သွားလေ၏။

ရထားလုံးထက်မှ ကုတ်အင်္ကျီနှင့် သက္ကလပ်ဘောင်းဘီရှည်ပွပွကို ဝတ်ဆင်ထားသော ဦးငွေစိုးဆင်းလာသည်ကို တွေ့ရလေ၏။

ဦးငွေစိုးသည် ခြံထဲဝင်လာရင်းမှ တိုက်ရှေ့ပန်းခြံထဲဝယ်ထိုင်နေသော သူဇာကို တွေ့သွားသည်နှင့် အိမ်ဆီသို့ မသွားတော့ဘဲ သူမရှိရာသို့ လျှောက်လာလေ၏။ ဦးငွေစိုး၏မျက်နှာက အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲနေသဖြင့် ယမကာမှိုဝဲလာကြောင်း သူဇာရိပ်မိလိုက်၏။

"သူဇာ ပျင်းနေပြီလား"

ဟု ဦးငွေစိုးက ခပ်လေးလေးအသံဖြင့် မေးလိုက်ရာ သူဇာက အသာအယာပြုံးပြလိုက်ပြီး . . .

"မပျင်းပါဘူး ဦးလေးရဲ့၊ ညနေစာအတွက် မြနှစ်တို့ ညီအစ်မကို ပြင်ဆင်ခိုင်းထားပြီး ဒီခုံလေးမှာ လာထိုင်ပြီး အပန်းဖြေနေတာပါ"

ဟု ချိုအေးသော အသံဖြင့် ပြောလိုက်ရာ ဦးငွေစိုးက ခုံတန်းလျားအနီးမှ တရုတ်စကားပင်၏ အကိုင်းတစ်ကိုင်းကိုကိုင်ရင်း သူဇာအား ခပ်စူးစူးကြည့်လိုက်ပြီး . . .

"သူဇာ . . . သူဇာ . . . မင်းလေးဟာ အင်မတန် သိမ်မွေ့ယဉ်ကျေးတဲ့ မိန်းကလေးပဲနော်၊ အချက်အပြုတ်ကျွမ်းကျင်ပြီး မိန်းမလည်း ပီသတယ်၊ ဣန္ဒြေသိက္ခာလည်း ရှိတယ်၊ ကျုပ်တစ်ခုစဉ်းစားမိတာက ကျုပ်ရဲ့ညီလေးသာ သူဇာလို မိန်းကလေးမျိုးနဲ့ လက်ဆက်ခွင့်ရခဲ့မယ်ဆိုရင် သူဟာ အခုလို ဘဝပျက်သွားရှာမှာ မဟုတ်ဘူး၊ ခုတော့ တကယ့်မိန်းမယုတ်မျိုးနဲ့ လက်ထပ်ခဲ့မိလို့ ကျုပ်ညီလေးရဲ့ဘဝဟာ တစ်စစီပျက်စီးခဲ့ရပြီ၊ သူ့အခုဘယ်ကိုရောက်နေမှန်းတောင် ကျုပ်တို့ စုံစမ်းလို့ မရဘူးဖြစ်နေတယ်"

ဟု တစ်လုံးချင်းပြောလိုက်ပြီးသည်နှင့် ခုံတန်းလျားပေါ်ဝယ် လေးလေးပင်ပင်ကြီး ထိုင်ချလိုက်ရာ သူဇာလည်း ခုံတန်းလျားအစွန်သို့ အနည်းငယ် တိုးပေးလိုက်ရ၏။





သူဇာက ရီဝေသော မျက်လုံးများဖြင့် ဦးငွေစိုးအား အကဲခတ်ကြည့်လိုက်ပြီးနောက် . . .

"ဦးပြောတဲ့ အမျိုးသမီးက မောင်မိုးစွေရဲ့မိခင်ကို ဆိုလိုက်တာလား"

"ဟုတ်တယ် . . . သူဇာ၊ သူ့နာမည်က စံပယ်မြိုင်တဲ့၊ အတော်လှတဲ့ မိန်းကလေးပါပဲ၊ စံပယ်မြိုင်နဲ့ ကျုပ်ညီငွေတိုးတို့ ဆုံဆည်းခဲ့ရပုံကလည်း အတော်လေးဆန်းတယ်၊ စိတ်ဝင်စားရင် ကျုပ်ပြောပြပါ့မယ်လေ"

ဟု စိတ်လိုလက်ရဆိုလိုက်ရာ နဂိုကပင် စိန်မိုးယံမိသားစုထဲမှ ထူးဆန်းစွာ ပျောက်ဆုံးလျက်ရှိသော ဦးငွေတိုးဆိုသူ၏ အကြောင်းကို စိတ်ဝင်စားသဖြင့် . . .

"ဟုတ်ကဲ့ . . . စိတ်ဝင်စားပါတယ် ဦး၊ ဦးငွေတိုးကို သူဇာ မမြင်ဘူးပေမယ့် သူ့အကြောင်း တစ်စွန်းတစ်စကို မြနှစ်တို့ ညီအစ်မဆီက ကြားရတာနဲ့တင် စိတ်ဝင်စားနေမိပါတယ်ရှင်"

ဟုပြောလိုက်ရာ ဦးငွေစိုးက သူဇာကို တည့်တည့်လှည့်ကြည့်လိုက်ပြီး . . .

"ကျုပ်တို့မောင်နှမဟာ ကိုယ့်အိမ်ဝန်ထမ်းတွေအပေါ် အလုပ်ရှင်နဲ့ အလုပ်သမားလို ဆက်ဆံလိုစိတ် မရှိကြဘူး၊ အားလုံးကိုလည်း တန်းတူရည်တူ မိသားစုလိုပဲ စိတ်ထားပြီး ဆက်ဆံတတ်ပါတယ်။

ဒါကြောင့် ကျုပ်တို့မိသားစုအကြောင်းကို ကျုပ်တို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ သဘောထားတဲ့ အိမ်က အလုပ်သမားတွေကို ပြောပြမိတတ်ပါတယ်၊ တစ်ခါတလေမှာလည်း သူတို့ဆီက အကြံဉာဏ်တောင် ယူရပါတယ်။

ဒါကြောင့်လည်း မြနှစ်တို့ညီအစ်မတွေက ကျုပ်ညီငွေတိုးအကြောင်းကို သိနေကြတာပေါ့၊ ခုလည်း သူဇာကို မိသားစုလိုသဘောထားပြီး ကျုပ်ပြောပြမှာပါ၊ သူဇာကိုကြည့်ရတာ ဉာဏ်ပညာထက်မြက်ပုံလည်းရတော့ ကျုပ်ရဲ့ညီအတွက် အကြံကောင်းဉာဏ်ကောင်းများ ပေးနိုင်အောင်လည်း သူ့အကြောင်းကို ခရေစေ့တွင်းကျ ပြောပြချင်ပါတယ်"

ဟု ပြောလိုက်ကာ ထိုင်ရာမှ ထလိုက်ပြီးနောက် . . .

"ကဲ . . . လာ၊ သူဇာ တစ်ခါမှ မရောက်ဘူးတဲ့ အိမ်ပေါ်ထပ်က စာကြည့်ခန်းကြီးထဲကို လိုက်ခဲ့၊ အဲဒီမှာ ငွေတိုးရဲ့ဓါတ်ပုံရှိတယ်၊ သူဇာ လိုက်ကြည့်လှည့်ပါ၊ ပြီးရင် ကျုပ် သူ့အကြောင်းပြောပြမယ်"

ဟုပြောပြီး ဦးငွေစိုးက အိမ်ဘက်ဆီသို့ လှမ်းလျှောက်သွားရာ သူဇာမှာ တစ်စုံတစ်ရာ စောဒကတက်ငြင်းပယ်ရန် အခွင့်အရေးမရဘဲ ထိုင်ရာမှထလျက် ဦးငွေစိုးသွားရာနောက်သို့ လိုက်ပါသွားရတော့၏။

တကယ်တော့ ဦးငွေစိုးမှာ ညနေတိုင်း ဘီယာအရက်စသည်တို့သောက်ပြီး အိမ်ပြန်လာလေ့ရှိသော်လည်း သူ၏လူကြီးလူကောင်းဆန်သော အနေအထားကို မပျက်ယွင်းရအောင် သတိဖြင့် ထိန်း





သိမ်းတတ်သူဖြစ်၏။ သူ၏ဂုဏ်သိက္ခာကို လေးစားမိသော သူဇာလည်း သူ၏ဖိတ်ခေါ်မှုကို ငြင်းဆန်ခြင်းမပြုတော့ဘဲ အသာတကြည်ပင် လိုက်ပါသွားလေ၏။

ဤ 'စိန်မိုးယံ' စံအိမ်ကြီးသို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည်မှာ ဆယ့်ငါးရက်ခန့်ရှိပြီဖြစ်သော်လည်း ဤအိမ်ကြီး၏အိမ်ပေါ်ထပ်သို့ တစ်ခေါက်မျှ ရောက်ဖူးခြင်းမရှိသော သူဇာမှာ ခမ်းနားထည်ဝါသော အိမ်အပေါ်ထပ်သို့ ရောက်ရှိသွားသည့်အခါ လွန်စွာအံ့သြသဘောကျသွား၏။

အိမ်အပေါ်ထပ်မှာ ကျယ်ပြောလှပြီး ကြမ်းခင်းအားလုံးကိုကော်ဇောအစိမ်းခင်းထား၏။ အခန်းများ၊ ခန်းဆီးလိုက်ကာများမှာ ဖက်ဖူးရောင်များဖြစ်ကာ မဟာဆန်ဆန် ခင်းကျင်းပြင်ဆင်ထားသည့်အိမ်ပေါ်ထပ်ကြီးတစ်ခုလုံးမှာ မျက်စိအေးဖွယ် စိမ်းမြလန်းဆန်းနေသလို ခံစားရ၏။

ဦးငွေစိုးက ကော်ဇောအစိမ်းခင်းထားသော စင်္ကြံလမ်းတစ်ခုမှတစ်ဆင့် လွန်စွာကျယ်ဝန်းပြီး လေဝင်လေထွက်ကောင်းသော အခန်းကြီးတစ်ခုထဲသို့ ဝင်သွားရာ သူဇာကလည်း ဆိတ်ငြိမ်စွာ လိုက်ပါလို့သွား၏။

အခန်းကြီး၏နံရံတို့ဝယ် စာအုပ်ဗီရိုကြီးများ ခန့်ငြားထည်ဝါစွာရှိနေပြီး ယင်းစာကြည့်ခန်းကြီး၏အလယ်၌ ဆိုဖာဆက်တီခုံများ ခုထားရာ ဦးငွေစိုးက ဆိုဖာဆက်တီခုံတစ်ခုဝယ် ထိုင်လိုက်ပြီး . . .

"သူဇာ . . . အဲဒီမှာ ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူနှင့် မျက်နှာဆိုင်းချင်ရှိ ဆိုဖာဆက်တီတွင် ထိုင်ရန် လက်ဖြင့် ညွှန်ပြလေ၏။ ထို့နောက် မနီးမဝေးနံရံထက်မှ ပန်းကနုတ်ဘောင်ကွပ်ဓါတ်ပုံကြီးတစ်ပုံကို လက်ညှိုးဖြင့် ညွှန်ပြလျက် . . .

"အဲဒီဓါတ်ပုံထဲကလူဟာ ကျုပ်ရဲ့ညီ ငွေတိုးပါပဲ၊ သူအိမ်ထောင်မပြုခင် အသက်သုံးဆယ့်ငါးနှစ်လောက်က ရိုက်ထားခဲ့တဲ့ ဓါတ်ပုံပါ"

ဟုပြောလိုက်ရာ သူဇာလည်း နံရံထက်မှ ဦးငွေတိုး၏ဓါတ်ပုံကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်လိုက်၏။ ဦးငွေတိုး၏ အသက်သုံးဆယ့်ငါးနှစ်ခန့်ကပုံမှာ အတော်အတန် နုပျိုသော်လည်း ရုပ်ရည်လက္ခဏာကမူ ဦးငွေစိုးနှင့် အတော်ခြားနားကြောင်း တွေ့ရလေ၏။

ဦးငွေစိုး၏ရုပ်သွင်မှာ ထက်မြက်ရဲရင့်ကာ ဉာဏ်ပညာကြီးမားသူ၏ ရုပ်ဆင်းသဏ္ဍာန်မျိုးဖြစ်ပြီး ဦးငွေတိုး၏ရုပ်ဆင်းကမူ ထုံထုံအေးအေးစရိုက်ရှိသူ၏ ရုပ်သွင်မျိုးဟု သူဇာသုံးသပ်တွေးဆလိုက်၏။

ဦးငွေစိုးက ဒန်းဟေးလ်ဆေးတံဝယ် ဆေးဖြည့်ပြီး မီးညှိကာ ဖွာရှိုက်လိုက်ရင်းမှ . . .

"ကျုပ်ညီရဲ့ဇနီး ဟိုမိန်းမယုတ်စံပယ်မြိုင်ပုံကိုတော့ ကျုပ်သရေတုံးလွန်းလို့ ဒီအိမ်ရဲ့ဘယ်နံရံမှာမှ ကပ်မထားတော့ဘူး"

"အင်း . . . သူတို့နှစ်ယောက်ရဲ့ ကြုံကြုံဖန်ဖန် ဆုံဆည်းရပုံက ဆန်းသလို အဲဒီလို ဆုံဆည်းခဲ့ရတာဟာလည်း ကျုပ်ရဲ့ညီကို ဘဝပျက်စေခဲ့တာပေါ့ မိန်းကလေးရယ်"



# အခန်း (၅)

တစ်နေ့သ၌ ရွှေမြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော ကုန်တင်လှေကြီးတစ်စင်းသည် ပျဉ်ရွာအနီးမှဖြတ်လာပြီး ပင်လယ်ဘက်ဆီမှ တစ်ဟုန်ထိုးဝင်လာသော မုန်တိုင်းတစ်ခုနှင့် ရင်ဆိုင်တိုးမိရာ လှေဝမ်းထဲ၌ အပြည့်ပါလာသော ဆန်အိတ်များ မိုးမစိုစေရန် တာလပတ်တို့ဖြင့် သေချာစွာ လွှမ်းပြီးနောက် လှေသူကြီးက လှေကို ကမ်းသို့ကပ်ရန် လှေထိုးသားတို့ကို အော်ဟစ်အမိန့်ပေးလျက် ရှိလေ၏။

"ဟေ့ကောင်တွေ လေသိပ်ထန်ပြီး လှိုင်းကြီးလာပြီ၊ ကမ်းကပ်ဖို့ ပြင်စမ်း"

မိုးက သည်းထန်သည်ထက် သည်းထန်လာပြီး လေနှင့်ပြိုင်မြမ်း



www.burmeseclassic.com

www.burmeseclassic.com



များပါ တိုက်ခတ်လာရာ ပင်လယ်ဝဆီမှ လှိမ့်ဝင်လာသော ရေမလှိုင်းလုံးများကြောင့် မြစ်ပြင်ထဲဝယ် လှေကြီးမှာ လူးလှိမ့်နေတော့၏။ လှေမှောက်မသွားစေရန် လှေသူကြီးဦးသာမြကိုယ်တိုင် ပဲ့ကိုထိန်းလျက် လှေကို ကမ်းသို့ကပ်နိုင်ရန် ကြိုးစားလေ၏။

လှေဝမ်းထဲဝယ် လိုက်ပါလာသော ဆန်ကုန်သည် ဦးနေဝင်းသည် ပင်လယ်ပိုင်း၌ ရောင်းချရန် ဆန်များကို လှေနှင့်အပြည့် သယ်လာရာမှ မမျှော်လင့်ဘဲ အချိန်အခါမဟုတ် ကျရောက်လာသည့် မုန်တိုင်းနှင့်တိုးသဖြင့် လှေနစ်မြုပ်သွားမည်ကို လွန်စွာစိုးရိမ်နေလေ၏။

"ဘုရား . . . ဘုရား . . . လှေမှောက်မသွားပါစေနဲ့၊ လှေမှောက်ပြီး ဆန်တွေသာ အကုန်ကုန်ရင် စတီးဘရားသားကုမ္ပဏီကငါ့ကို တရားစွဲမှာ၊ ခုတလောမှာ ငါ့ကံကို မကောင်းပါဘူး၊ လုပ်သမျှအဆင်မပြေဖြစ်ပြီး ဒုက္ခနဲ့ချည်း ရင်ဆိုင်တွေ့နေရပါလား"

လေရောမိုးပါ တဝေါဝေါသွန်ချနေသော မြစ်ပြင်ဝယ် ကမ်းစပ်ကိုပင် မိုးလေအောက်၌ ပီပီပြင်ပြင် မမြင်ရဖြစ်နေ၏။

တကယ်တော့ ဦးနေဝင်းမှာ ဆန်စပါးကုန်သည်အလုပ်ကိုယခင်က လုပ်ဖူးသူမဟုတ်ပေ။ သူ၏မူလပင်မလုပ်ငန်းက အင်းလုပ်ငန်း၊ ခြံလုပ်ငန်းသာ ဖြစ်၏။ မြစ်ဝကျွန်းပေါ်ဒေသမှ အင်းအချို့ကိုလေလံဆွဲပြီး တစ်ချိန်က အင်းလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ကာ မိသားစုစီးပွားရေးလည်း လွန်စွာအဆင်ပြေခဲ့သူဖြစ်၏။

အင်းလုပ်ငန်းကို လုပ်ကိုင်နေရင်းက အင်းလေလံချပေးသောအခါ ဝါးခယ်မမြို့ပိုင်နှင့် အဆင်မပြေဖြစ်ကာ အကျိုးဖြစ်ထွန်းမည့်အင်းများကို သူမရရှိဘဲ အင်းကျိုး၊ အင်းပျက်များကိုသာ ရရှိသလိုဖြစ်လာ၍ စီးပွားရေးအရ တွက်သားမကိုက်ဘဲ ဖြစ်လာပြီး စီးပွားလျှော့လာသဖြင့် တကယ့်အင်းကြီး၊ အင်းကောင်းများကို အင်းသူဌေးများ၊ ငွေကြေးကြွယ်ဝကာ မြို့ပိုင်နှင့် ပလဲနံပသင့်သော အင်းသူကြီးများနှင့် လေလံပြိုင်မဆွဲနိုင်တော့သဖြင့် အင်းလောကကို စိတ်နာပြီး ခြံလုပ်ငန်းဘက် လှည့်လုပ်ခဲ့၏။

မြစ်ဝကျွန်းပေါ်ဒေသ ဝါးခယ်မ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်းတို့တဝိုက်မှ သရက်ခြံ၊ မာလကာခြံတို့ကို နှစ်ချုပ်နှင့် ငှားရမ်းလုပ်ကိုင်ခဲ့ရာ ပထမနှစ်များဝယ် အဆင်ပြေခဲ့သော်လည်း နောက်နှစ်များတွင် သရက်ခြံ၊ မာလကာခြံတို့၌ ပိုးကျခြင်း၊ မိုးလေမမှန်ခြင်းကြောင့် သီးနှံမအောင်ဘဲ နှစ်နှစ်ဆက်တိုက် အရှုံးပေါ်ရာ ရှိသမျှအရင်းငွေအားလုံး ပြုတ်ပြုတ်ပြုန်းသည့်အပြင် ဇနီးသည်နှင့် သမီးဖြစ်သူတို့၏ကိုယ်ပေါ်မှ လက်ဝတ်လက်စားရွှေထည်တို့ပါ ရောင်းချကာ ကြွေးမြီများကို ဆပ်ခဲ့ရလေ၏။

ဝါးခယ်မမှ အိမ်ဝိုင်းတစ်ခုသာကျန်ပြီး ရှိသမျှစည်းစိမ်ဥစ္စာများ ပြုတ်သွားသဖြင့် ဦးနေဝင်းလည်း ဘာစီးပွားရေးလုပ်လို့ လုပ်ရမည်မသိ ဖြစ်သွားလေ၏။

တစ်နေ့သ၌ ဝါးခယ်မမြို့မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝယ် လက်ဖက်ရည်သောက်နေရင်း စပါးပွဲစားများ၊ ဆန်ကုန်သည်များနှင့် လေပေးဖြောင့်နေသည့် သူ၏ယဲသူငယ်ချင်း မြခိုင်ကိုမမျှော်







www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ တွေ့လိုက်ရသဖြင့် . . .

"ဟာ . . . ဟော့ကောင် မြခိုင်၊ မင်း ဘယ်တုန်းက ဒီပြန်ရောက်တာလဲ၊ မင်းမန္တလေးမှာ သူဌေးဖြစ်နေပြီဆိုကွ"

ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်ရာ ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝက အတူစာအံဖက်၊ ကစားဖက်၊ ဆွမ်းချိုင့်ဆွဲဖက် သူငယ်ချင်းဖြစ်သူ မြခိုင်က သူ့ကို ဖက်လှဲတကင်းနှုတ်ဆက်ပြီး . . .

"သူငယ်ချင်းနေဝင်း . . . မင်း ဝါးခယ်မမှာ ရှိနေတာကိုး၊ ငါမန္တလေးမှာ နှစ်သုံးဆယ်လုံးလုံးနေပြီးမှ အောက်ပြည်အောက်ရွာဘက် အလုပ်ကိစ္စနဲ့ ပြန်လာတာကွ၊ ငါက အခု စတီးဘရားသားကုမ္ပဏီရဲ့ ဆန်ရောင်းဝယ်ရေး မန်နေဂျာလုပ်နေတယ်"

ဟု အားရပါးရ ပြောလိုက်ပြီး ငယ်သူငယ်ချင်းနှစ်ယောက်မှာ လက်ဖက်ရည်စားပွဲဝယ် အတူထိုင်လိုက်ကြ၏။ မြခိုင်၏မိတ်ဆွေစပါးပွဲစား၊ ဆန်ကုန်သည်များ နှုတ်ဆက်ခွက်ခွာသွားသည့်အခါ . .

"ဟော့ကောင်ကြီး နေဝင်း၊ မင်း အခုဘာလုပ်ငန်းများ လုပ်နေသလဲကွ၊ သားသမီးရော ဘယ်နှစ်ယောက်ရနေပြီလဲ"

ဟုမေးလိုက်ရာ နေဝင်းလည်း သူ၏ဘဝဖြစ်အင်ကို ခရေစေ့တွင်းကျ ပြောပြလိုက်လေ၏။

"အဲဒါပါပဲ သူငယ်ချင်းရာ၊ ငါတော့ အခု မီးစာကုန်ဆီခမ်းဖြစ်ပြီး ဖြူကာပြာကာကျနေပြီကွာ၊ ခရုအဆံလွတ်၊ ငှက်တောင်ကျွတ်ဖြစ်နေပြီ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေပြီ"

ဟု ညည်းတွားလိုက်ရာ မြခိုင်က အတန်ကြာ ငိုင်တွေစဉ်း





စားနေပြီးနောက် . . .

"အေးကွာ . . . မင်းစီးပွားပျက်သွားရတဲ့အကြောင်းကြားရတာ ငါစိတ်မကောင်းပါဘူး၊ ငါ့မှာလည်း စတီးဘရားသားကုမ္ပဏီရဲ့ မန်နေဂျာဆိုပေမယ့် တစ်ကိုယ်တည်းလူပျိုကြီးဘဝနဲ့ စိတ်ကြိုက်သုံးဖြုန်းနေတော့ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း မရှိသူမို့ ရသမျှကုန်ပြီး စီးပွားဥစ္စာထုပ်ထုပ်ထည်ထည် မရှိသေးဘူးကွ၊ မင်းကိုကူညီချင်ပေမယ့် ဘယ်လိုကူညီရမှန်းမသိဘူး ဖြစ်နေတယ်"

ဟု စိတ်မကောင်းသံကြီးဖြင့် ပြောလိုက်ပြီးနောက် အယ်လ်ဖတ်ကား ပိုးတိုက်ပုံအကျႌအိတ်ထဲမှ ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ဗူးကိုထုတ်ကာ စီးကရက်တစ်လိပ်ကို နေဝင်းအားကမ်းပေးပြီး သူ၏နှုတ်ခမ်း၌ စီးကရက်တစ်လိပ်ကိုခဲလျက် ကြေးမီးခြစ်လေးကိုခြစ်လိုက်ပြီး နေဝင်း၏စီးကရက်ကို မီးညှိစေပြီးမှ သူ့စီးကရက်ကို မီးညှိလိုက်၏။ ထို့နောက် စီးကရက်ကို ဖွာရှိုက်လျက် မီးခိုးငွေ့ဖြူဖြူတို့ကို မှုတ်ထုတ်လိုက်လေ၏။

"တစ်ခုတော့ရှိတယ် သူငယ်ချင်း၊ ငါမင်းကို ကူညီနိုင်တာတစ်ခုတော့ရှိတယ်၊ ငါက စတီးဘရားသားကုမ္ပဏီရဲ့ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းမှာ ဒီမြစ်ဝကျွန်းပေါ် ဒေသဆိုင်ရာ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေရတာဆိုတော့ ဆန်စပါးအရောင်းအဝယ်လုပ်ငန်းကို မင်းလုပ်မယ်ဆိုရင်တော့ တတ်နိုင်သရွေ့ ငါကူညီနိုင်တယ်"

ဟု တွေးတွေးဆဆဖြင့် ပြောလိုက်သည်နှင့် နေဝင်း၏မျက်နှာများက အရောင်လက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်လိုကူညီမှာလဲကွ၊ ပြောပါဦး သူငယ်ချင်းရယ်၊ ငါတော့ ငါ့မိသားစုဘဝရှေ့ရေးအတွက် မရွေးတတ်အောင် ဖြစ်နေပြီ၊ အေး . . . မင်းကူညီနိုင်မယ်ဆိုရင် ကူညီပါ သူငယ်ချင်းရာ"

ဟု အားကိုးတကြီး ပြောလေတော့၏။

"အေးပါကွာ၊ ငါတတ်နိုင်သရွေ့ မင်းကို ကူညီပါ့မယ်၊ ဒီလိုလုပ်ကွာ၊ မင်းက ဆန်ကိုယ်စားလှယ်၊ ဆန်ကုန်သည်ဆိုပါတော့ကွာ၊ ဒီဝါးခယ်မကနေ ငါမင်းကို ဆန်တွေတင်ပေးလိုက်မယ်၊ အဲဒီဆန်တွေကို ပင်လယ်ပိုင်းက တံငါရွာတွေဘက် သွားပြီးရောင်းကွာ . . . ဘယ့်နှယ့်လဲ"

ဟု အားတက်သရောပြောလိုက်ရာ နေဝင်းက စိတ်ပျက်စွာ ခေါင်းကိုရမ်းလိုက်ပြီး . . .

"မဖြစ်နိုင်ဘူး သူငယ်ချင်း၊ ငါ့မှာ ငွေတကယ်မရှိဘူး၊ ဆန်တွေဝယ်ပြီး တင်သွားဖို့ ငွေက မရှိဘူး"

ဟုဆိုလိုက်ရာ မြခိုင်က နေဝင်း၏ပုခုံးကို ပုတ်လိုက်ပြီး . .

"ဩော် . . . မင်းကလည်းကွာ၊ မင်းဆီမှာ ပိုက်ဆံမရှိမှန်း ငါသိသပေါ့၊ ဒီလိုသိလို့လည်း ငါကူညီနိုင်မယ့်ဘက်ကနေ တွေးဆပြီး ပြောရတာလေ၊ မင်းရဲ့ငွေ တစ်ပြားတစ်ချပ်မှ စိုက်စရာမလိုပါဘူးကွာ၊ ခေါက်ပြန်ပေးစနစ်နဲ့ ငါက မင်းကို တာဝန်ခံပြီး တင်ပေးလိုက်မှာပါ၊ ငါ မင်းကို လှေ့ဝမ်းနဲ့အပြည့် ဆန်တွေတင်ပေးလိုက်မယ်၊ ဟိုကျမှ မင်းဘာသာ ရွာတွေမှာ ညှိနှိုင်းပြီးရောင်း၊ ရောင်းရငွေအားလုံးပြန်ရမှ အခြားလှေတစ်စင်းငှားပြီး ပြန်လာခဲ့၊ ဝါးခယ်မရောက်မှ ဆန်ဘိုးငွေရှင်းပေး . . . ဘယ့်နှယ့်လဲ"





နေဝင်းက သူငယ်ချင်းဖြစ်သူအား ခပ်ငိုင်ငိုင် ကြည့်လိုက်ပြီး . . .

"မင်းပြောတာတော့ မဆိုးပါဘူး၊ ခက်တာက ဆန်ကို ခေါက်ပြန်ကြေးနဲ့ရသည့်တိုင် သယ်ယူပို့ဆောင်ရေးစရိတ်၊ လှေခ မတတ်နိုင်ဘူးကွ"

"လှေခလောက်တော့ ငါစိုက်ပေးလိုက်ပါ့မယ်ကွာ၊ အလုပ်သမားခပါ ပေးလိုက်မယ်၊ ဆန်တွေရောင်းပြီး ပြန်လာမှ ဆန်ဘိုးရော၊ ငါစိုက်ထားတာတွေပါ ရှင်းပေး၊ ဘယ့်နှယ့်ရှိစ"

ဟု ယတိပြတ်ပြောလိုက်တော့မှ နေဝင်းသည်လည်း မျက်လုံးကြီး ပြူးထွက်လျက် မျက်နှာကြီးကလည်း ပြုံးသွားလေတော့၏။

"ဒါဆိုရင်တော့ ဘာပြောစရာရှိတော့မှာလဲကွာ၊ လှေခရော ဆန်ဘိုးပါ ပူစရာမရှိတော့ဘူးဆိုမှတော့ လုပ်ပြီလားကွာ၊ မင်း ငါ့ကို ကူညီဖို့ကိစ္စသာ မြန်မြန်အကောင်အထည်ဖော်ပေတော့"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော် သူငယ်ချင်း၊ အလုပ်လုပ်တဲ့နေရာမှာတော့ တိတိကျကျ လုပ်ဖို့လိုတယ်၊ စတီးဘရားသားလို လူမျိုးခြားကုမ္ပဏီနဲ့ လုပ်ရမှာဆိုတော့ စာချုပ်အခိုင်အမာနဲ့ လုပ်မှရမှာ"

ဟု မြခိုင်က ပြောလိုက်သော်လည်း နေဝင်းက သူငယ်ချင်းဖြစ်သူ၏ပုခုံးကို ဖက်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါနားလည်ပါတယ်ကွာ၊ မင်း ငါ့ကို အခုလောက် ယုံကြည်မှုနဲ့ ကူညီတာပဲ ကျေးဇူးကြီးလှပါပြီ၊ ငါ့ကို ကူညီလို့ မင်းကို ထိခိုက်မှုအဖြစ်ရအောင် စာချုပ်စာတမ်းနဲ့ ငါလုပ်မှာပါကွ"

ဟု အားရပါးရပင် လွယ်ကူစွာ ပြောလိုက်၏။

ထိုနေ့မှစ၍ နောက်ဆယ်ရက်ခန့်အကြာဝယ် ဆန်အပြည့်တင်လာသော ကုန်တင်လှေကြီးဖြင့် နေဝင်းသည် ဆန်ကုန်သည်ကြီးအဖြစ် ခရီးနှင်ခဲ့လေ၏။

"အင်း . . . ငါ့မှာတော့ သေမယ့်နှစ်မှ စစ်ထဲလိုက်ဆိုသလိုဖြစ်နေပြီလား မသိဘူး၊ စတီးဘရားသားကုမ္ပဏီနဲ့စာချုပ်ပြီး ဆန်တွေလှေနဲ့အပြည့် တင်လာမိကာမှ မုန်တိုင်းမိပြီး လှေမှောက်လို့ကတော့ ငါ့ဘဝပျက်ပြီ"

"စတီးဘရားသားကုမ္ပဏီဟာ အင်မတန်တိတိကျကျ ဆောင်ရွက်တတ်တဲ့ ကုမ္ပဏီ၊ ဒီဆန်တွေ ဆုံးရှုံးကုန်ရင်တော့ ငါ့သူငယ်ချင်းမြနိုင်ကြီးလည်း ငါ့ကို ဘာမှကူညီကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး၊ ငါ့မှာလည်း လျော်စရာမရှိနဲ့ ထောင်ထဲဝင်ရမယ့်ကိန်းပဲ။

ဖွဟဲ့ . . . မပြောကောင်း မဆိုကောင်း ဆန်တွေ ရေမြုပ်ဆုံးရှုံးလို့ ထောင်ကျရင် ငါ့မိန်းမနဲ့သမီးတော့ ဒုက္ခပဲ၊ အဲဒီလိုသာဖြစ်ခဲ့ရင် စတီးဘရားသားကလည်း ငါ့အိမ်ဝိုင်းကို သိမ်းမှာ၊ ငါ့သမီးလေးက အပျိုအရွယ်ချောချောလှလှလေးဖြစ်နေမှ ခမျာရှက်ရှာမှာပဲ"

နေဝင်းသည် မုန်တိုင်းအောက်မှ လှိုင်းလေကြားထဲဝယ် အလူးလူး၊ အလဲလဲဖြစ်နေသော လှေဝမ်းအတွင်းထိုင်ရင်း သွေးရူး





သွေးတမ်းဖြင့် ရောက်တတ်ရာရာ လျှောက်တွေးနေမိ၏။ ထိုစဉ် . .

"ဦးကြီး . . . ရှေ့က ချောင်းကွေ့ထဲ လှေကိုထိုးဝင်မယ်၊ လှိုင်းက ပိုကြီးလာပြီ"

ပဲ့ကိုင်က လှေသူကြီးကို မိုးထဲလေထဲမှာပဲ အော်ပြောလိုက်ရာ . . .

"ဝင် . . . ဝင် . . . လေကွယ်ရာရောက်ဖို့ အရေးကြီးတယ်၊ မတော်လို့ လှိုင်းရိုက်ချက်က ဒီထက်ပြင်းလာရင် လှေဝမ်းကွဲသွားမှာစိုးရတယ်"

ဟု လှေသူကြီးက အမိန့်ပေးလိုက်သည်နှင့် ပဲ့ကိုင်ပုဂ္ဂိုလ်က တစ်ကိုယ်လုံးအားသုံးကာ ပဲ့စင်ထက်မှနေ၍ လှေ၏ပဲ့ကို ဆွဲလှည့်လိုက်ရာ လှေဦးမှာ ချောင်းကမ်းဖက်သို့ ရမ်းထွက်သွားပြီး ကိုင်းပင်များ လူတစ်ရပ်မက တောထအောင် ပေါက်လျက်ရှိသော ချောင်းဝတစ်ခုအတွင်းသို့ ထိုးဝင်သွားတော့၏။

ထို့နောက်တွင် လှေထိုးသားတို့က ထိုးဝါးဖြင့်ထိုးကာ ချောင်းအတိုင်းဝင်ခဲ့ရာ မိုးပြင်းလေပြင်းများ ရွာချနေသဖြင့် ရှေ့လေးငါးကိုက်ထက်ပိုပြီး သဲကွဲစွာ မမြင်ရဘဲ ချောင်းရိုးအတိုင်း ရေပြင်ရှိသမျှ မုန်တိုင်းလွတ်အောင် တိုးဝင်ခဲ့ကြလေ၏။

"ဒီချောင်းက ပြင်စလူမြစ်ဝဘက်က ထွက်တဲ့ချောင်းလား မသိဘူးကွ၊ မိုးထဲလေထဲဆိုတော့ ငါခန့်မှန်းလို့မရဘူး ဖြစ်နေတယ်"

ဟု လှေသူကြီးဦးသာမြက သူ၏မွဲစပြုနေသော မျက်လုံးအစုံကိုဖြဲရင်း သည်းသည်းထန်ထန်ရွာနေသော မိုးစက်မိုးပေါက်တို့



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ချောင်းဝန်းကျင်အနေအထားကို အကဲခတ်ကြည့်လျက် ဇဝေဇဝါပြောလိုက်၏။

ရေကြောင်းကို သိပ်မကျွမ်းကျင်လှသော ပဲ့ကိုင်ရေလုပ်သားက ကွေ့လိုက်ကောက်လိုက်ဖြင့် တည်ရှိနေသော ချောင်းရိုးအတိုင်း လှေကိုပဲ့ကိုင်ရင်း တိုးဝင်လာရာ . . .

"ကျုံမငေးဘက်သွားတဲ့ ချောင်းလည်း ဖြစ်နိုင်တာပဲ ဦးကြီးရဲ့၊ သစ်ပင်ဝါးပင်ကလည်း နည်းပါး၊ ချောင်းနံဘေးဝဲယာမှာလည်း ချုံနွယ်တွေ၊ ကိုင်းပင်တွေနဲ့ ဖျိုက်တောကြီးတွေပဲ ရေတဖွေးဖွေးကြားမှာ တွေ့နေရတာမို့ ကျွန်တော်လည်း မခန့်မှန်းတတ်တော့ဘူး"

ဟု မိုးလေကြားမှာပင် အော်ဟစ်ရင်း ရေပြောင်းဆန်နေသော ချောင်းရိုးအတိုင်း လှေကိုဆက်လှော်ခတ်လာကြ၏။ ရှေ့ဝယ် ချောင်းခွဲတွေ့ရသဖြင့် ၎င်းချောင်းခွဲအတိုင်း လိုက်လာခဲ့ရာ မုန်တိုင်းစဲစပြုသည့် ညအမှောင်သို့ ရောက်လုလုတွင် လှေကို ကမ်းပါးမြင့်မြင့်ကြီးရှိသည့် ချောင်းနံဘေး၌ ထိုးဆိုက်လိုက်လေ၏။

"မုန်တိုင်းအတော်စဲသွားပြီ၊ ညလည်း ရောက်တော့မယ်၊ ငါတို့ ဒီလေကွယ်မိုးကွယ်မှာပဲ ဒီညအဖို့ လှေကိုရပ်နားစခန်းချကြမယ်"

ဟု လှေသူကြီးဦးသာမြက ပြောဆိုလိုက်ပြီး တစ်ဆက်တည်းဆိုသလို . . .

"မောင်တိုးရေ . . . ရှေ့က သပြေပင်အရင်းမှာ လှေကိုကြိုးချည်ပြီး စခန်းချမယ်ဟေ့"





ဟု လှေထိုးသားမောင်တိုးအား လှမ်းအော်အမိန့်ပေးလိုက်၏။ မောင်တိုးမှာ လှေကြိုးကို ခါးမှာချည်လျက် လှေဦးမှ ခုန်ဆင်းသွားကာ သပြေပင်ရှိရာသို့ ကူးခတ်သွားပြီး လှေကြိုးကို ချောင်းထဲသို့ ကိုင်းကျနေသော သပြေပင်၏မြစ်စွန်းတစ်ခုဝယ် ချည်လိုက်တော့၏။

"ကဲ . . . ကိုနေဝင်းရေ၊ ဒီညအဖို့တော့ ဒီမှာစခန်းချပြီး မနက်ဖြန်မိုးသောက်လုလုမှာ ဒီချောင်းထဲက ပြန်ထွက်ကြစို့"

ဟု လှေသူကြီးဦးသာမြက ပြောဆိုလိုက်ရာ . . .

"အေးဗျာ . . . ဒီမှာစခန်းချ ညအိပ်တာပဲ ကောင်းပါတယ်၊ စောစောက မုန်တိုင်းလွတ်သွားတာပဲ ကံကောင်းတယ်ဆိုရမယ်၊ ကျုပ်ဖြင့် လှိုင်းကြားထဲ လှေမှောက်မှာ တွေးပူနေမိတယ်ဗျ"

ဟု သက်ပြင်းချရင်း ပြောလိုက်လေ၏။

ထိုအခိုက်မှာပဲ လှေပေါ်သို့ ပြန်တက်လာသော မောင်တိုးသည် လိပ်တစ်ကောင်ကို ပွေ့ပိုက်ရင်း လှေပေါ်သို့ ပြန်တက်လာ၏။

"ဟ . . . မောင်တိုး၊ မင်းလိပ်ကို ဘယ်က ရလာတာလဲ"

ဟု လှေသူကြီးက သဘောကျပုံဖြင့် ပြုံးပြီးမေးလိုက်လေ၏။

"သပြေပင်ခြေရင်းက မြစ်ပွန်ကြားထဲမှာ တွေ့လို့ယူလာတာ ဦးကြီးရ၊ ဒီနေရာက ပင်လယ်ပိုင်းနဲ့နီးတော့ လိပ်ပေါတယ် မဟုတ်လား၊ ဟီး . . . ဟီး . . . စားရက်ကြုံတော့ မုတ်ဆိတ်မှာ ပျားစွဲဆိုတာပေါ့ဗျာ"

"အေး . . . ကောင်းတယ်၊ ဒီညနေအတွက် မင်းပဲ တာဝန်

www.burmeseclassic.com



ယူပြီး လိပ်သားဟင်းချက်ကွာ၊ ကိုနေဝင်းအတွက်တော့ လိပ်အသည်း ဆီပြန်တစ်ခွက် သီးသန့်ပို့ပေးဟော့၊ လိပ်အသည်း ဘယ်လောက်ကောင်းတယ်ဆိုတာ ကိုနေဝင်းမမြည်းစမ်းဖူးဘူးထင်တယ်"

"ဟုတ်တယ် . . . ဦးသာမြရေ၊ ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲလို့တော့ ကြားဖူးပါရဲ့၊ တစ်ခါမှတော့ မစားဖူးဘူးဗျ"

ပြောလိုက်ပြီးနောက် လှေဝမ်းထဲရှိ သူ၏ဆန်အိတ်များ မိုးရေစိုမစိုကို လိုက်လံစစ်ဆေးကြည့်နေတော့၏။

မိုးစဲသွားပြီဖြစ်သဖြင့် လှေထိုးသားတို့သည် လှေပဲ့ပိုင်းမှ မီးဖိုတွင် မီးမွှေးပြီး ညစာချက်ပြုတ်ကြတော့၏။

မိုးစဲသွားသော်လည်း မိုးသားတိမ်တောင်တို့က မည်းမည်း အုပ်အုပ်ရှိနေဆဲမို့ ညနေရီဆည်းဆာက လျင်မြန်စွာ ကုန်ဆုံးသွားကာ ညမှောင်ရိပ်သန်းလာတော့၏။

မီးဖိုပေါ်မှ လိပ်သားဟင်းကလည်း မဆလာနံ့သင်းသင်းနှင့် စားချင့်စဖွယ် ရနံ့သင်းပျံ့နေလေ၏။

"ကဲ . . . ကိုနေဝင်းရေ၊ လာဗျာ . . . လက်ဆေး၊ ဒီမှာ ခင်ဗျားအတွက် စပါယ်ရှယ်ချက်ထားတဲ့ လိပ်သည်းဟင်းကို စားရအောင်ဗျို့"

ဟု လှေသူကြီးက ဖိတ်ခေါ်လေ၏။ လှေလုပ်သားတစ်ဦးက ချက်အရက်ကို ပန်းကန်နှစ်လုံးထဲသို့ ငှဲ့ထည့်လိုက်ပြီး . . .

"ချက်အရက်နဲ့ လိပ်သည်းကတော့ လိုက်မှလိုက်ပဲဗျို့၊ ကဲ . . . ချဗျာ"





ဟု တိုက်တွန်းပြောဆိုပြီး သူကိုယ်တိုင်လည်း ချက်အရက်ကို စတင်မော့လေတော့၏။

လှေသူကြီးနှင့် လှေသမားများမှာ မုန်တိုင်းကို ဖြတ်ကျော်လာရာ၌ လွန်စွာပင်ပန်းခဲ့ရသလို လွန်စွာဆာလောင်နေကြသဖြင့် ချက်အရက်နှင့် လိပ်သားဟင်းကိုမြည်းကာ ထမင်းကို အားရပါးရ စားသောက်ကြလေ၏။

ဦးနေဝင်းသည်လည်း လှေသူကြီးဦးသာမြနှင့်အတူ ဝိုင်းဖွဲ့ကာ ချက်အရက်နှင့် လိပ်သည်းဟင်းကိုမြည်းရာ ခံတွင်းတွေ့လှသဖြင့် လိပ်သည်းဟင်းကို အတော်လေးစားမိသလို ချက်အရက်ကိုလည်း အတော်ပင် သောက်မိလေတော့၏။

သို့ဖြင့် ပါလာသမျှ ချက်အရက်တို့လည်း ကုန်၊ လိပ်သားဟင်းလည်း ကုန်၊ ထမင်းအိုးလည်း ပြောင်သွားလေရာ ဦးနေဝင်းနှင့် ဦးသာမြတို့မှအစ တစ်လှေလုံး အတော်လေး ဝအီမူးယစ်ကုန်ကြရာ စောစောစီးစီးပင် အိပ်ယာဝင်ခဲ့ကြလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သူတို့သည် မှုးမှုးဖြင့် မည်မျှနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်မသိ။ လွန်စွာမှောင်သော ညအမှောင်ထဲဝယ် စူးရှသော မီးအုပ်ဆောင်း၏အလင်းတို့က လှေပေါ်သို့ ထိုးကျလာပြီး လွန်စွာကျယ်လောင်သည့်အသံကို ကြားလိုက်ရ၏။ ဦးဆုံးသတိပြုမိသူက ဆန်ကုန်သည် ဦးနေဝင်းဖြစ်၏။

"ဟေ့ . . . လှေသမားတွေ၊ ဘယ်က လှေလည်း၊ အားလုံး ကမ်းပေါ်တက်ခဲ့ကြစမ်း"

ဦးနေဝင်းလည်း မနေသာတော့ . . .။ လှေသူကြီးဦးသာမြကို ကပျာကယာ နှိုးလိုက်ရ၏။

"ကိုသာမြ . . . ကိုသာမြ . . . ထစမ်းပါဦးဗျ၊ ဟိုမှာ ကမ်း





ပေါ်က လူတွေ ကျုပ်တို့ကို လှမ်းအော်နေပြီ၊ လူဆိုးတွေလား၊ လူကောင်းတွေလား မသိဘူး"

ဦးသာမြလည်း အထိတ်တလန့်ဖြစ်သွားပြီး အမှုးမပြေသေးသည့် မျက်ဝန်းဖြင့် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်၏။ ကမ်းပေါ်မှ မီးအုပ်ဆောင်း၏အလင်းက သူ့မျက်နှာပေါ် ကျရောက်လာသဖြင့် မီးရောင်ကို လက်ဝါးတစ်ဖက်ဖြင့် ကာလိုက်ရ၏။

"ဟေ့ . . လှေသမားတွေ၊ ပြောနေတာ မကြားကြဘူးလား၊ ကမ်းပေါ်တက်ခဲ့ကြစမ်း၊ ကျုပ်တို့က ဒီရွာက အကြီးအကဲတွေပဲ၊ ကျုပ်တို့ရဲ့ခွင့်ပြုချက်မရဘဲ ကျုပ်တို့ရွာအနားမှာ လှေဆိုက်ပြီး ညအိပ်ခွင့်မရှိဘူးဗျ"

ဟု အော်ဟစ်ကြိမ်းမောင်းသံကြီး ထပ်မံထွက်ပေါ်လာရာ ဦးသာမြလည်း မနေသာတော့ဘဲ လှေပေါင်းမိုးအောက်မှ ထွက်လိုက်ပြီး . . .

"ကျုပ်တို့ လူကောင်းတွေပါဗျာ၊ ဆန်အိတ်တွေတင်လာပြီး ငလယ်ဝကရွာတွေဆီ ဆန်ပို့ဖို့ သွားမလို့ပါ၊ မုန်တိုင်းနဲ့တိုးလို့ ဒီချောင်းထဲဝင်ပြီး မိုးခိုနေတာပါ၊ မိုးချုပ်သွားလို့ ဒီကမ်းစပ်မှာ လှေဆိုက်ပြီး ညအိပ်ကြတာပါ"

ဟု အော်ဟစ်ပြီး ရှင်းပြလိုက်၏။ ကမ်းစပ်မှ အသံများမှာ ခွတ်တရက် တိတ်သွား၏။ အတန်ကြာမှ . . .

"ဟေ့လူတွေ ဘာပဲဖြစ်ဖြစ် ကမ်းပေါ်အားလုံးတက်ခဲ့ကြ"

ဟု ထပ်မံအော်ဟစ်သံထွက်ပေါ်လာ၏။ ထိုအခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးဦးသာမြလည်း မနေသာတော့ဘဲ သူ၏လှေထိုးသားတို့ကို နှိုးကာ ကုန်းဘောင်ထိုးပြီး ကမ်းစပ်ပေါ်တက်ခဲ့ကြရတော့၏။

ကမ်းစပ်ပေါ်မှာတော့ ဓါး၊ လှံ၊ မီးတုတ်များ ကိုင်ဆောင်ထားသည့် လူနှစ်ဆယ်၊ အစိတ်ခန့်ကို တွေ့ရ၏။

သူတို့အထဲမှ နှုတ်ခမ်းမွေးကားကား၊ ဗိုက်ရွဲရွဲနှင့် လူကြီးက သူတို့အားလုံးကို စူးစူးရဲရဲကြည့်လိုက်ပြီး . . .

"ကျုပ်က ဒီရွာက သူကြီးပဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျုပ်နာမည်က သာမြလို့ ခေါ်ပါတယ်၊ ဒီလှေရဲ့ လှေသူကြီးပါ၊ သူတို့ကတော့ ကျုပ်ရဲ့လှေထိုးသားတွေပါ"

ဟုပြောလိုက်ပြီး တစ်ဆက်တည်းဆိုသလို ဦးနေဝင်းကို ကြည့်၍ . . .

"သူကတော့ ကျုပ်တို့လှေနဲ့ ဆန်တွေတင်လာတဲ့ ဆန်ကုန်သည် ဦးနေဝင်းပါ"

ဟူ၍ ပြောလိုက်ပြီး အကျိုးအကြောင်းကို ရှင်းပြလိုက်၏။

"ကျုပ်တို့ မိုးထဲလေထဲ ဒီကမ်းစပ်မှာ လှေဆိုက်တော့ ဒီချောင်းကမ်းနားမှာ ရွာရှိမှန်းလည်း မသိပါဘူး၊ ညကလည်း ကျုပ်တို့ရောက်ချိန်က မှောင်စပြုနေပြီဆိုတော့ ကမ်းပါးပေါ်လည်း တက်မကြည့်ဖြစ်ဘဲ ထမင်းဟင်းချက်ပြုတ်စားသောက်ပြီး အိပ်ပျော်သွားကြတာပါဗျာ၊ ဒါကြောင့် ဒီမှာ မိုးလေလွတ်အောင် အလောတကြီး လှေဆိုက်ကပ်ရပ်နားပြီး ညအိပ်ခွင့်မတောင်းမိတာကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"





ဟု ချောင်ချောင်ချိချိစွာပြောဆိုပြီး တောင်းပန်လိုက်ရာ ရွာသူကြီးမှာ ကျေနပ်သွားဟန်ဖြင့် . . .

"အင်း . . . ဒီလိုဆိုတော့လည်း ခွင့်လွှတ်ရတာပေါ့ဗျာ၊ ကဲ . . . ကဲ . . . ခုဆို ခင်ဗျားတို့ဟာ ကျုပ်တို့ရွာရဲ့ဧည့်သည်တွေ ဖြစ်သွားပြီဆိုတော့ ကျုပ်တို့ရွာဘက်ကို လိုက်လည်ဖို့ ဖိတ်ခေါ်ပါတယ်ဗျာ၊ ကျုပ်တို့က ဧည့်သည်တွေကို ဧည့်ဝတ်ပြုမှ အိမ်ရှင်တို့ရဲ့ဝတ္တရားကျေမှာကိုးဗျ၊ အားလုံးပဲ လိုက်ခဲ့ကြပါဗျာ"

ဟု ဖိတ်မန္တကပြုလာသဖြင့် ဦးသာမြတို့လည်း ထိုအခါမှ စိုးရိမ်ပူပန်နေခဲ့သမျှ ပြေပျောက်သွားပြီး သက်ပြင်းကိုယ်စီချလိုက်လေ၏။

ပြီးမှ ရွာလူကြီးကိုယ်တိုင်က ဖိတ်ခေါ်နေသဖြင့် ငြင်းပယ်ခြင်းငှာ မသင့်ဟု ယူဆမိသဖြင့် သူတို့ရွာသို့လိုက်လည်ရန် ဆုံးဖြတ်လိုက်ကြ၏။

"ကောင်းပါပြီ သူကြီး၊ သူကြီးကိုယ်တိုင်က ဖိတ်ခေါ်တယ်ဆိုတော့လည်း လိုက်လည်ရတာပေါ့ဗျာ"

ဦးနေဝင်းသည် ရွာသားများခေါ်ဆောင်ရာနောက်သို့ လိုက်ပါရင်း ကောင်းကင်သို့ မော့ကြည့်လိုက်ရာ သူတို့ရောက်စ ညဦးတာလတုန်းကလို မိုးသားတိမ်လိပ်တို့ဖြင့် မည်းမှောင်အုံ့ဆိုင်းနေခြင်းမျိုးမရှိဘဲ ကောင်းကင်တစ်ခွင်လုံးမှာ တိမ်သလ္လာကင်းစင်ကြည်လင်နေကာ လဝန်းကြီးပင် ထိန်ထိန်သာနေသဖြင့် အံ့ဩသလိုဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ရာသီဥတုမှာ ကြည်လင်သာယာနေပြီး ရွာသို့သွားရာလမ်းသည်လည်း ရွံ့ဗွက်ကင်းစင်နေ၏။ ပြောင်တင်းနေသည့် မြေပေါ်မှာ ခလုတ်မထိ ဆူးမငြိလျှောက်ရသဖြင့် ခရီးတွင်သလိုရှိ၏။ မီးတုတ်အလင်းရောင်ကလည်း လင်းထိန်လျက်ရှိရာ ရွာလမ်းဖွေးဖွေးကို မြင်နေရ၏။ ဖြူလွလွရွာလမ်း ကွေ့ကွေ့ကောက်ကောက်၏အဆုံးဝယ် မီးရောင်များထိန်ထိန်လင်းနေသော ကျေးရွာကလေးအား ညအမှောင်ထုအောက်ဝယ် တွေ့ရလေ၏။

သူတို့ရွာထဲသို့ ဝင်လာသောအခါ အိမ်တိုင်းလိုလိုမှာ မီးခွက်များ၊ မှန်အိမ်များ ထွန်းညှိထားပြီး အိမ်ရှေ့ကပြင်ဝယ် အိမ်သူအိမ်သားအချို့မှာ ဝိုင်းဖွဲ့ထိုင်ရင်း ရေနွေးကြမ်းသောက်လျက် စကားစမြည်ပြောနေကြသလို ကလေးငယ်တို့ကလည်း အိမ်ခြံဝိုင်းများထဲမှာရော ရွာလယ်လမ်းမှာပါ ပြေးလွှားဆော့ကစားလျက် ရှိကြလေ၏။

ရွာသူကြီးက ဦးဆောင်ပြီး ရွာလယ်လမ်းအတိုင်း လျှောက်လာကြရာ အတော်လေးလျှောက်လာမိကြသောအခါ ဆိုင်းသံ၊ ဗုံသံများကိုပါ ကြားလိုက်သဖြင့် သူတို့အားလုံး အံ့သြသွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။

ရွာသူကြီးက သူတို့၏မျက်နှာရိပ်၊ မျက်နှာကဲကို သတိပြုမိဟန်ဖြင့် နှုတ်ခမ်းမွေးကားကားကြီးကို ပိုမိုကားသွားအောင် အားရပါးရ ပြုံးလိုက်ပြီး . . .

"ခင်ဗျားတို့ကြည့်ရတာ အံ့သြနေကြပုံရတယ်၊ ဘာမှမအံ့သြကြပါနဲ့ဗျာ၊ ကျုပ်တို့ရွာမှာ ဒီနေ့ည နတ်ပူဇော်ပွဲရှိတယ်ဗျ၊ ဒါကြောင့်





ရွာလယ်က နတ်ကွန်းမှာ ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲတွေ ကျင်းပနေကြတာလေ"

သူတို့လူစု ရွာအလယ်သို့ရောက်လာသောအခါ ရွာလယ်မှ ကျယ်ပြန့်လှသော ကွက်လပ်ကြီးထဲဝယ် စင်ထိုးလျက် ဇာတ်ပွဲတစ်ပွဲ ကပြနေသည်ကို တွေ့လိုက်ရ၏။ ဇာတ်စင်ပေါ်မှ မင်းသားနှင့် မင်းသမီးမှာ ဆိုင်းချက်နှင့်အညီ လှပမြူးကြွစွာ ကပြလျက်ရှိ၏။

ဆိုင်းသမားတို့မှာလည်း ဆိုင်းကို အားရပါးရတီးလျက်ရှိရာ ပတ်ဝိုင်းဆရာက တရစပ်တီးခတ်လျက်ရှိသလို ကြေးမောင်းဆရာကလည်း ကြေးမောင်းကို အဆက်မပြတ်တီးနေလေ၏။

နှဲဆရာကလည်း ပါးနှစ်ဖက်ကို အသားကုန်ဖောင်းကာ နှဲကို လေမပြတ်အောင် မှုတ်လျက်ရှိပြီး လင်းကွင်းသမားကလည်း လင်းကွင်းကို တချမ်းချမ်းတီးလျက် ရှိလေ၏။

ပွဲကြည့်ပရိသတ်မှာလည်း ဈာန်ဝင်စားလျက် ကပြနေသော ပွဲကို စိတ်ဝင်စားစွာ ငြိမ်ကြည့်နေကြသည်မှာ တုတ်တုတ်မျှမလှုပ်ချေ။

ပွဲဈေးတန်းကလည်း စည်ကားလျက်ရှိရာ ကောက်ညှင်းကျည်ထောက်၊ ရေမုန့်၊ မုန့်သိုင်းချွှမှသည် မုန့်ဟင်းခါး၊ ထမနဲ့အထိ မုန့်မျိုးစုံ၊ စားဖွယ်ရာမျိုးစုံကို မီးခွက်ကလေးများထွန်းပြီး ပြိုင်ဆိုင်ရောင်းချနေကြ၏။

လှေသူကြီးဦးသာမြနှင့် ထိုးသားတို့လည်း ညနေခင်းမတိုင်မီက စိတ်ပျက်ဖွယ်ကြုံတွေ့ခဲ့ရသော မိုးသက်မုန်တိုင်းကို မေ့လျော့သွားကြပြီး မြူးကြွပျော်ရွှင်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးက သူတို့အား ကွင်းပြင်ကွပ်လပ်၏ တစ်ဖက်ထိပ်ရှိ နတ်ကွန်းကြီးကိုခေါ်သွားရာ ကျောက်၊ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသော နတ်ကွန်းကြီးမှာ အိမ်ငယ်တစ်အိမ်လောက် နီးပါး ကြီးမားကျယ်ဝန်းပြီး နတ်ကွန်း၏အဝတစ်ဖက်တစ်ချက်တွင် ကညင်ဆီမီးတိုင်များကို ထွန်းညှိထားလေ၏။

နတ်ကွန်းအတွင်းမှာမူ ဧရာမဖယောင်းတိုင်ကြီးများနှင့် ဆီမီးခွက်များထွန်းညှိထားရာ နတ်ကွန်းတစ်ခုလုံး လင်းထိန်နေပြီး အလှအပပန်းပွားများ၊ ဇာလိုက်ကာများနှင့် အလှခြယ်ထားသည်မှာ ရှုချင်စဖွယ်ကောင်းလှပေ၏။

နတ်ကွန်းထဲသို့ ဝတ်ကောင်းစားလှ ဝတ်စားထားသော ရွာသူရွာသားတို့မှာ ဝင်လိုက်ထွက်လိုက်ဖြင့် ပျားပန်းခတ်မျှ စည်ကားလျက်ရှိပြီး ရွာသူကြီးနှင့် သူတို့လူစုဝင်ရောက်လာသောအခါ လူအများက နံဘေးသို့ အသာရှောင်ပေးလိုက်ကြ၏။

ရွာသူကြီးက နတ်ကွန်း၏နောက်နားဝယ် နံရံကိုကျောပြုကာ ထုလုပ်ထားသည့် လူခန္ဓာကိုယ်နှစ်ဆခန့်ရှိ နတ်ရုပ်တုကြီး၏ ရှေ့သို့ရောက်သည်နှင့် . . .

"ဒါဟာ ကျုပ်တို့ရွာက ရွာသူရွာသားတွေ ကိုးကွယ်တဲ့ ဥဒ္ဒေါ နတ်မင်းကြီးရဲ့ရုပ်တုတော်ပဲ"

ဟု ခပ်ပြုံးပြုံးဖြင့် ပြောလေ၏။ ထို့နောက် ရောင်စုံပန်းများ၊ ဆီမီးများဖြင့် ပူဇော်ထားသည့် နတ်ရုပ်တုကြီး၏ရှေ့ဝယ် ဒူးထောက်လိုက်ပြီး ဂါရဝပြုလေရာ အခြားရွာသူရွာသားတို့ကလည်း သူတို့၏





ရွာသူကြီးကဲ့သို့ပင် နတ်မင်းကြီး၏ရုပ်တုကို ဂါရဝပြုကြလေ၏။

ဦးသာမြနှင့် ဦးနေဝင်းတို့လည်း ကုလားနတ်နှင့် ဆင်ဆတူသည့် ယင်းနတ်ရုပ်တုကြီးကို တစ်ခါမှလည်း မမြင်ဘူး၊ ယုံကြည်ကိုးကွယ်ရန်လည်း အကြောင်းမရှိသဖြင့် ရွာသူကြီးတို့ကဲ့သို့ ဂါရဝမပြုဘဲ ကြောင်တက်တက်ကြီး ရပ်နေမိကြ၏။ သူတို့၏နောက်လိုက်လေ့ထိုးသားတို့သည်လည်း ဟိုကြည့်ဒီကြည့်နှင့် ယောင်ချာချာရပ်လျက်သာ ရှိကြ၏။

ထို့နောက် ရွာသူကြီးက သူတို့ကို နတ်ကွန်းထဲမှခေါ်ခဲ့ပြီး ပွဲဈေးတန်းရှိ ကျယ်ဝန်းကြီးမားသော ဆိုင်တစ်ဆိုင်ထဲသို့ ဦးဆောင်ဝင်သွားကာ ဆိုင်ထဲရှိ ထိုင်ခုံများ၌ အားလုံးကို ထိုင်စေ၏။

ထိုင်ခုံများမှာ ဝါးတို့ဖြင့် ပြုလုပ်ထားပြီး ထိုင်ခုံအချို့ဝယ် ထိုင်ကာ စားသောက်နေကြသည့် ရွာသူရွာသားအချို့ကို တွေ့ရလေ၏။

"ကဲဟေ့ . . . ငါတို့ရွာရဲ့ ဧည့်သည်တော်ကြီးတွေကို ဘူးသီးကြော်နဲ့ ဂါရဝပြုကျွေးမွေးကြစမ်းဟေ့"

ဟု ရွာသူကြီးက သူ၏အောင်မြင်ခန့်ငြားလှစွာသော အသံကြီးဖြင့် ပြောလိုက်သည်တွင် မိန်းမပျိုလေးနှစ်ဦးသည် ကြွပ်ရွှမ်းနေသည့် ဘူးသီးကြော်ပန်းကန်များကို ယူလာကြပြီး ဝါးစားပွဲပေါ်သို့ ချပေးကြလေ၏။

"ကဲ . . . ဒီက ကျုပ်တို့ရွာရဲ့ဧည့်သည်တော်ကြီးများ သုံးဆောင်ကြပါ၊ ဘာမှအားနာမနေနဲ့၊ ကျုပ်တို့ရွာမှာတော့ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ သီးနှံမျိုးစုံပေါသဗျ၊ အဲ . . . ရှားတာဆိုလို့ ဆန်စပါးပဲ ရှိသဗျို့"

ဟု ရွာသူကြီးက ပြောလိုက်ရာ မွှေးကြိုင်နေသည့် ဘူးသီးကြော်ကို ဦးနေဝင်းက စားနေရင်း . . .

"ဆန်စပါးက တကယ်ပဲ ရှားသလားဗျ၊ ပင်လယ်ပိုင်းက ရွာတွေမှာလည်း ဆန်စပါးရှားတယ်လို့ ကြားရတယ်၊ သူတို့က တံငါရွာတွေဆိုတော့ ရွာကယောကျာ်းတိုင်းလိုလို ငါးဖမ်းဖို့ပဲ စိတ်အားထက်သန်ပြီး ပင်လယ်ထွက်ဖို့ပဲ လှုံ့လပြုနေကြတဲ့ ပင်လယ်ပျော်တွေဆိုတော့ လယ်ယာစိုက်ပျိုးတဲ့အလုပ်ကို သိပ်မလုပ်ကြဘူးလို့ သိရတယ်ဗျ၊ ဒါကြောင့် အဲဒီရွာတွေဘက်မှာ ဆန်စပါးရှားတယ်ဆိုတာနဲ့ ကျုပ်က အခုလို ဆန်တွေသွားရောင်းဖို့ ဆန်အိတ်တွေကို လှေနဲ့ အပြည့်သယ်လာခဲ့တာပါ သူကြီး"

ဟုပြောလိုက်ပြီးနောက် လက်ဖက်ခြောက်ရန့်သင်းနေသည့် ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်လေ၏။

ရွာသူကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

"ဒီမှာဗျ . . . ဆန်ကုန်သည်ကြီးရဲ့ ခင်ဗျားမှာ ဆန်အိတ်တွေ ပါလာတယ်ဆိုတော့ ဘယ်နှစ်အိတ်တောင် ပါလာသလဲဗျ၊ ပြီးတော့ ပင်လယ်ပိုင်းမှာ ခင်ဗျားသွားရောင်းတဲ့အခါ ဆန်တစ်အိတ်ကို ဘယ်လောက်ဈေးနဲ့ ရောင်းမှာလဲဗျ"

"အင်း . . . အိတ်ပေါင်းနှစ်ရာလောက် ပါတယ်ဗျ၊ နှစ်တင်းခွဲအိတ်တစ်အိတ်ကို ငါးမတ်လောက်နဲ့ ရောင်းမယ်လို့ ရည်ရွယ်ထား





တယ်"

ထိုအခါ ရွာသူကြီးက သူ၏နှုတ်ခမ်းမွေးကားကားကြီးကို လက်ချောင်းလေးများနှင့် သပ်လိုက်ပြီး . . .

"ကျုပ်ဝယ်ချင်တယ်ဗျာ"

"ဟာ . . . သူကြီးရယ်၊ ဝယ်ချင်လည်း ဝယ်ပေါ့ဗျာ၊ ဒါထက် ဘယ်နှစ်အိတ်လောက် ဝယ်ချင်တာလဲ"

"ကျုပ်က ခင်ဗျားမှာပါတဲ့ ဆန်အိတ်အားလုံးကို ဝယ်ချင်တယ်၊ ဆန်တစ်အိတ်ကို ရွှေဒင်္ဂါးတစ်ပြားပေးမယ်ဗျာ၊ ခင်ဗျားရောင်းနိုင်မလား"

ဟုဆိုလိုက်ရာ ဦးနေဝင်းမှာ သူ့နားပင် သူမယုံနိုင်လောက်အောင် ဖြစ်သွားပြီး . . .

"ဗျာ . . . ဆန်တစ်အိတ်ကို ရွှေဒင်္ဂါးတစ်ပြားပေးမယ် . . ဟုတ်လား"

ဟု အံ့ဩဝမ်းသာ မေးလိုက်လေ၏။

"ဟုတ်ပါတယ် . . . အဲဒီဆန်တွေကို ကျုပ်က ဝယ်ပြီးတော့ ဒီနတ်ပူဇော်ပွဲကြီးမှာ လာသမျှလူကို ဆန်တွေဝေငှပြီး လှူလိုက်ချင်လို့ပါ၊ ကျုပ်တို့ရဲ့ဒေသမှာ ဆန်က ရှားတယ်လေဗျာ၊ ဒီတော့ ကျုပ်တို့ရွာက နတ်ပွဲကို ရွာနီးချုပ်စပ်က လူတွေလည်း လာကြတယ် မဟုတ်လား၊ အဲဒီလို လူစုံတက်စုံနဲ့ သူတို့စုဝေးရောက်ရှိလာကြတုန်းမှာ သူတို့အားလုံးကို ကျုပ်က ဒီဆန်တွေကို ဝေငှလှူဒါန်းလိုက်ချင်လို့"

ဟု ပြုံးပြုံးကြီးပြောလိုက်လေရာ ဦးနေဝင်းလည်း လှိုက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်သွားလေ၏။ ပြီးတော့မှ စိတ်တွင်းကနေပြီး . . .

"အင်း . . . ဆန်တစ်အိတ်ကို ရွှေဒင်္ဂါးတစ်ပြားဆိုတော့ ဆန်အိတ်နှစ်ရာဆိုရင် ဒင်္ဂါးနှစ်ရာတောင်ရမှာပါလား၊ စတီးဘရား သားကုမ္ပဏီကို ဆန်အိတ်ဖိုးတွေ ပြန်ရှင်းပေးပြီးရင် ငါ့အတွက် အကျိုး အမြတ်က အများကြီးပဲ ရမှာပါလား၊ ပြီးတော့ ငါက ဒီရွာမှာတင် အရောင်းအဝယ်ဖြစ်သွားရင် ပင်လယ်ပိုင်းကို အချိန်ကုန်ခံ၊ စရိတ် ထပ်အကုန်ခံပြီး ဆက်သွားစရာ မလိုတော့ဘူး၊ ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒီမှာပဲ ငါ့ဆန်တွေကို ရောင်းထုတ်ပစ်လိုက်မယ်၊ ငါတော့ ဒီ တစ်ချီတည်းနဲ့ ကြီးပွားပြီ"

ဟူ၍ အတွေးဖြင့် ကြည်နူးကျေနပ်သွားလေ၏။

"ဟုတ်ပြီဗျာ . . . ဒါဆို ကျုပ်ရဲ့ဆန်တွေကို ရောင်းမယ်"

ဟုပြောလိုက်သည်နှင့် သူကြီးဆိုသူက ထိုင်ရာက ထလိုက် ပြီး . . .

"ဟုတ်ပြီ . . . ဒါဆို ကျုပ်ရဲ့အိမ်ကို လိုက်ခဲ့ကြပါဦးဗျာ"

သို့ဖြင့် ဦးနေဝင်းဦးဆောင်လျက် သူတို့အားလုံး ရွာသူကြီး ၏အိမ်သို့ လိုက်ပါသွားကြရာ နတ်ပွဲကျင်းပရာ ရွာလယ်ကွက်လပ် အလွန် ခြံဝိုင်းနှစ်ဝိုင်းကျော်ရှိ ခြံကြီးထဲရောက်သွားသည်တွင် ရေနံ ဆီမီးအိမ်များ ထိန်ထိန်ညီးစွာ ထွန်းညှိထားသည့် နှစ်ထပ်အိမ်ကြီး ကို တွေ့ရှိရလေ၏။

"ကဲ . . . လာဗျာ၊ အိမ်ပေါ်တက်ကြပါ"

သူကြီးက အိမ်အဝရောက်သည်နှင့် ဖိတ်ခေါ်သဖြင့် ကျွန်း





ပျဉ်းကတိုး စသည့် သစ်ကောင်း၊ ဝါးကောင်းတို့ဖြင့် ဆောက်လုပ် ထားသော အိမ်ကြီးပေါ်သို့ တက်ခဲ့ကြ၏။ ယင်းအိမ်ကြီး၏ခေါင်း ရင်းခန်းရှိ ကျွန်းသေတ္တာကြီးအနီးသို့အရောက်တွင် သူကြီးက . . .

"ကဲ . . . ဆန်ကုန်သည်ကြီး၊ ခင်ဗျားရဲ့ဆန်တွေကိုတော့ ကျုပ်လိုက်မကြည့်ရသေးဘူး၊ ခင်ဗျားကို ဆန်ဘိုးအတွက် ကျသင့်တဲ့ ရွှေဒင်္ဂါးတွေ ပေးလိုက်မယ်"

ဟုဆိုကာ ကျွန်းသေတ္တာကြီးကို အဖုံးဖွင့်ပြလိုက်၏။

ယင်းကျွန်းသေတ္တာကြီးအတွင်း၌ သေတ္တာနှင့်အပြည့်ရှိနေ သော ရွှေဒင်္ဂါးများကို ရေနံဆီမီးအိမ်၏ အလင်းရောင်အောက်ဝယ် ရွှေရောင်တဝင်းဝင်း တလက်လက်ဖြင့် တွေ့လိုက်ရသဖြင့် ဦးနေဝင်း သာမက လှေသူကြီးဦးသာမြနှင့် လှေထိုးသားအားလုံးမှာ လွန်စွာ အံ့အားသင့်သွားကြ၏။

"ကဲ . . . ကျုပ်ရဲ့ရွှေဒင်္ဂါးတွေကို ယူကြည့်ပါဦး၊ ဆန်ကုန် ကြီးရဲ့"

ဟု သူကြီးက ဆိုလိုက်သဖြင့် ဦးနေဝင်းလည်း ရွှေဒင်္ဂါး နှစ်ပြားသုံးပြားခန့်ကို ယူကြည့်လိုက်၏။ ရွှေသားရွှေရည်ကောင်းလှ သည့် ရှေးဟောင်းရွှေဒင်္ဂါးပြားများ ဖြစ်သည်ကို တွေ့ရ၏။

"အလိုလေး . . . ရွှေရည်ကလည်းကောင်း၊ အလေးချိန်က လည်း စီးလိုက်ပါဘိနဲ့၊ ဒီရွှေဒင်္ဂါးပြားတစ်ပြားဆို ပေါက်ဈေးနဲ့ အလွန် တန်မှာပါလား၊ ငါ့မှာပါတဲ့ ဆန်အိတ်အားလုံးဟာ ဒီရွှေဒင်္ဂါးအပြား နှစ်ဆယ်လောက်နဲ့ တန်ဘိုးညီမယ်၊ ပိုတဲ့ရွှေဒင်္ဂါးအားလုံးဟာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပဲ"

ဟုတွေးလိုက်ပြီး ဦးနေဝင်းသည် ဝမ်းသာပီတိဖြစ်၍မဆုံး ရှိနေတော့၏။

"ကဲ . . . ဆန်ကုန်သည်ကြီး၊ ဘယ်လိုလဲ . . . ကျုပ်ရဲ့ရွှေဒင်္ဂါးတွေနဲ့ ခင်ဗျားရဲ့ဆန်တွေအားလုံးကို ဝယ်မယ်၊ ကျုပ် ခုနင်က ပြောထားတဲ့အတိုင်းပဲ ဆန်တစ်အိတ်ကို ဒင်္ဂါးတစ်ပြားနှုန်းနဲ့ ငွေချေမယ် . . . ကျေနပ်လား"

"ဟား . . . ကျေနပ်ပြီလားဗျာ၊ သူကြီးပြောတဲ့ ပုံစံနဲ့ အရောင်းအဝယ်လုပ်ဖို့ ကျုပ် . . . ကျုပ်သဘောတူပါတယ်"

ဟု အထစ်ထစ်၊ အငေါ့ငေါ့ဖြင့် အားရဝမ်းသာ ပြောလိုက်လေ၏။

"ကဲ . . . ဒါဆို ခင်ဗျားရဲ့ဆန်အိတ်တွေကို သွားကြည့်ကြတာပေါ့၊ ဆန်ကတော့ ဆန်ကောင်းတွေဖြစ်မယ် ထင်ပါရဲ့"

"ဟာ . . . ကျုပ်ရဲ့ဆန်တွေက ဆန်ကောင်းတွေပါဗျာ၊ စိတ်ချပါ"

"အေးဗျာ . . . ဒါဆို ဆန်အိတ်တွေ သွားကြည့်ကြတာပေါ့၊ ပြီးမှ ငွေချေမယ် . . . ဟုတ်ပြီလား"

ဦးနေဝင်းက ခေါင်းညိတ်ပြီး လက်ထဲမှ ရွှေဒင်္ဂါးသုံးပြားကို သေတ္တာထဲပြန်ထည့်ပေးလိုက်လေ၏။ ထို့နောက် သူကြီးက ရွှေဒင်္ဂါးသေတ္တာကြီး၏အဖုံးကို ပြန်ပိတ်လိုက်လေ၏။

ထို့နောက် သူကြီးက စိတ်မြန်လက်မြန်ဆိုသလို ထိုင်ရာက





ထလိုက်ပြီး . . .

"သွားကြမယ် . . ."

ဟုပြောလိုက်သဖြင့် ဦးနေဝင်းလည်း အံ့ဩသောမျက်နှာဖြင့် သူကြီးကိုကြည့်လိုက်ပြီး . . .

"ဒီရွှေဒင်္ဂါးသေတ္တာကြီးကို သော့မခတ်ဘူးလားဗျာ"

ဟု မေးလိုက်သည်တွင် ရွာသူကြီးက သဘောကျစွာ ရယ်လိုက်ပြီး . . .

"ကျုပ်တို့ရွာမှာ ဆန်သာ ရှားတယ်ဗျ၊ ဒီလိုရွှေငွေဒင်္ဂါးတွေက ပေါတယ်၊ ရွာသိမ်ရွာငယ်ဆိုပြီးတော့ အထင်မသေးလိုက်ပါနဲ့ ဆန်ကုန်သည်ကြီးရဲ့၊ ကျုပ်တို့ကလေးတွေဆို ရွှေဒင်္ဂါးကို ထွေခင်းကစားနေကြတာ၊ ကျုပ်တို့ရွာရဲ့အိမ်တိုင်းမှာ ရွှေဒင်္ဂါးတွေ၊ စိန်ကျောက်ရတနာတွေ ရှိတယ်၊ ပြီးတော့ ကျုပ်က ဒီရွာသူကြီးဆိုတော့ ကျုပ်ရဲ့အိမ်ကို ဘယ်သူကျူးကျော်ဝင်ရောက် ခိုးယူရဲမှာလဲ၊ သော့ခတ်စရာ မလိုပါဘူးဗျာ"

ဟုရယ်မောပြီး အိမ်ပေါ်မှ ဦးဆောင်ကာ ဆင်းသွားလေ၏။

ရွာသူကြီးက ရွာထဲမှဖြတ်ပြီး ဦးနေဝင်းတို့လှေ ဆိုက်ကပ်ထားရာ ချောင်းကမ်းစပ်သို့ ပြန်လျှောက်လာကြရာ လမ်းတစ်လျှောက်ဝယ် ရွာသူရွာသားအချို့ကို အော်ဟစ်ခေါ်လာ၏။

"ဟေ့ကောင်တွေ လိုက်ခဲ့ကြစမ်း၊ ချောင်းထဲမှာ ဆန်လှေရောက်လာလို့ဟေ့၊ ငါ အဲဒီဆန်တွေဝယ်ပြီး လှူမလို့ ဆန်အိတ်လိုက်ထမ်းပေးကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများမှာ အပြေးအလွှား လိုက်ပါလာကြလေ၏။

"သူကြီးက ကျုပ်တို့ကို ဆန်လှူမလို့ . . . ဟုတ်လား"

"ဒါပေါ့ကွာ၊ လူတစ်ကိုယ် ဆန်နှစ်ပြည်၊ သုံးပြည်လှူမယ်၊ နတ်ပူဇော်ပွဲလာတဲ့ လူအားလုံးကို လှူမှာ၊ မင်းတို့ ဆန်အိတ်တွေ လိုက်ထမ်းကြဟေ့"

"ဟုတ်ကဲ့ . . . သူကြီး . . . ဟုတ်ကဲ့ပါ"

"ဟေ့ . . . ငါတို့သူကြီးက ဆန်လှူမလို့တဲ့ဟေ့"

တစ်ရွာလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"ဟယ် . . . သူကြီးက ဆန်လှူမလို့တဲ့တော်"

ဟူ၍ ရွာသားများမှာ ဝမ်းသာအားရအော်ဟစ်ပြောဆိုကြပြီး ထမီမနိုင်၊ ပုဝါမနိုင် ပြေးထွက်လာကြကုန်၏။

"သူကြီး . . . သူကြီးက ဆန်ဘယ်လောက်လှူမှာလဲတော့"

ဟု အော်မေးကြရာ သူကြီးက . . .

"လူတစ်ယောက်နှစ်ပြည်နှုန်းပေးမှာ၊ နတ်ကွန်းကွင်းပြင်က စောင့်နေကြ"

ဟု ပြန်အော်ပြောလိုက်ရာ ရွာသူရွာသားများရော ကလေးများပါ . . .

"ဝေး . . . ဒါမှ တို့သူကြီးကွ"

ဟု အော်ဟစ်ပြီး ရွာလယ်ရှိ နတ်ပွဲကျင်းပနေရာ ကွင်းပြင်ကွက်လပ်သို့ ဝမ်းသာအားရ ပြေးလွှားသွားကြတာကို မြင်ရသည်မှာ ပျော်ရွှင်စရာ၊ ပီတိဖြစ်ဖွယ်ပင်။





ဦးနေဝင်းသည် ဆန်ရမည်ဆို၍ အူမြူးနေကြသော ရွာသူရွာသားတို့နှင့် ကလေးများကိုကြည့်ပြီး . . .

"အင်း . . . ဒီရွာကလူတွေဟာ ရွှေငွေဥစ္စာပေါပါလျက် ဆန်စပါးအတော်ရှားပါးကြပုံပဲ၊ ကြည့်ပါဦး . . . ဆန်ရမယ်ဆိုတာနဲ့ အိမ်ဝိုင်းတွေထဲကနေ အလုအယက် ထွက်လာလိုက်ကြတာ ပျော်စရာကြီးပါလား၊ သူကြီးကတော့ ကုသိုလ်တွေ အများကြီးရဦးတော့မှာပဲ၊ ငါတောင် လှူချင်စိတ်ပေါက်လာတယ်"

ဟု ပီတိဖြာလျက် တွေးနေမိ၏။

သို့ဖြင့် ချောင်းကမ်းစပ်သို့ မီးတုတ်တထိန်ထိန်ဖြင့် သူတို့လူစုရောက်ရှိလာရာ လှေသူကြီးဦးသာမြနှင့် ဦးနေဝင်းက ဦးဆောင်လျက် လှေပေါ်သို့ တက်ခဲ့ကြပြီး လှေဝမ်းထဲရှိ တာလပတ်လွှမ်းထားသည့် ဆန်အိတ်တို့ကို တာလပတ်ကို လှန်ပြလိုက်ကြလေ၏။

"ကဲ . . . ဒီမှာ ကျုပ်ရဲ့ဆန်အိတ်တွေ . . . "

ရွာသူကြီးမှာ ကျေနပ်သဘောကျစွာ ပြုံးလိုက်ပြီးနောက်-

"ဟုတ်ပြီဗျာ . . . ဆန်အိတ်တွေက အားရစရာပါလား။ ကဲ . . . ဒီလိုလုပ်ရအောင်၊ ကျုပ်ရဲ့ရွာသူရွာသားတွေက ဆန်လှူမယ်ဆိုတာနဲ့ အင်မတန်ကို ပျော်ရွှင်နေကြတာ ခင်ဗျားအမြင်ပဲ၊ ဒီတော့ ဒီဆန်အိတ်တွေကို အခုပဲ ယူသွားပြီး လှူလိုက်ချင်ပြီဗျာ၊ ခင်ဗျားတို့လည်း ရွာထဲကို ပြန်လိုက်ခဲ့ကြပါ၊ အားလုံးလှူဒါန်းပြီးမှပဲ ငွေချေကြတာပေါ့၊ ခင်ဗျားတို့ရဲ့လှေထိုးသားတွေကိုပါ ဆန်အိတ်တွေ ဝိုင်းသယ်ခိုင်းလိုက်ပါ၊ သူတို့ကိုလည်း ကျုပ်က ရွှေဒင်္ဂါးတစ်ပြားစီ လုပ်အားခ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ချီးမြှင့်ပါမယ်၊ လှေသူကြီးလည်း ရပါစေ့မယ်"

ဟု စေတနာသဒ္ဓါတရား လွန်စွာထက်သန်သည့် လေသံဖြင့် ပြောလိုက်ရာ လှေထိုးသားများပါ ရွှေဒင်္ဂါးရကြမည်ဆို၍ လွန်စွာပျော်ရွှင်သွားကြ၏။

"အေးပါဗျာ . . . ရပါတယ် သူကြီးရဲ့ နောက်မှပဲ ငွေချေပါ၊ ဆန်အိတ်တွေ သယ်သွားပါ"

ဟု ဦးနေဝင်းက ပြုံးပြုံးကြီးပြောလိုက်ရာ လှေထိုးသားများနှင့် ရွာသူရွာသားများမှာ ဆန်အိတ်များကို ကောက်ထမ်းကြလေတော့၏။

သူတို့လူစု ဆန်အိတ်များထမ်းလျက် ရွာထဲဝင်လာကြချိန်တွင် ကလေးများက နံဘေးမှ အပြေးလိုက်လာကြ၏။

"ဟေး . . . ငါတို့ဆန်တွေ ရတော့မယ်ဟေ့"

ဟု ဝမ်းသာအားရ အော်ဟစ်ခုန်ပေါက်ကာ ကြိုဆိုကြလေ၏။

နတ်ပွဲကျင်းပရာ ရွာလယ်ရှိ ကွက်လပ်မြေသို့ ရောက်ရှိသည်တွင် ရွာသူကြီးက ဆန်အိတ်များကိုဖောက်ကာ ပြည်တောင်းတစ်ခုဖြင့် သူကိုယ်တိုင်ခြင်ပြီး ဝေငှလေ၏။ ရွာသူရွာသားတို့မှာ အိတ်များ၊ ဇန်းများနှင့် ဆန်များကို ခံယူကြလေ၏။

သူကြီးက ဆန်ခြင်ထည့်ပေးရ၍ လက်ညောင်းလျှင် ဦးနေဝင်းက မနေသာဘဲ ဝင်ရောက်ခြယ်တွယ်ကာ ရွာသူရွာသားများကို ဆန်ဝေငှပေးလေ၏။ ထို့နောက် လှေသူကြီးဦးသာမြနှင့် လှေထိုးသားများလည်း တစ်လှည့်စီ ဆန်ကိုဝိုင်းဝန်းခြင်တွယ်ဝေငှပေးကြ၏။





ထိုရွာမှ ရွာသူရွာသား အဘိုးအို၊ အဘွားအို၊ ကလေး၊ လူကြီး တစ်ယောက်မကျန်ဘဲ ဆန်နှစ်ပြည်စီရကြသည့်အပြင် နတ်ပွဲလာသည့် ရွာနီးချုပ်စပ်မှ လူများလည်း ရရှိကြလေရာ အားလုံးမှာ ပျော်တပြုံးပြုံး ဖြစ်နေကြတော့၏။

သို့နှင့် ဆန်လှူဒါန်းခြင်းမှာ အာရုဏ်ရောက်လုလုတွင်မှ ဆန်များအားလုံး ကုန်သွားသလို လူအားလုံးလိုလို ဆန်ရကာ ဆန်လှူဒါန်းပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားလေတော့၏။

"ကဲ . . . ဆန်ကုန်သည်ကြီးရေ၊ ကျုပ်တို့ရဲ့ဆန်လှူပွဲကြီးကတော့ အောင်မြင်သွားပြီ၊ ဒီလိုအောင်မြင်မှု အထိမ်းအမှတ်နဲ့ ကျုပ်က ခင်ဗျားတို့ကို ကောင်းကောင်းကြီး ဧည့်ခံကျွေးမွေးဦးမယ်ဗျာ"

ဟု သူကြီးက ဝမ်းသာအားရစကားဆိုလိုက်ပြီး . . .

"ကဲ . . . လာ . . . ခင်ဗျားတို့ရဲ့ လှေကြီးဆီသွားပြီး ကျုပ်တို့လွတ်လွတ်လပ်လပ် စားကြသောက်ကြရအောင်၊ ကျုပ်ရဲ့တပည့်တစ်ယောက်ကို ချက်အရက်ပုလင်းတွေ ခင်ဗျားတို့ရဲ့လှေဆီ ပို့ခိုင်းထားလိုက်ပြီ၊ ဒီရွာထဲမှာဆို ကျုပ်တို့သောက်ရ၊ စားရတာ မလွတ်လပ်ဘူး၊ ကျုပ်ရဲ့ရွာသူရွာသားတွေက ကျုပ်အရက်သောက်တာမြင်ရင် ကျုပ်အပေါ်မှာ လေးစားမှုတွေ လျော့သွားမှာစိုးလို့ပါ၊ ကျုပ်က ဒီညအဖို့ ဆန်တွေလှူဒါန်းဝေငှရလို့ သိပ်ပျော်တဲ့အထိမ်းအမှတ်နဲ့ အရက်ကိုမူးအောင် သောက်ပစ်ချင်တာဗျ၊ ခင်ဗျားတို့နဲ့ မိတ်ဖြစ်ဆွေဖြစ် ပျော်ပျော်ပါးပါးကြီး သောက်စားကြတာပေါ့ဗျာ၊ ကျုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေက အမြည်းပါ စီစဉ်ထားပြီးသားဗျ"

ဟု ခပ်တိုးတိုးပြောကာ ဦးနေဝင်းနှင့် ဦးသာမြတို့၏ အလယ်မှနေ၍ သူတို့၏ပုခုံးများကိုဖက်ကာ ရွာလယ်လမ်းမှ ခေါ်လာသဖြင့် ဦးနေဝင်းတို့မှာလည်း ချောင်းကမ်းစပ်သို့ လိုက်ပါလာရပြန်၏။

လှေပေါ်သို့ ရောက်သည့်တွင် ပြောင်တလင်းခါသွားပြီဖြစ်သော လှေဝမ်းထဲ၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြပြီး ချက်အရက်ပုလင်းများကိုဖွင့်ကာ အမြည်းပန်းကန်များကို ရှေ့၌ချလိုက်ကြ၏။

"အမြည်းက ဘာသားတုန်းဗျ၊ ဟင်းတွေက မွှေးလိုက်တာ"

ဟု လှေသူကြီးဦးသာမြက မေးလိုက်သည့်တွင် . . .

"ဟား . . . ဟား . . . ဟား . . . လိပ်အသည်းလေ၊ လိပ်အသည်းကို ဆီပြန်ချက်ထားတာ၊ အားရပါးရသာ မြည်းကြ၊ ကျုပ်တို့ရွာဘက်မှာ လိပ်က သိပ်ပေါတာ"

ဟုပြောလိုက်ရာ သူတို့တွေလည်း အံ့အားသင့်သွားရာမှ သဘောကျသွား၏။

"ဟုတ်လိုက်လေဗျာ၊ ဒီညဦးတုန်းကလည်း ကျုပ်တို့ ချက်အရက်ကို လိပ်သည်းနဲ့ မြည်းခဲ့ကြတာ၊ ဒီညအဖို့တော့ အမြည်းကောင်းကောင်းနဲ့ နှစ်ကျော့ပြန် မူးရဦးတော့မှာပဲဗျို့"

ဟု လှေသူကြီးကပြောပြီး ချက်အရက်ကို စတင်မော့လိုက်လေတော့၏။

"ကဲ . . ဆန်ကုန်သည်ကြီးလည်း သောက်ဗျာ၊ လိပ်အသည်းကိုလည်း မြည်းဦး၊ ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ ဆိုတာ ကြားဖူးတယ်





မဟုတ်လားဗျ၊ လိပ်သည်းဆိုတာ ကောင်းမှကောင်းပဲ"

ဟု သူကြီးက တိုက်တွန်းလေရာ ဦးနေဝင်းမှာ လွန်စွာမှ အရသာရှိလှသော လိပ်သည်းကို မြည်းလိုက်၊ ချက်အရက်ကို သောက်လိုက်ဖြင့် ရှိနေ၏။ လွန်စွာမှ ပင်ပန်းခဲ့မှုကြောင့် စားလို့သောက်လို့ကောင်းလှပေရာ မည်မျှစား၍၊ မည်မျှသောက်မိမှန်းပင် မမှတ်မိတော့ဘဲ လူမှန်းသူမှန်းမသိလောက်အောင် ဒေါင်ချာစိုင်းကာ မူးသွားတော့၏။

နောက်ဆုံး၌ ဦးနေဝင်းသည် အမူးလွန်ကာ လှေဝမ်းထဲမှာပင် လှဲချကာ တုံးလုံးပက်လက်ကြီး အိပ်ပျော်သွားလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

လှေဝမ်းထဲသို့ မိုးရေစက်များ တဖြောဖြောကျလာကာ မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့သို့ ရေစက်များ အေးမြစွာ ပက်ဖြန်းသလို ခံစားလိုက်ရသဖြင့် ဦးနေဝင်းလည်း လန့်နိုးသွားလေ၏။ သူ ညက အမူးလွန်ပြီး လှေဝမ်းထဲမှာပင် အိပ်ပျော်ခဲ့ကြောင်းနှင့် ရာသီဥတုမှာလည်း ညကကဲ့သို့ သာယာခြင်းမရှိဘဲ မိုးဖွဲတို့ ရွာသွန်းနေကြောင်း သတိထားမိလေတော့၏။

သို့ကြောင့် သူသည် လဲလျောင်းနေရာမှ လူးလဲထပြီး ဝန်းကျင်ကိုကြည့်လိုက်ရာ ဦးသာမြနှင့် သူ၏လှေထိုးသားတို့မှာလည်း ပိုးလိုးပက်လက်ဖြင့် အိပ်မောကျနေကြကြောင်း တွေ့ရ၏။ ရွာသူကြီးနှင့် ရွာသားတို့ကိုမူ မတွေ့ရပေ။





"ဟော့လူ . . . ကိုသာမြ . . . ကိုသာမြ . . . ထပါဦးဗျ၊ ဟော့လူ . . . ထစမ်းပါဦး . . . မိုးလင်းပြီ၊ မိုးတွေလည်း ရွာနေပြီဗျ"

လှေသူကြီးဦးသာမြအား အတော်လှုပ်နှိုးလေမှ ဦးသာမြမှာ အင်း . . . အဲနှင့် နိုးလာလေတော့၏။

"ဟာ . . . မိုးတွေရွာပြီး လှေဝမ်းထဲ မိုးတွေပက်ဝင်နေပါလားဗျ၊ အင် . . . ဟင် . . . ကျုပ်လည်း ညက သောက်ကောင်းကောင်းနဲ့ သောက်လိုက်တာ လူမှန်းသူမှန်းကို မသိတော့ဘဲ တစ်ချိုးတည်း အိပ်ပျော်သွားတော့တာဗျ"

ဟု အိပ်မှုန်စုံဝါးဖြင့်ပြောကာ ပြောလျှောကျနေသော ပုဆိုးကိုဝတ်လျက် လူးလဲထလိုက်ပြီး . . .

"ဟို . . . ဟို . . . သူ . . . သူကြီး . . . ရွာသူကြီးနဲ့ ရွာသားတွေရောဗျ"

ဟု လျှာလေးအာလေးသံဖြင့် မေးလိုက်ရာ . . .

"သူတို့ရွာဆီ ပြန်သွားပုံရတယ်ဗျ၊ ကဲ . . . လာဗျာ၊ ကျုပ်တို့ သူတို့ရွာဆီ လိုက်သွားကြရအောင်၊ ဆန်ဘိုးအတွက် ရွှေဒင်္ဂါးနှစ်ရာ သူ့ဆီက ကျုပ်သွားယူရမယ်၊ ခင်ဗျားနဲ့ ခင်ဗျားရဲ့လှေထိုးသားတွေအတွက် ဒင်္ဂါးတွေ လိုက်ယူဦးလေ"

ဟု ဦးနေဝင်းက အလောတကြီး ပြောလိုက်၏။ လှေသူကြီးဦးသာမြမှာ သူ၏မျက်လုံးတွေကို လက်ခုံဖြင့်ပွတ်ရင်း . . .

"အေး . . . ဟုတ်တယ်ဗျ၊ ကျုပ်တို့ပါ ရွှေဒင်္ဂါးတွေ့ရမှာပဲ၊ လာဗျာ . . . သွားယူကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းမြောက်ဝမ်းသာသံကြီးဖြင့် ပြောဆိုကာ ခမောက် တစ်လုံးကိုဆွဲယူပြီး ဆောင်းလိုက်လေ၏။ ဦးနေဝင်းအတွက်လည်း ခမောက်တစ်လုံးယူပေးလိုက်၏။ ပြီးနောက် လှေပေါင်းမိုးအောက်မှ ထွက်ခဲ့ကြပြီး လှေပေါင်းမိုးကို အပေါ်မှ တာလပတ်ဖြင့် အုပ်ထားခဲ့ လိုက်၏။

"ကျုပ်ကောင်တွေကတော့ အိပ်ချင်အိပ်ပါစေဦးဗျာ၊ ညက ဆန်ထမ်းရ၊ ဆန်ခြင်ပေးရနဲ့ သူတို့ခမျာ အတော်လေး ပင်ပန်းသွား ကြတယ်၊ ကျုပ်တို့ပြန်လာမှပဲ ရွှေဒင်္ဂါးတွေ ဝေငှပေးပြီး လှေဝမ်းထဲ က ရေတွေ ပက်ထုတ်ခိုင်းရတော့မှာပဲ"

ထို့နောက် သူတို့နှစ်ဦးသည် ကုန်းဘောင်ပေါ်ဖြတ်ကာ ကမ်းစပ်သို့ တက်သွားလေတော့၏။

ကမ်းပေါ်ရောက်သည်တွင် မိုးဖွဲဖွဲအောက်မှ ခရာတောနှင့် ကွင်းပြင်များကိုသာ တမျှော်တခေါ် မြင်ရလေ၏။ သို့ကြောင့် ဦးနေ ဝင်းက . . .

"ကျုပ်တို့ ညတုန်းက သွားခဲ့တဲ့ရွာက ဘယ်နားမှာတုန်းဗျ"

ဟုမေးလိုက်ရာ ဦးသာမြလည်း မြေပြင်ဝဲယာကို လှည့်ပတ် ကြည့်လိုက်ပြီး . . .

"ဟော . . ဟိုမှာ လူသွားလမ်းဖွေးဖွေးဗျ၊ အဲဒီလမ်းအတိုင်း ညကရွာဆီ ကျုပ်တို့တွေ သွားခဲ့ကြတာပဲ၊ လာဗျာ . . ဒီလမ်းအတိုင်း လိုက်သွားကြတာပေါ့"

သူတို့သည် ခရာတောများ၊ ဆူးရစ်ခြုံများနှင့် ကိုင်းပင်များ





အကြားမှ ဖြတ်လျှောက်လာရင်း ခရီးအတော်ပေါက်သည့်တိုင် ရွာ ကိုမတွေ့ရသဖြင့် စိတ်ဝယ်ဇဝေဇဝါ ဖြစ်လာကြတော့သည်။

သူတို့လာခဲ့ရာလမ်းဝဲယာကို မျှော်ကြည့်ပြန်တော့လည်း ကွင်းပြင်များကိုသာ တွေ့ရလေရာ လမ်းမှားလာခြင်းလည်း မဖြစ် နိုင်ပေ။

"ဗျို့ . . . ကိုသာမြ၊ ညက ကျုပ်တို့ရွာဆီလာတာ ဒီလောက် တောင် မလျှောက်ရပါလားဗျ၊ ခုအတော်လေး လျှောက်လာတာ တောင် ရွာကိုမတွေ့ရပါလား"

ဟုပြောလိုက်ရာ ဦးသာမြလည်း နဖူးဆံစကို ကုတ်လိုက် ရင်းမှ . . .

"အေးဗျ . . . ကျုပ်လည်း အဲဒါပဲ တွေးနေတာ၊ ညက ကျုပ်တို့သွားခဲ့တဲ့ရွာဟာ ဘယ်များရောက်သွားပါလိမ့်လို့၊ လာဗျာ . . . ရှေ့ဆက်လျှောက်ကြည့်ကြတာပေါ့"

ဟုပြောရင်း ဆက်လျှောက်ခဲ့ကြရာ ချုံနွယ်ပိတ်ပေါင်းတို့ မရှိသော ကွပ်လပ်ကွင်းပြင်တစ်ခုဆီသို့ ရောက်ရှိလာတော့၏။ ယင်း ကွင်းပြင်အလယ်၌ ချုံနွယ်တို့ ဖုံးလွှမ်းလျက်ရှိသော အုတ်ဂူလိုလို အုတ်တိုက်ဟောင်းကြီးကို တွေ့ရလေ၏။

လှေသူကြီးဦးသာမြသည် ရေညှိများဘက်ပြီး ချုံနွယ်တို့ရစ် သိုင်းကာ တစ်ဝက်တစ်ပျက်ပြိုကျလျက်ရှိသော အုတ်တိုက်ဟောင်း ကြီးကို အံ့သြစွာ ငေးငိုင်ကြည့်နေရာမှ သူ၏မျက်လုံးများက ကွင်း ပြင်ကွက်လပ်ငယ်၏ ရေစပ်စပ်မြေပြင်ထက်မှ တစ်စုံတစ်ရာတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားရာ ထိတ်လန့်တကြား ဟစ်အော်မိလေသည်။

"အလိုလေး . . . ဘုရားရေ"

ဟု ဦးသာမြက ထိတ်လန့်တကြား မြည်တမ်းလိုက်ရာ ဒုတ်တိုက်ဟောင်းကြီးကို ငေးကြည့်နေမိသည့် ဦးနေဝင်းမှာလည်း လန့်ဖြန့်သွားပြီး ဦးသာမြကို လှည့်ကြည့်ကာ မေးလိုက်လေ၏။

"ကိုသာမြ . . . ဘာဖြစ်တာတုန်းဗျ"

"ဟာ . . . ဘာဖြစ်ရမှာလဲဗျ၊ ဟိုမှာကြည့်စမ်း၊ ဆန် . . . ဆန်တွေ . . ."

ဟု အထိတ်တလန့် ပြန်ဖြေလိုက်ရာ ၄င်းလက်ညှိုးညွှန်ပြရာသို့ ဦးနေဝင်းကြည့်လိုက်တော့ ရေစပ်စပ်တင်လျက်ရှိသော ကွင်းပြင်ကွက်လပ်ငယ်၏ မြေပြင်အနှံ့ဝယ် မြက်များကြား၌ ဆန်ပုံဖြူဖြူဖွေးဖွေးများကို မြင်လိုက်ရသဖြင့် မျက်လုံးများပြူးထွက်သွားမတတ်ဖြစ်ကာ နားမလည်နိုင်အောင် ဖြစ်သွားရတော့၏။

"ဟာ . . . ဒီ . . . ဒီဆန်တွေက ဘယ်က ဘယ်လို . . ."

"ဘယ်က ဆန်တွေရမှာလဲဗျ၊ ခင်ဗျားလှေထဲမှာပါလာတဲ့ ဆန်တွေပေါ့၊ ညတုန်းက ရွာသူကြီးဆိုတဲ့ ပုဂ္ဂိုလ်က လူတွေကို နှစ်ပြည်စီခြင်ပေးတဲ့ ဆန်တွေပေါ့"

ဟုပြောလိုက်ပြီး ချုံနွယ်တို့ တောထကာ ပိတ်ဖုံးနေသည့် အဆောက်အဦးပျက်ကို လက်ညှိုးထိုးပြပြီး . . .

"အဲ . . . အဲဒီဒုတ်တိုက်ကြီးရဲ့အထဲကို ကြည့်စမ်း၊ အထဲက နတ်ရုပ်တုအကျိုးအပဲ့ကြီးကို တွေ့လား၊ အဲ . . . အဲဒါ ညက





ကျုပ်တို့ရောက်ခဲ့တဲ့ နတ်ကွန်းကြီးပဲဗျ"

ဟု တုန်တုန်ခိုက်ခိုက်အသံကြီးဖြင့် ဦးသာမြက ပြောလိုက်ရာ ဦးနေဝင်းလည်း ဒုတ်တိုက်ပျက်ကြီးထဲသို့ ကဲကြည့်လိုက်ရာမှ နတ်ရုပ်တုအကျိုးအပဲ့ကြီးကို တွေ့လိုက်ရသဖြင့် ကြက်သီးမွေးညှင်းများ ထဖျင်းဖျင်းထသွားလေတော့၏။

"ဒါ . . . ဒါဆို . . ."

"ဟုတ်တယ် . . . ကိုနေဝင်း၊ ကျုပ်တို့တော့ နာနာဘာဝတွေရဲ့ အလှည့်စားခံရပြီဗျာ၊ ညက ကျုပ်တို့ရောက်ခဲ့တဲ့ရွာဟာ တကယ်မရှိဘူး၊ ပွဲလမ်းသဘင်ဆိုတာလည်း အတုအယောင်တွေ၊ ညတုန်းက ဒီနတ်ကွန်းကြီးရဲ့ လှပတင့်တယ်နေတာတွေဟာလည်း အစစ်အမှန်မဟုတ်ဘူး၊ တကယ်တော့ ဒီနေရာဟာ နာနာဘာဝတွေရဲ့ရွာပဲ၊ နာနာဘာဝတွေက ကျုပ်တို့ကို လှည့်စားခဲ့တာပဲ"

ဟု ဦးသာမြက အသံတုန်တုန်ဖြင့် ပြောလိုက်ရာ ဦးနေဝင်းလည်း ခေါင်းနပန်းကြီးသွားပြီး . . .

"ဟာ . . . ဒါ . . . ဒါဆို ရွာသူကြီးနဲ့ သူ့ရဲ့ရွာသူရွာသားတွေဆိုတာ တကယ်မရှိဘူးပေါ့ . . . ဟုတ်လား"

ဟု အသံအက်အက်ကွဲကွဲဖြင့် မေးလိုက်တော့ . . .

"ဟုတ်တယ် မရှိဘူး၊ သူတို့အားလုံးဟာ နာနာဘာဝတွေပဲ၊ ဒါကြောင့် တွေ့တယ်မဟုတ်လား၊ ညက လှူတယ်ဆိုပြီး ကျုပ်တို့ခြင်ပေးခဲ့တဲ့ ဆန်တွေက ကွင်းပြင်ကွက်လပ်ထဲမှာ ဟိုတစ်ပုံ၊ သည်တစ်ပုံနဲ့ အပုံလိုက်ရှိနေပြီး မြက်ပင်တွေကြားမှာ ရေမျောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဝင်း၏မျက်နှာမှာ သွေးဆုတ်သွားသကဲ့သို့ ရုတ်တရက် ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး . . .

"ဟာ . . . ဒါ . . . ဒါဆိုရင် ကျုပ်တော့ ရွှေဒင်္ဂါးတွေ မရတော့ဘူးပေါ့၊ ကျုပ်ရဲ့ဆန်တွေအားလုံး ဆုံးရှုံးကုန်ပြီပေါ့ . . . ဟုတ်လား"

ဟု သွေးရူးသွေးတန်း ပြောလေတော့၏။ လှေသူကြီးဦးသာမြက စိတ်မကောင်းသံကြီးဖြင့် . . .

"ဟုတ်တယ် . . . ကိုနေဝင်း၊ ခင်ဗျားရွှေဒင်္ဂါးမဆိုထားနဲ့ ကြေးဒင်္ဂါးတောင် ရမှာမဟုတ်တော့ဘူး၊ ခင်ဗျားရဲ့ဆန်တွေလည်း အားလုံးဆုံးပြီသာ မှတ်လိုက်ပေတော့"

ဦးနေဝင်းမှာ ခေါင်းကို မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွားပြီး ဆံပင်မွေးများ ထောင်ထသွားကာ . . .

"ဟာ . . . သွားပါပြီဗျာ . . . သွားပါပြီ၊ ကျုပ်ရဲ့ဆန်တွေတော့ ကုန်ပါပြီ၊ ကျုပ်ကတော့ ထောင်ထဲဝင်ရတော့မယ်၊ ထောင်တော့ ကျပါပြီ၊ ကယ်ပါဦး . . . ကျုပ်ကို ကယ်ကြပါဦးဗျာ"

ဟု အရူးတစ်ယောက်လို အော်ဟစ်ပြောဆိုရင်း ရေစပ်စပ်မြက်ပင်များကြားမှ ဆန်အပုံလေးများဆီ ပြေးသွားပြီး ဒူးထောက်လျက် လက်ဖြင့် ကျုံးကျုံးယူလေ၏။ လှေသူကြီးဦးသာမြလည်း ဦးနေဝင်းတစ်ယောက်များ သွက်သွက်ခါအောင် ရူးသွားလေပြီလားဟု လွန်စွာမှ စိုးရိမ်သွားလေ၏။

* * * *



# အခန်း (၈)

ဆန်များအားလုံး အလဟဿဆုံးရှုံးသွားသည်ကြောင့် ဦးနေဝင်းသည် လုံးဝရူးသွပ်သွားခြင်း မဟုတ်ပါ။ ရူးသွပ်သွားလျှင်သော်လည်းကောင်း၊ စိတ်ထိခိုက်ပြီး နှလုံးလေရိုက်ကာ နာနာဘာဝတို့ရွာမှာပင် လဲကျသေဆုံးသွားလျှင်သော်လည်းကောင်း သူ့အတွက် တော်ပေဦးမည်။ ပိုကောင်းပေဦးမည်။

ယခုမူ စိတ်ထိခိုက်ခြင်းများစွာဖြင့် ဝါးခယ်မသို့ ပြန်ရောက်လာတော့၏။

ဦးနေဝင်းသည် သူ၏အဖြစ်အပျက်များကို လှေသူကြီးဦးသာမြနှင့် လှေထိုးသားတို့အား သက်သေထား၍ ပြောပြသော်လည်း သူ၏သူငယ်ချင်းဖြစ်သူ ဦးမြခိုင်နှင့် စတီးဘရားသားကွမ်ပနီ

www.burmeseclassic.com



မှ တာဝန်ခံအရာရှိများက လုံးဝလက်မခံပေ။

"ခင်ဗျားတို့တွေ လိပ်အသည်းနဲ့ ချက်အရက်တွေ အသောက်လွန်ပြီး မူးရူးကြရာက မြင်ချင်ရာတွေ လျှောက်မြင်ပြီး ဖြစ်ချင်ရာဖြစ်ခဲ့ကြတာနေမှာပါ။ ဆန်အိတ်နှစ်ရာလုံးကို နာနာဘာဝတွေကြောင့် ဆုံးရှုံးသွားရတယ်ဆိုတာကို ကျုပ်တို့ကုမ္ပဏီက လုံးဝလက်မခံပါဘူး၊ ဒီတော့ ဆန်ဘိုးငွေအားလုံးကို တစ်ပတ်အတွင်းမှာ ပေးလျော်ပါ၊ မလျော်နိုင်ရင်တော့ ကျုပ်တို့ကုမ္ပဏီက ခင်ဗျားကို တရားစွဲရပါလိမ့်မယ်"

ထိုအချိန်မှစ၍ ဦးနေဝင်းမှာ တငိုငို၊ တရယ်ရယ်နှင့် ဖြစ်နေရာ ဇနီးဖြစ်သူ ဒေါ်ရွှေပုမှာ ခင်ပွန်းဖြစ်သူကို မည်သို့နှစ်သိမ့်ပေးရမည်မသိ ဖြစ်နေတော့၏။

"ဒုက္ခပါပဲ မိန်းမရာ၊ ငါတော့ ထောင်ထဲဝင်ရတော့မယ်၊ ငါ့ရဲ့အဖြစ်ကိုက ဆိုးလွန်းပါတယ်ကွာ၊ စတီးဘရားသားရဲ့ဆန်အိတ်တွေ ဘယ်လိုဆုံးရှုံးခဲ့ရတယ်ဆိုတာကို ဘယ်သူ့ကို ပြောပြလို့မှ မယုံဘူးဖြစ်နေတယ်၊ ဒုက္ခတော့ အကြီးအကျယ်ရောက်ပါပြီကွာ"

ဟု တညည်းညည်း၊ တညူညူ လုပ်လျက်ရှိရဲ့ အရင်ကတည်းက မည်သည့်စီးပွားရေးလုပ်ငန်းမျှ လုပ်ဖူးခြင်းမရှိဘဲ လင်ယောကျ်ားလုပ်ကိုင်ရှာဖွေသမျှကိုသာ မှီခိုအားထားတတ်သူ၊ အိမ်မှုကိစ္စအလုပ်သည်သာ အိမ်ရှင်မ၏တာဝန်ဟု ယူဆထားခဲ့သူ ဒေါ်ရွှေပုမှာလည်း ယခုတော့ ဖိုးသူတော်လဲသည်တွင် တောင်ဝှေးမထူနိုင်ဖြစ်နေရှာတော့၏။





သူတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ စံပယ်မြိုင်လေးမှာ လိမ္မာရေးခြားမရှိသဖြင့် ဒေါ်ရွှေပုမှာ သမီးအတွက် ပူရသည်ကတစ်မျိုး၊ လင်ယောကျ်ားအတွက် ပူပင်ရတာက တစ်ဖုံဖြင့် အရှူးမီးဝိုင်းသလို ဖြစ်နေရလေ၏။

မက်ထရစ်တန်းအထိ ပညာသင်ဖူးသော်လည်း ကျောင်းပညာရေးကို စိတ်ဝင်စားခြင်း မရှိတော့သော စံပယ်မြိုင်မှာ မိဘများစီးပွားရေးအဆင်ပြေစဉ်က ကျောင်းအိပ်ကျောင်းစားအဖြစ် နေဖူးသော ရန်ကုန်ရှိ သူငယ်ချင်းများအိမ်သို့ အလည်အပတ်သွားလိုက်၊ ဝါးခယ်မပြန်လာလိုက်ဖြင့် ဟိုကူးသည်ကူးလုပ်ကာ ပညာရေးမှာလည်း မယ်မယ်ရရမရှိ၊ အလုပ်တစ်ခုခုလုပ်ဖို့လည်း စိတ်မဝင်စားဘဲဆိုရှယ်ကျဖို့လောက်သာ စိတ်ဝင်စားနေသူဖြစ်သည်။

စံပယ်မြိုင်သည် ရန်ကုန်မြို့ကြီးရှိ လူကုံထံသူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံနေရာမှ စိတ်ကြီးဝင်လျက်ရှိပြီး သူမ၏လူကုံထံသားသမီး သူငယ်ချင်းများနှင့်အပြိုင် သုံးဖြုန်းတတ်သူဖြစ်ရာသူမမှာ ငွေအမြဲလိုလျက်ရှိပြီး ငွေလိုတိုင်းလည်း ဝါးခယ်မသို့ပြန်လာကာ မိဘထံ လက်ဖြန့်လျက် သူမလိုသော ငွေမရမချင်း နားပူနားဆာလုပ်ကာ ဂျစ်တိုက်ဒုက္ခပေးတတ်၏။

ဒေါ်ရွှေပုမှာ သမီးချောလေးကို အလိုလိုက်ရလွန်းသဖြင့် ရှိသမျှအတွင်းပစ္စည်းလက်ဝတ်လက်စားတို့သည်လည်း ပြောင်သလောက် ဖြစ်နေပေပြီ။

"သမီးရယ် . . . သမီးရဲ့အဖေဟာ အရင်ကလို ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ မဟုတ်တော့ဘူး၊ ဒါကို ငါ့သမီးက နားလည်မှုမရှိဘဲ အရင်ကထက် ပိုသုံးဖြုန်းနေတော့ ကြာရင်ခက်မယ် သမီး"

"အို . . . မေမေကလည်း ပိုက်ဆံတောင်းတိုင်း ညည်းပြနေတာပဲ၊ သမီးမှာ ရန်ကုန်က လူကုံထံသားသမီးတွေနဲ့ ရင်ဘောင်တန်းနေရတာ မေမေရဲ့၊ သူတို့သုံးစွဲသလို မသုံးနိုင်ရင် အရှက်ကွဲပြီး မျက်နှာငယ်ဖို့ပဲ ရှိတယ်၊ ပေးမှာ ပေးစမ်းပါ မေမေရယ်၊ မေမေ့ရဲ့ ကြံဆစ်လက်ကောက်ကို ရောင်းလိုက်"

"ဒီကြံဆစ်လက်ကောက်က သမီးဘွားဘွားမဆုံးခင်က သားစဉ်မြေးဆက်အမွေအဖြစ် ပေးခဲ့တာ-သမီးရဲ့၊ မေမေ ခြေစောင့်လက်စောင့်ထားတာ၊ ဒါလေးကိုတော့ မထိပါရစေနဲ့ သမီးရယ်၊ ငါ့သမီးက လိမ္မာပါတယ်"

"ဒီကြံဆစ်လက်ကောက်ဟာ သားစဉ်မြေးဆက်အမွေဆိုရင် သမီးလည်း ပိုင်ဆိုင်ခွင့်ရှိတာပဲ၊ ဒီတော့ သမီးဘဝရဲ့တက်လမ်းအတွက် အဲဒီကြံဆစ်လက်ကောက်ကိုရောင်းပြီး အသုံးချရမှာပဲ မေမေ၊ သမီး အခုလက်ရေးတိုလက်နှိပ်စက်သင်တန်းတက်ဖို့ အရေးကြီးနေတယ်၊ အဲဒီလက်ရေးတို လက်နှိပ်စက်သင်တန်းတက်ပြီး အောင်လက်မှတ်ရရင် ကုမ္ပဏီကြီးတွေမှာ လစာကောင်းကောင်းနဲ့ စာရေးမတို့၊ မန်နေဂျာတို့ဖြစ်မှာ မေမေရဲ့၊ ဒီတော့ သမီးရဲ့တက်လမ်းကို တားဆီးပိတ်ပင်ဖို့ မကြိုးစားပါနဲ့ မေမေ"

စံပယ်မြိုင်သည် ခေတ်ပညာတတ် မိန်းကလေးတစ်ဦးပီပီ စကားကြွယ်ကြွယ်ပြောကာ မိခင်ကို စကားနာထိုးပြီး တိုက်ပွဲဝင်ရာ





နောက်ဆုံးမတော့ ရိုးအ,လှသည့် မိခင်ဖြစ်သူလည်း သူ့သမီးကို လက်မြှောက်အရှုံးပေးလိုက်ရတော့၏။ နောက်ဆုံးလက်ကျန် ဘိုးဘွားအမွေအနှစ်ဖြစ်သော ကြံဆစ်လက်ကောက်တစ်ရံကို ရောင်းချပေးလိုက်ရ၏။

စံပယ်မြိုင်၏မိဘအပေါ် အနိုင်ကျင့်သုံးဖြုန်းမှုများကြောင့် အတွင်းပစ္စည်းများမှာ တတိတိနှင့် ကုန်ခမ်းသွားရာ ယခုကဲ့သို့ ဖခင်ဖြစ်သူ ကျပ်တည်းဒုက္ခရောက်ချိန်ဝယ် ရောင်းချစရာ၊ လျော်စရာ အတွင်းပစ္စည်း လက်ဝတ်လက်စား လုံးဝမရှိတော့သဖြင့် ဒုက္ခလှလှကြီး တွေ့ရတော့၏။

သို့သော် ယင်းကဲ့သို့သော အချိန်မှာပင် ထူးဆန်းသည့် ကံကြမ္မာပြောင်းလဲမှုက ဖြစ်ပေါ်လာ၏။ ဗတီးဘရားသားကုမ္ပဏီအား ဆန်အိတ်နှစ်ရာကျော်အတွက် ပြန်လျော်ရန် အခက်အခဲကြီးစွာ တွေ့နေရသော ဦးနေဝင်းကို အားပေးရန် သူငယ်ချင်းဖြစ်သူ ဦးထင်ကျော်သည် သူတို့အိမ်သို့ ရောက်ရှိလာရာက သူတို့သမီးစံပယ်မြိုင်ကို တွေ့ရှိသွား၏။

ဦးထင်ကျော်က စံပယ်မြိုင်၏အလှကို သတိပြုမိလိုက်လေ၏။ စံပယ်မြိုင်မှာ သဖန်းသီးလိုပင် အချင်းမရှိသည့်တိုင် အဆင်းက ထူးထူးခြားခြားရှိသူဟု ဆိုရမည်ဖြစ်၏။

သူမသည် မျက်လုံးမျက်ဖန်ကောင်းကာ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါးလေးနှင့် ခန္ဓာကိုယ်သည်လည်း အားကစားလိုက်စားပြီး ကိုယ်ကာယလေ့ကျင့်ခန်း မှန်မှန်လုပ်သူပီပီ မယ်မြန်မာရှုံးလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လှပအချိုးကျသူဖြစ်သဖြင့် ပုရိသမှန်သမျှက တစ်ခါမြင်ရုံဖြင့် ရင်ဖိုလိုက်မောပြီး သွေးများပူနွေးကာ တပ်မက်စွဲလမ်းလောက်အောင် ချောမောလှပရုံသာမက ဆွဲဆောင်မှုညှို့ဓါတ်ပြင်းသူလေးဖြစ်သည်ကို လူရည်လည်သော ဦးထင်ကျော်က ရိပ်စားမိလေ၏။

သို့ဖြင့် ဦးထင်ကျော်သည် နောက်တစ်ရက်ခြားနေ့တွင် ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် ရောက်ရှိသည့်အခါ၌ ဆူးလေဘုရားလမ်းရှိ ဂင်ဇာဟိုတယ်တွင် တည်းခိုရင်း ဟိုတယ်အောက်ထပ်ရှိ စားသောက်ခန်းမဝယ် ညနေခင်းဘီယာစုပ်လျက်ရှိ၏။ ထိုစဉ် ဟိုတယ်အပေါ်ထပ်မှ ဆင်းလာသော မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ ဦးငွေတိုးကို တွေ့လိုက်ရသဖြင့် . . .

"ဟယ်လို . . . ကိုတိုး၊ အိုင်ဆေး . . . ခင်ဗျားဘယ်တုန်းက ရန်ကုန်ဆင်းလာသလဲဗျ၊ ခင်ဗျားနဲ့တောင် မတွေ့ရတာကြာပြီနော်"

ဟု နှုတ်ဆက်လိုက်၏။ ကိုငွေတိုးကလည်း ရင်းနှီးသူများဖြစ်၍ ကိုထင်ကျော်ထိုင်နေသော စားပွဲမှာပင် ဝင်ထိုင်ရင်း ဟိုတယ်စားပွဲထိုးလေးအား ဘီယာနှင့်ကြက်ကြော်၊ အာလူးကြော်တို့ မှာလိုက်၏။ ထို့နောက် . . .

"အိုင်ဆေး . . . ကိုထင်ကျော်၊ မတွေ့ရတာ ကြာပြီနော်၊ ကျွန်တော့်အစ်ကိုခိုင်းလိုက်လို့ မဂိုလမ်း (ယခုရွှေဘုံသာလမ်း) မှာ စိန်ဘာဘူနဲ့ လာတွေ့တာဗျ၊ ချဗျာ . . . ဘီယာထပ်မှာဦး၊ အမြည်းတွေလည်း စား၊ ကြုံတုန်းဆုံတုန်း ကျွန်တော်ဒကာခံပ့ါမယ်"





ဟု ပင့်ကိုယ်သဘောကောင်းသည့် ကိုငွေတိုးက လောကွက်ပြုလိုက်ရာ ကိုထင်ကျော်လည်း အကြိုက်တွေ့သွားပြီး . . .

"အေးဗျာ . . ., ကျုပ်တို့လူပျိုကြီးအချင်းချင်း သောက်ရစားရတာ နိပ်သဗျာ၊ ဘာမှ နောက်ပိုင်းအပူအပင် မရှိဘူး၊ စိတ်ကြိုက်သောက်၊ စိတ်ကြိုက်မှောက်ပဲ . . . ဟဲ . . . ဟဲ"

ဟုရယ်သွမ်းသွေးရင်း ဘီယာမော့လိုက်၊ ကြက်ပေါင်ကိုက်လိုက် လုပ်နေရာမှ . . .

"ဒါထက် ကိုငွေတိုး . . . ခင်ဗျားတို့ရဲ့ကျောက်တွင်းတွေ ကျောက်အောင်တယ် မဟုတ်လားဗျို့"

ဟုမေးလိုက်ရာ ကိုငွေတိုးက ဘီယာကို ဖြည်းဖြည်းချင်း စုပ်သောက်ရင်းက ဘီယာခွက်ကိုချလိုက်ပြီး . . .

"အထိုက်အလျောက်တော့ အောင်ပါတယ်ဗျာ၊ ခုတောင် လက်သီးရည်ကျောက်တစ်လုံးရလို့ ဒီရန်ကုန်က စိန်ဘာဘူနဲ့ ဈေးညှိဖို့ လာခဲ့တာ"

"အင်း . . . ခင်ဗျားတို့ညီအစ်ကိုလည်း စီးပွားရေးပဲ လုံးပမ်းနေတယ်နော်၊ မိန်းမတွေဘာတွေယူဖို့များ မစဉ်းစားတော့ဘူးလား"

ဟုမေးရာ ကိုငွေတိုးက တစ်ချက်ရယ်လိုက်ပြီး . . .

"ဟဲ . . . ဟဲ . . . ယူတော့ ယူချင်တာပေါ့ဗျာ၊ ဒါပေမယ့် စိတ်ကြိုက်မတွေ့သေးလို့ ဆိုပါတော့၊ ချောချောလှလှလေးများတွေ့ရင် ပြောစမ်းပါဗျာ၊ အမေပြောတဲ့ အမောပြေဆိုတာမျိုးပေါ့၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်မှာ အစ်ကိုခိုင်းလို့သာ ကျောက်တွင်းထဲမှာ တစ်နေ့တစ်နေ့ အချိန်ကုန်နေရတာ၊ ငြီးငွေ့လှပြီဗျာ၊ ကိုယ့်ကိုပြုစုယုယမယ့် မဒီချော ချောလေးတော့ လိုချင်စိတ်တစ်ခါတစ်လေ အဖြစ်သားဗျ . . . ဟဲ . . . ဟဲ"

ဟု ရှက်ရယ်ရယ်ရင်း ပြောလိုက်ရာ ငွေကြေးချမ်းသာသော်လည်း လူရိုးလူအေးဖြစ်သူ ကိုငွေတိုးကို ငေးကြည့်ရင်း ဦးထင်ကျော်မှာ တစ်စုံတစ်ရာ အတွေးပေါက်သွားပြီး . . .

"ဟာ . . . ဟုတ်ပြီ၊ အိုင်ဆေး . . . ကိုငွေတိုးရေ၊ ကျုပ်ခုမှသတိရတယ်၊ ခင်ဗျားသဘောကျမှာ သေချာတဲ့ မဒီချောလေး တစ်ယောက် ကျုပ်တွေ့ထားတယ်ဗျ၊ ရုပ်ရည်ရော ကိုယ်လုံးအလှရော အပြစ်ပြောစရာ မရှိဘူးဗျာ၊ ပညာကလည်း မက်ထရစ်အထိ နေဖူးတယ်ဗျ၊ ထက်ထက်မြက်မြက်လည်း ရှိတယ်၊ သူ့မိဘတွေကိုလည်း ကျွန်တော်ပိုင်တယ်၊ ကျွန်တော်က သေဆိုသေ၊ ရှင်ဆိုရှင်ပဲ၊ ကိုင်း . . . ဘယ့်နှယ့်လဲ"

ဟုမေးလိုက်ရာ လူရိုးကြီးကိုငွေတိုး၏ မျက်ဝန်းများမှာ အရောင်တောက်လာပြီး . . .

"အိုင်ဆေး . . . ကိုထင်ကျော်၊ ခင်ဗျားပြောတာနဲ့ ကျွန်တော့်မှာ အိပ်မက်လှလှမက်စရာ၊ စိတ်ကူးနဲ့ရူးစရာ ဖြစ်သွားပြီဗျာ၊ ကိုထင်ကျော်က ကျွန်တော့်ထက် လည်လည်ပတ်ပတ် နှံ့နှံ့စပ်စပ် ရှိပါပေတယ်ဗျာ၊ ခင်ဗျားက မိန်းမတစ်ယောက်ရဲ့တာဝန်ကိုယူရမှာ ဝန်ထုပ်ဝန်ပိုးကြီးလို့ယူဆပြီး အတည်မယူချင်လို့သာ လူပျိုကြီးလုပ်





နေတာပါ၊ တကယ်တမ်းတော့ မိန်းမတွေရဲ့အလှကို ခင်ဗျားက ပိုကြည့်တတ်ပါတယ်၊ ဒီတော့ကာ ကျွန်တော့်အတွက် သင့်တော်မယ်ဆိုရင် အဲဒီမဒီကညာလေးနဲ့ ရွှေဖူးစာမင်ရည်မကျဲရအောင် စီစဉ်ပေးစမ်းပါဦးဗျာ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ကောင်းပြီ . . . ကိုငွေတိုး၊ မိုးကျွနတ်မိမယ်လေးလို လှပတဲ့ မယ်ဗမာလို တောင့်တင်းစိုပြေလှတဲ့ စံပယ်မြိုင်ဆိုတဲ့ မဒီလေးနဲ့ ခင်ဗျားကို ဖူးစာဆုံအောင် ကျုပ်စီမံပေးမယ်ဗျာ၊ အဲဒီမိန်းကလေးက ကျုပ်သူငယ်ချင်းတစ်ဦးရဲ့သမီးဗျ၊ တစ်ဦးတည်းသော သမီး။

အဲ . . . တစ်ခုတော့ ရှိတယ်၊ သူ့မိဘများက တစ်ချိန်က မြစ်ဝကျွန်းပေါ် ဒေသမှာ အင်းလုပ်ငန်း၊ ခြံလုပ်ငန်းလုပ်ပြီး ကြီးပွားချမ်းသာခဲ့ကြတဲ့ တောသူဌေးတွေပဲဗျ၊ ခုတော့ စီးပွားအတော်ကျပြီး မျာများ အတော်ဒုက္ခရောက်နေကြရှာတယ်ဗျာ။

သူတို့က သူတို့သမီးလေးကို လင်ကောင်းသားကောင်းရစေချင်လို့ ကျုပ်ရဲ့လက်အပ်ထားတာဗျ၊ ကောင်မလေးကလည်း တော်တင်နန်းထိုက်အလှမျိုးဗျ၊ ဦးပုညရဲ့မေတ္တာစာထဲကလို မင်းကြိုက်စိုးကြိုက်၊ ကာလသားများနဲ့ လားလားမျှမထိုက်ဆိုတဲ့ အမျိုးအစားထဲကဘူးဗျ၊ ဒီတော့ တော်ရုံယောကျ်ားမျိုးနဲ့လည်း မပေးစားချင်ဘူးလေ။

ခင်ဗျားလို သူဌေးလူပျိုကြီးမျိုးနဲ့ဆို အသက်နှစ်ဆယ်ကျော်ယောက်ကွာတာကို ဂရုမပြုဘဲ လက်ဆက်ပေးဖို့ သဘောတူမှာပါ၊ ခင်ဗျားဘက်ကသာ ထိုက်ထိုက်တန်တန်တင်တောင်းဖို့ စီစဉ်ထားလိုက်ပါ၊ တစ်လအတွင်း ခင်ဗျားနဲ့ စံပယ်မြိုင်တို့ ဖူးစာဖက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို နှာခေါင်းနှင့် ပါးစပ်တို့မှ မှုတ်ထုတ်လိုက်ပြီးနောက် . . .

"ဪ . . . ဒါက ဒီလိုရှိတယ် သူငယ်ချင်းရ၊ ငါစိတ်အေး အေးထားလို့ မင်းကိုပြောတာက အဲဒီပြဿနာရဲ့ထွက်ပေါက်ကို တွေ့ လာလို့ပဲ"

ကိုနေဝင်း၏မျက်ဝန်းအစုံဝယ် မျှော်လင့်ရိပ်တို့ ယှက်သန်း သွားပြီး . . .

"ဘယ် . . . ဘယ်လိုထွက်ပေါက်များလဲဆိုတာကို ပြောပါ ဦး သူငယ်ချင်းရာ"

ထိုအခါ ကိုထင်ကျော်က သူ့မျက်နှာကို တည့်တည့်ကြည့် လိုက်ပြီး . . .

"ဒီလို . . . သူငယ်ချင်းရ၊ ငါဒီတစ်ခေါက် ရန်ကုန်အသွား မှာ ငါ့ရဲ့မိတ်ဟောင်းဆွေဟောင်း သူဌေးတစ်ဦးနဲ့ တွေ့ခဲ့ရတယ်ကွ၊ သူက မိုးကုတ်က ဆင်းလာတာ၊ သူနဲ့ငါ ဟိုတယ်တစ်ခုတည်းမှာ တည်းဖြစ်ရင်း စကားလက်ဆုံကျရာက မင်းအတွက် ထွက်ပေါက်ကို ငါစဉ်းစားမိလိုက်တာပဲ။

အဲဒီသူဌေးက ကိုငွေတိုးတဲ့၊ လူပျိုကြီးပဲ၊ ငါတို့ထက်တော့ ဆယ်နှစ်လောက် ငယ်တာပေါ့ကွာ၊ သူ့မှာ အစ်ကိုတစ်ယောက်နဲ့ ညီမတစ်ယောက်ရှိတယ်၊ သူတို့တွေလည်း လူပျိုကြီး အပျိုကြီးတွေပဲ၊ သူတို့ဟာ မိုးကုတ်က ကျောက်တွင်းပိုင်မျိုးရိုးကွ၊ ခုလည်း အဲဒီမိဘ မျိုးရိုးလုပ်ငန်းဖြစ်တဲ့ ကျောက်လုပ်ငန်းကိုပဲ လုပ်နေတာကွ၊ အတော် လည်း ချမ်းသာကြတယ်။





အဲဒီ ငွေတိုးဆိုတဲ့လူနဲ့ ငါက မန္တလေးဈေးချိုမှာ ရွှေကုန် သည်လုပ်တုန်းက သူတို့ညီအစ်ကိုက ငါစတည်းချရာ ကျောက်မျက် ရတနာရောင်းဝယ်ရေးဆိုင်မှာ ပတ္တမြားကျောက်တွေ လာသွင်းရင်း ရင်းနှီးခဲ့တာကွ။

အဲဒီလူဟာ အသောက်အစား၊ လောင်းကစား၊ မိန်းမ လုံးဝ ကင်းတဲ့လူပျိုကြီးစစ်စစ်ကွာ၊ တစ်ခါတစ်ရံ ဘီယာလေးဘာလေး စုပ် တတ်တာကလွဲလို့ မကောင်းမှုဆို ဘာမှမလုပ်တဲ့လူ၊ တကယ့် လူရိုး သူဌေးကွ။

အဲဒီတော့ ကိုငွေတိုးကို ငါက အနုလုံပဋိလုံကြည့်ရင်း ဒီလို လူရိုးလူကောင်း၊ လူချမ်းသာ သူဌေးလူပျိုကြီးဟာ မင်းရဲ့သမီးချော လေးစံပယ်မြိုင်နဲ့ အလိုက်ဖက်ဆုံးပဲလို့ ငါတွေးမိလိုက်တယ်၊ မင်းစဉ်း စားကြည့်စမ်း၊ သူဟာ မင်းရဲ့သမီးထက် အသက်ဆယ်နှစ်လောက် ပိုကြီးတာကလွဲလို့ ဒီလိုအရည်အသွေးပြည့်ဝတဲ့လူမျိုး မင်းတို့သမက် တော်ရဖို့ မလွယ်ဘူးနော်။

အဲ . . . မင်းရဲ့သမီးနဲ့သာ ကိုငွေတိုးကို လက်ထပ်ထိမ်းမြား စုံဖက်ပေးလိုက်ရရင် မင်းရဲ့သမီးလည်း မိုးကုတ်သူဌေးကတော်ဖြစ် သွားမယ်၊ သူက မင်းရဲ့သမီးကို ထိုက်ထိုက်တန်တန် တင်တောင်းမှာ တဲ့ကွ၊ အဲဒီလို တင်တောင်းတဲ့ငွေဟာ မင်းစတီးဘရားသားကုမ္ပဏီ ကို လျော်ရမယ့်ငွေထက် အဆများစွာပိုမှာ . . .၊။

ကဲ . . . အဲဒီတော့ ငါရည်မှန်းတဲ့အတိုင်း မင်းရဲ့သမီးလေး ကို သူဌေးကိုငွေတိုးနဲ့ လက်ဆက်ပေးလိုက်ရင် မင်းတို့အတွက် သား



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မြွားနတ်မောင်လေး လုပ်မှာပါဗျ

ဟု သဘောကျစွာရယ်ရင်း ဘီယာကို မော့ချလိုက်လေ၏

ယခုလို အသက်သုံးဆယ်ငါးနှစ်ထဲဝင်လာသည့်တိုင်

နှင့်ပတ်သက်ပြီး အတွေ့အကြုံမရှိသည့် ကိုငွေတိုးမှာ ကိုထင်ကျော်

၏ညွှန်းချက်နှင့်ပင် စံပယ်မြိုင်တည်းဟူသော မဒီကညာကို စိတ်ဝ

ပုံဖော်ပြီး တွေ့ချစ်မြင်ချင်စော ဖူးစာဖက်ချင်စောတို့ ထက်သန်

ရင်း ထက်သန်စွာ နေတော့၏။

"ကိုထင်ကျော် ... ကျွန်တော့်ဘက်က မိသားဖုသား

ထိုက်ထိုက်တန်တန် တင်တောင်းပြီး ဖင့်တောင့်တင့်တယ် လ

ထွေဖို့ အဆင်သင့်ပါပဲဗျာ၊ မြန်မြန်သာ နီးရအောင် ကြံစမ်း

ဗျာ့ တွင်တွင်သာ လော်ဆော်လိုက်လေ၏။

သို့ဖြင့် ကိုထင်ကျော်သည် သူ့အလုပ်ကိစ္စပြီးသည်နှင့်

ခယ်မသို့ ချက်ချင်းပြန်သွားလေ၏။

ကိုထင်ကျော်သည် ဝါးခယ်မသို့ရောက်သည်နှင့်

ချင်းဖြစ်သူ ကိုနေဝင်းတို့အိမ်သို့ သွားကာ

"ကိုး ... သူငယ်ချင်းနေဝင်း၊ မင်းရဲ့ဆန်အိတ်တွေ

ကိစ္စအတွက် စိတ်အေးအေးထားပေတော့"

ဟု ခရီးရောက်မဆိုက် ပြောလိုက်ရာ ခေါင်းမီးတောက်

သော ဦးနေဝင်းလည်း အံ့ဩဝမ်းသာဖြစ်သွားပြီး

"မှန်း ... တကယ်လား သူငယ်ချင်း၊ စတီးဘရား

ကုမ္ပဏီက အဲဒီကိစ္စကို လျှော်လိုက်ပြီတဲ့လား"





ဟု အားရဝမ်းသာ မေးလိုက်ရာ ကိုထင်ကျော်မှာ သူ၏

အိတ်ကပ်ထဲမှ ဖွာနေဖဲလေးယား မှုတ်ဆိတ်စီးကရက်ဗူးကိုထုတ်ကာ

စီးကရက်တစ်လိပ်ယူပြီး မီးညှိဖွာရှိုက်ရင်းက

"စတီးဘရားသားကုမ္ပဏီကတော့ သူတို့ကုမ္ပဏီရဲ့အကျိုး

စီးပွားကို တာမြင့်နစ်ဖြားဖို့မှ အဝွန်းအပဲ့ခံမယ့်ကုမ္ပဏီမဟုတ်ဘူး၊

သူတို့ရဲ့ဆန်အိတ်ဖိုးကို တစ်ပတ်အတွင်း မလျော်နိုင်ရင်တော့ မင်း

ကို အလွဲသုံးစားမှုနဲ့ တရားစွဲတော့မှာ။

သူတို့ အဲဒီလိုတရားစွဲရင်တော့ မင်းအဖမ်းခံရမှာပဲ၊ အဲဒီ

အခါ အာမခံရဖို့ တရားရင်ဆိုင်ဖို့၊ ရှေ့နေငှားရတာတွေဘာတွေနဲ့

ဆို မင်းကောင်းကောင်းကြီး ဒုက္ခရောက်မှာပဲ သူငယ်ချင်းရေ။

အဲဒီကြားထဲ အမှုကလည်း ရှုံးဖို့သေချာလေတော့ မင်းတော့

ထောင်ထဲကို တန်းဝင်ရမှာပဲ"

ဟု ခပ်ဖြည်းဖြည်းချင်းပြောလိုက်ရာ ကိုနေဝင်း၏မျက်နှာ

မှ စောစောတုန်းက ထင်ဟပ်လာသော ဝမ်းသာရိပ်တို့ကား ရုတ်ချည်း

ပျောက်ကွယ်သွားကာ သူ၏မျက်နှာဝယ် စိုးရိမ်ပူပန်မှုသောကအရိပ်

များ ရုတ်ချည်းထင်ဟပ်လာလေ၏။

ထိုနောက် ကိုထင်ကျော်၏မျက်နှာကို ညှိုးငယ်စွာကြည့်ရင်း

တုန်တုန်ခိုက်ခိုက်အသံဖြင့်

"ဒါ ... ဒါဖြင့် မင်းစောစောက ပြောတော့ အဲဒီကိစ္စ

အတွက် စိတ်အေးအေးထားဆိုကွ"

ကိုထင်ကျော်က စီးကရက်ကို ဖွာရှိုက်လိုက်ပြီး အငွေ့မြူမြူ



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုးထမ်းတဲ့ ကိန်းဆိုက်မှာကွ၊ ကဲ . . . နေဝင်း ဘယ်လိုလဲ"

ဟုမေးလိုက်ရာ ကိုနေဝင်းသည် ငိုင်တိုင်တိုင်ကြီးဖြစ်သွားသော်လည်း ဇနီးဒေါ်ရွှေပုမှာတော့ သမီးဖြစ်သူ၏ဘဝ ကြီးပွားတိုးတက်သွားပြီး ခင်ပွန်းသည်မှာလည်း ရာဇဝတ်ဘေးဒဏ်သင့်မည့် အဖြစ်ဆိုးမှ လွတ်မြောက်ရမည့်အရေးမို့ လှိုက်လှိုက်လှဲလှဲ သဘောတူလေ၏။ ခင်ပွန်းသည်ကို ကိုထင်ကျော်မိတ်ဆက်ပေးသူနှင့် သမီးဖြစ်သူအား လက်ဆက်ခွင့်ပြုရန် ချက်ချင်းပင် တိုက်တွန်းပြောဆိုလေသည်။

"စဉ်းစားမနေနဲ့ ကိုနေဝင်းရယ်၊ ဒီလိုအခွင့်အရေးမျိုးရဖို့ဆိုတာ မလွယ်ဘူးရှင့်၊ ကျွန်တို့ရဲ့သမီးလေးလည်း လင်ကောင်းသားကောင်းရမယ်၊ ရှင်လည်း ထောင်ကျမယ့်ကိန်းကနေ လွတ်မယ်၊ ဒါကြောင့် ဒီလိုတစ်ချက်ခုတ် နှစ်ချက်ပြတ် အခွင့်အရေးမျိုးကို လက်လွှတ်ခံလို့ မဖြစ်ဘူး၊ ကျွန်မကတော့ လွှတ်သဘောတူတယ် ကိုနေဝင်းရေ"

ဟု တဖွဖွပြောတော့ရာ ထွက်ပေါက်ပိတ်လျက်ရှိသော ကိုနေဝင်းမှာ သူ၏သမီးလေးအား သူငယ်ချင်းကိုထင်ကျော်က အောင်သွယ်ပေးသော ကိုငွေတိုးဆိုသည့် မိုးကုတ်ကျောက်သူဌေးနှင့် လက်ထပ်ပေးစားဖို့ သဘောတူခေါင်းညိတ်လိုက်ရတော့၏။

ထို့နောက် ကြာသော ရက်တစ်ရက်တွင် ကိုထင်ကျော်က ကိုငွေတိုးကို ဝါးခ ၂သို့ အလည်ခေါ်လာပြီး စံပယ်မြိုင်နှင့်ရောမိဘများနှင့်ပါ တွေ့ဆုံပေးလေ၏။ စံပယ်မြိုင်ကလည်း မိဘနားချ





ထားသည့်အတွက် ကိုငွေတိုးနှင့် လက်ဆက်ရန် ငြင်းပယ်ခြင်းမရှိရကား မင်္ဂလာကိစ္စကို ချက်ချင်းစီစဉ်လေတော့၏။

ကိုထင်ကျော်၏တာဝန်ယူမေတ္တာရပ်ခံချက်ကြောင့် စတီးဘရားသားကုမ္ပဏီကလည်း ဆန်ဘိုးအလျော်ငွေပေးရန်ရက်ကို နောက်ထပ်သုံးပတ်မျှ နောက်ဆုတ်ပေးခဲ့လေသည်။

လက်ထပ်ခါနီးနှစ်ပတ်အလိုတွင် ကိုငွေတိုးမှ တင်တောင်းငွေကို ကိုနေဝင်းတို့ ဇနီးမောင်နှံလက်ဝယ်သို့ ရပ်ကွက်လူကြီးများနှင့် ကိုထင်ကျော်တို့၏ရှေ့မှောက်တွင် ပေးအပ်ခဲ့လေ၏။

ထို့နောက်မှာတော့ ကိုနေဝင်းသည် ကိုထင်ကျော်မှတစ်ဆင့် ဆန်ဘိုးငွေအားလုံးကို စတီးဘရားသားကုမ္ပဏီသို့ အလျော်ပေးလိုက်နိုင်တော့သည်။

ကိုငွေတိုးမှာလည်း မိုးကုတ်မှ သူ၏အစ်ကိုကြီး ကိုငွေစိုးအား ရန်ကုန်မှတစ်ဆင့် ဝါးခယ်မသို့ခေါ်လာကာ သူ၏မင်္ဂလာပွဲကို ဝါးခယ်မ၌ကျင်းပရန် စီစဉ်လေ၏။

ကိုငွေစိုးမှာ စီးပွားရေးမှလွဲ၍ 'မ' ကိစ္စ၌ စိတ်ဝင်စားသူ မဟုတ်ရကား ညီဖြစ်သူကို သူ့လိုပင် စီးပွားရေးအား ဦးစိုက်လုပ်စေလိုသော်လည်း ညီဖြစ်သူက မိန်းမလိုချင်ပြီဟု တောင်းဆိုလာသည့် အခါတွင်လည်း တားမြစ်ပိတ်ပင်လိုခြင်း မရှိရကား သင့်လျော်သော မိန်းကလေးနှင့်ဆိုပါက လက်ဆက်ခွင့်ပြုရန် စိတ်သဘောရှိသူဖြစ်လေ၏။

သို့ကြောင့် ဝါးခယ်မသို့ ကိုငွေစိုးလိုက်လာပြီး ညီဖြစ်သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်မည့် သတို့သမီးလောင်း စံပယ်မြိုင်ကို တွေ့ရသည့်အခါ စံပယ်မြိုင်၏ခေတ်မီသော အလှကို သူကိုယ်တိုင် အသိအမှတ်မပြုဘဲ မနေသာတော့ချေ။

"အင်း . . . စံပယ်မြိုင်ဟာ အတော်လှတဲ့ မိန်းကလေးပဲ၊ အလှကြိုက်တဲ့ ငါ့ညီအတွက်တော့ အံကိုက်ပါပဲလေ၊ တစ်ခုပဲရှိတယ်၊ စံပယ်မြိုင်ဟာ အဆင်းရှိသလို အချင်းလည်းရှိဖို့ လိုလိမ့်မယ်၊ ဒါမှ ငါ့ညီရဲ့ဘဝရှေ့ရေးအတွက် အစ်ကိုရင်အေးရမှာ"

ဟူသော မှတ်ချက်ကိုသာပေးပြီး စံပယ်မြိုင်ကို ညီဖြစ်သူနှင့် လက်ဆက်ပေးရန် သဘောတူလိုက်လေ၏။

သို့ဖြင့် ဝါးခယ်မရှိ ကိုနေဝင်းတို့အိမ်မှာပဲ ဧရာမ,မဏ္ဍပ်ကြီးထိုးပြီး မင်္ဂလာပွဲကို ထိုတောမြို့လေး၏ထုံးစံအတိုင်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးလိုက်တော့၏။

မင်္ဂလာဆောင်ပြီးနောက်နေ့မှာပင် စံပယ်မြိုင်အားခေါ်ကာ သူတို့ညီအစ်ကိုနှစ်ဦးလည်း ရန်ကုန်မှတစ်ဆင့် မိုးကုတ်သို့ ပြန်ခဲ့ကြလေ၏။

မိုးကုတ်သို့ရောက်သောအခါ စံပယ်မြိုင်က သီးခြားနေလိုသည်ဟု ဆန္ဒပြုသဖြင့် မိသားစုဘိုးဘွားပိုင် ကိုးနဝရတ်စံအိမ်ကြီး၌ ကိုငွေတိုးတို့လင်မယားကမနေဘဲ မိုးကုတ်မြို့အစွန်မှ ခြံနှင့်ဝင်းနှင့် တစ်ထပ်တိုက်ပုလေးဝယ် ငှားရမ်းနေထိုင်ကြလေ၏။

ဤသို့နေထိုင်လာခဲ့ကြရာမှ တစ်နှစ်ကျော်ခန့်အရောက်ဝယ် စံပယ်မြိုင်မှာ ကိုယ်ဝန်ရလာပြီး သားယောကျ်ားလေးတစ်ယောက်





မွေးဖွားလာခဲ့လေ၏။

သားလေး၏အမည်ကို မောင်မိုးဇွေဟု နာမည်ပေးခဲ့ပြီး ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲသားလေးကို ကိုငွေတိုးမှာ လွန်စွာချစ်သလို ကိုငွေစိုးနှင့် သူတို့ညီမလေး ကေသီတိုးကလည်း တူလေးကို လွန်စွာချစ်ကြသဖြင့် မောင်မိုးဇွေလေး သုံးနှစ်သားခန့်မှစ၍ ကိုးနဝရတ်စံအိမ်မှာပင် အချိန်ပြည့်ဆိုသလို ခေါ်ထားကြလေ၏။

သို့ဖြင့် မောင်မိုးဇွေ လေးငါးနှစ်သားအရွယ်ရောက်လာသည့်အခါ မူလက သာယာသည်ဟု ယူဆခဲ့သော ကိုငွေတိုး၏အိမ်ထောင်ရေးသည် ဝဲဂယက်ထစပြုလာလေသည်။

သားဖြစ်သူ မောင်မိုးဇွေကို အဒေါ်ဖြစ်သူ ကေသီတိုးက ကိုးနဝရတ်စံအိမ်သို့ ခေါ်ထားသဖြင့် စံပယ်မြိုင်မှာ ကလေးတာဝန်မရှိသလို ဖြစ်နေတော့၏။ နောက်ထပ် ကိုယ်ဝန်လည်း မရှိရကားသူမမှာ တစ်နေ့တစ်နေ့ ဆီဦးထောပတ်၊ စားကောင်းသောက်ကောင်းများ စားလိုက်၊ လှလှပပ ကျော့ကျော့မော့မော့ နေလိုက်နှင့် အပျိုဘဝကထက်ပင် အလှကျက်သရေတိုးနေတော့၏။

စံပယ်မြိုင်သည် ပင်ကိုယ်ဗီဇကလည်း ဆိုရှယ်ကျသူဖြစ်တာကြောင့် မိုးကုတ်မြို့ပေါ်မှ လူကုံထံအသိုင်းအဝိုင်းကြားဝယ် ကျင်းပသည့် မွေးနေ့ပွဲများ၊ ညစ်ခံပွဲ၊ ဒင်နာပွဲများ၊ ပါတီပွဲများကို မလွတ်တမ်းတက်ရောက်လေ့ရှိ၏။

ခေတ်အမှီဆုံး အဝတ်အစား၊ ဒီဇိုင်းဆန်းဆန်းတို့ကို လှပအချိုးကျစွာ ဝတ်စားတတ်ပြီး စိန်ရွှေရတနာလက်ဝတ်လက်စားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အစပ်အဟပ်တည့်စွာ ပဏာတင့်အောင် ဝတ်ဆင်တတ်သူဖြစ်ရကား သူမ၏အလှမှာ မိုးကုတ်မြို့လူကုံထံလောကဝယ် ထင်ရှားလာတော့၏။

ထိုသောအခါ ဘီလူးစည်း၊ လူစည်း မစောင့်သူ ပုရိသအချို့က စံပယ်မြိုင်အား ပရောပရီလုပ်ကာ ကြာကူလီရိုက်ဖို့ ချဉ်းကပ်လာကြ၏။

ယင်းပုရိသမြာသမား၊ ကြာသမား၊ မနုဿမုဆိုးများမှာလည်း လူကုံထံအသိုင်းအဝိုင်းမှဖြစ်လေရာ ထိုသို့လူကုံထံအသိုင်းအဝိုင်းတို့မှ ယောက်ျားတို့၏ အရေးယူဆက်ဆံခြင်းကို စံပယ်မြိုင်မှာ များစွာသဘောခွေ့၊ မနေတွေ့လျက်ရှိပြီး အပျိုဘဝကထက်ပင် စန်းပွင့်နေသည့် သူမ၏အဖြစ်ကို လွန်စွာပင် ကျေနပ်မဆုံးဖြစ်နေလေသည်။

တကယ်တမ်းမှာတော့ သူမသည် စီးပွားရေးအရ ချွတ်ခြုံကျကာ မပြေမလည်ဖြစ်နေသော မိဘတို့၏လက်ဝယ် နေထိုင်ရစဉ်က ဤမျှစိတ်တိုင်းကျ သွားလာဝတ်စားသုံးဖြုန်းနိုင်ခြင်း မရှိခဲ့ပေ။

သို့ကြောင့်လည်း ယခုနှယ် ကြွယ်ဝချမ်းသာပြီး သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းနိုင်မည်ဟု ယူဆသော သူဋ္ဌေးကတော်၏ဘဝမျိုးကို လိုချင်မက်မောသဖြင့် ကိုဋ္ဌေးတိုးအား လက်ထပ်ခဲ့ခြင်းဖြစ်ပြီး အမှန်စင်စစ်တွင်မူ ကိုဋ္ဌေးတိုးအပေါ် မေတ္တာသက်ဝင်ခြင်း ရှိခဲ့သည် မဟုတ်ပေ။

အိမ်ထောင်တစ်ခုဝယ် မေတ္တာမရှိက သစ္စာလည်း မရှိနိုင်ချေ။





မေတ္တာလွှမ်းခြုံမှု သံစွာလည်း လိုပါလိမ့်မည်။ မေတ္တာမန္တာန်စိုပြေလေမှ သစ္စာမဏ္ဍိုင်က မှုယိုင်မလဲ တည်မြဲပါလိမ့်မည်။

ကိုဋ္ဌေးတိုးအပေါ် စိမ့်မှန်သော မေတ္တာမထားရှိသည့် စံပယ်မြိုင်၏ရင်ဝယ် သစ္စာတရားသည်လည်း ရှားပါးလာရာက တဖြည်းဖြည်းကွယ်ပျောက်သည့် အနေအထားမျိုး ဆိုက်ရောက်သွားတော့၏။

ဤသို့စံနေမြည်းစိုက်လျော်စွာဖြင့် စည်းစိမ်ယစ်မူးခွင့်ရလာသော စံပယ်မြိုင်၏ရင်ထဲဝယ် အချစ်ကို တောင့်တနေသော ဆန္ဒသည် တဖြစ်ဖြစ်ပြင်းပြစွာ ဖြစ်ပေါ်လာတော့၏။

သူမသည် သွေးသားဆူဖြိုးတက်ကြွသော နုပျိုသည့်အရွယ်ဖြစ်၍ သူမထက် အသယ်နှစ်များစွာ သက်ကြီးပြီး ထိုအအနှင့် ထက်မြက်တက်ကြွခြင်းလည်း မရှိဘဲ နေ့မအားညမနား ငွေကိုသာ ရှာဖွေတတ်သူ ခင်ပွန်းသည် ကိုဋ္ဌေးတိုးအပေါ် စိတ်ပျက်ငြီးငွေ့လာသဖြင့် အာသာဆန္ဒ၏ထွက်ပေါက်ကိုသာ ရှာဖွေနေတော့၏။

ယင်းသို့ အချစ်သစ်ရှာပုံတော်ဖွင့်လိုသော သူမသည် ပါတီပွဲတစ်ခု၌ ကျော်ကြားသူဋ္ဌေးတစ်ဦး၏သားဖြစ်သူ မင်းဖုညဟူသော ကောလိပ်ကျောင်းသားလူပျိုလေးနှင့် တွေ့ဆုံသိကျွမ်းသွားလေ၏။

မင်းဖုညသည်လည်း သူမကို ပါတီပွဲ၌ စတင်မြင်မိလိုက်သည့် အချိန်အတန့်မှာပဲ သူမ၏အလှကို လွန်စွာသဘောကျသွားပြီး သူမအား ချွတ်လပ်ပြင်ပင် ထင်မိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ပိုင်းဝယ် စံပယ်မြိုင်မှာ အိမ်ထောင်ရှိမှန်း သိသွားသော်လည်း သူမအပေါ် ဖောက်ပြန်တပ်မက်သော စိတ်ဆင်ရိုင်းကို ချုန်းအုပ်မနိုင်ဖြစ်သွားလေ၏။

ပါတီပွဲများ၊ ဒင်နာများတွင် တွေ့ဆုံလေတိုင်း စံပယ်မြိုင်နှင့် ရင်းနှီးကျွမ်းဝင်စွာ ပြောဆိုနေထိုင်ရင်း မင်းပုညမှာ စံပယ်မြိုင်အပေါ် စွဲလန်းသည်ထက် စွဲလန်း၊ တပ်မက်သည်ထက် တပ်မက်ဆိုသလို ဖြစ်နေတော့၏။

စံပယ်မြိုင်ကလည်း မင်းပုညအပေါ်တွင် စိတ်ညွတ်နေပြီဖြစ်၏။ သို့ကြောင့်လည်း သူမသည် မင်းပုညကို ဖက်လှဲတကင်း ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံလေရာ သူတို့နှစ်ဦးသည် တဖြည်းဖြည်းနှင့် အတွဲတစ်တွဲဖြစ်သွားလေ၏။ ပါတီပွဲများဝယ် အနောက်တိုင်းအကကို စန္ဒယားသံနှင့်အညီ လက်ချင်းယှက်၊ ရင်ချင်းအပ်ရင်း စုံတွဲကဖြစ်သည်မှာလည်း အကြိမ်ပေါင်းမနည်းတော့ပေ။

ယင်းသို့ စံပယ်မြိုင်က အခြားပုရိသတို့ထက် မင်းပုညကို ဦးစားပေးနေခြင်းအား မရှုစိမ့်နိုင်သူတစ်ဦးရှိလေ၏။ ထိုသူကား ပုလိပ်ရာဇဝတ်အုပ် နေခဟူသော ပုဂ္ဂိုလ်ဖြစ်၏။

နေခသည် လက်ရှိတွင် မယားနှစ်ယောက်ရှိသော်လည်း 'မ'နှင့်ပတ်သက်ပြီး လိုချင်တပ်မက်စိတ်ရမ္မက်မီးက အတောမသတ်အောင် လောင်မြိုက်နိုင်စွမ်းသူဖြစ်၏။ မိုးကုတ်မြို့ရှိ ပုလိပ်ဌာနသို့ တာဝန်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာကတည်းက မိုးကုတ်မြို့လူကုံထံလောကဝယ် အလှဂုဏ်သတင်းကျော်ကြားလျက်ရှိသော စံပယ်မြိုင်





ကို မြင်မြင်ခြင်းပင် သဘောအကျကြီးကျသွားလေရာ စံပယ်မြိုင်နှင့် နီးစပ်ဖို့ အမျိုးမျိုးချဉ်းကပ်ကြိုးစားနေသူဖြစ်၏။

သို့သော် စံပယ်မြိုင်မှာ မိမိငြိငွေ့လျက်ရှိသော လင်ယောကျ်ားထက်ပင် အသက်ပိုကြီးပြီး ပုံဆိုးပန်းဆိုး၊ အသားမည်းမည်း၊ ဗိုက်ရွဲရွဲရာဇဝတ်အုပ်နေခကို နည်းနည်းလေးမှပင် စိတ်မညွတ်ဘဲ ခပ်တန်းတန်းနေကာ ခပ်မာမာပင် ဆက်ဆံလေ၏။

တစ်ညသ၌ ပါတီပွဲတစ်ခုတွင် ဓါတ်ဂေါ်ဖြင့် ဖွင့်ထားသော အနောက်တိုင်းတေးသွား၏ ငြိမ့်ငြိမ့်ညောင်းညောင်း သံစဉ်အလိုက် စုံတွဲကနေသူများကို ငေးရီကြည့်ရင်း စားပွဲလွတ်တစ်လုံး၌ စံပယ်မြိုင်တစ်ဦးတည်းထိုင်ကာ သူမ၏ပါတနာ မင်းပုညကို စောင့်မျှော်နေလေ၏။

ထိုအခိုက်မှာပဲ အခြားဝိုင်းတစ်ဝိုင်းမှ ယမကာအတော်မူးပြီး ထလာသည့် နေခမှာ စံပယ်မြိုင်၏စားပွဲရှိရာသို့ ထလာပြီးနောက်-

"မြိုင် . . . ကိုယ်နဲ့ သီချင်းတစ်ပုဒ်လောက် တွဲကရအောင်လားနော်"

ဟု ပြီတီတီကြည့်ရင်း တောင်းဆိုလိုက်ရာ စံပယ်မြိုင်က ခေါင်းခါပြလိုက်ပြီး . . .

"မြိုင် . . . ခေါင်းမူးလို့ မကနိုင်ပါဘူးရှင်၊ ဒါကြောင့် တစ်ယောက်တည်း အေးအေးဆေးဆေး ဒီမှာလာထိုင်နေတာပါ"

ဟု ခပ်တည်တည်ပြောပြီး ငြင်းဆန်လိုက်ရာ နေခ၏မျက်နှာကြီးမှာ နီရဲသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဩ . . . မင်းက ငါနဲ့တော့ မကချင်ဘူးပေါ့ . . . ဟုတ်လား၊ ဟိုကောင် မင်းပုညဆိုတဲ့ကောင်နဲ့တော့ ကမယ်ပေါ့ . . . ဟုတ်လား . . . ထွီ"

ဟု အာလေးလျှာလေးသံဖြင့် ပြောရင်း မကျေမနပ်တံတွေးထွေးဟန်ပြုလိုက်ရာ စံပယ်မြိုင်က သူမ၏နှင်းဆီဖူးပမာ နှုတ်ခမ်းလေးကို မဲ့လိုက်ပြီး . . .

"ဒါကတော့ ကျွန်မဘာသာ ကချင်တဲ့သူနဲ့ ကမှာပေါ့၊ ရှင့်အပူမပါပါဘူး"

ထိုအခိုက်မှာပဲ မင်းပုညမှာ ပါတီပွဲအတွင်းသို့ ရောက်ရှိလာရာ စံပယ်မြိုင်မှာ ထိုင်ရာမှထပြီး မင်းပုည၏လက်ကိုဆွဲလျက် နီယွန်မီးရောင်စုံအောက်သို့ဝင်ကာ လက်ချင်းယှက်၊ ရင်ချင်းအပ်ကာ ငြိမ့်ညောင်းစွာ ကလေတော့၏။

စံပယ်မြိုင်၏အပြုအမူကြောင့် နေခမှာ မခံချိမခံသာဖြစ်သွားပြီး . . .

"ဟင်း . . . လုပ်ထားဦးပေါ့ စံပယ်မြိုင်ရယ်၊ သင်းတစ်နေ့ငါ့အကြောင်းသိစေရမယ်"

ဟု စိတ်ဝယ်ကြုံးဝါးရင်း ပါတီပွဲအတွင်းမှ ဒေါသတကြီးထွက်ခွာသွားတော့၏။

* * * *



## အခန်း (၉)

နေခသည်ကား ကိုလိုနီခေတ်ပုလိပ်ဉာဏ်ရှိသူဖြစ်သည့်အတိုင်း ထိုနေ့မှစ၍ စံပယ်မြိုင်၏လှုပ်ရှားမှုမှန်သမျှကို မလွတ်တမ်းလေ့လာစူးစမ်းထောက်လှမ်းမှုပြုလေတော့၏။ စံပယ်မြိုင်မှာ လင်ယောက်ျားဖြစ်သူ ခရီးထွက်သောနေ့များတွင် သူမတို့ငှားနေသည့် မိုးကုတ်မြို့စွန်မှ တိုက်ပုလေး၌ မင်းပုညနှင့် ချိန်းတွေ့လေ့ရှိကြောင်း ထောက်လှမ်းသိရှိသွားလေ၏။

ကိုငွေတိုးမှာ အလုပ်ကိစ္စဖြင့် မိုးမိတ်၊ မိုင်းလုံတို့သို့ ခရီးထွက်ရသည့်အခါ ညအိပ်ညနေသွားရသဖြင့် ယင်းသို့သော ညမျိုးဝယ် စံပယ်မြိုင်သည် သူမ၏တိုက်ပုလေး၌ မင်းပုညနှင့် ချိန်းဆိုတွေ့ဆုံတတ်စမြဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေတိုး ခရီးမထွက်သည့်နေ့ရက်များတွင်လည်း ကျောက်တွင်းမှာ ရောက်နေသော နေ့လည်အချိန်များတွင် သူတို့ချိန်းတွေ့လေ့ရှိ၏။

သူတို့ မည်သည့်အချိန်ဝယ် ချိန်းဆိုတွေ့ဆုံတတ်သည်ကို နေခသည် စနစ်တကျ စုံစမ်းနိုင်ခဲ့၏။

တစ်နေ့သော် ရာဇဝတ်အုပ်နေခသည် စံပယ်မြိုင်တို့၏ခြံအနီးတောစပ်မှ ကညင်ပင်အောက်တွင် နဘူးချုံများကိုကွယ်ရင်း မင်းပုညပြန်အထွက်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလေ၏။

မင်းပုညမှာ နေ့ခင်းလောက်ကတည်းက စံပယ်မြိုင်ရှိရာ တိုက်ပုလေးအတွင်းသို့ ရောက်ရှိနေလေ၏။ ညနေစောင်းလုလုမှာ မင်းပုညပြန်ထွက်သွားသည်ကို တွေ့လိုက်ရသည်နှင့် နေခမှာ တိုက်ပုလေး၏တံခါးကို သွားခေါက်လေတော့၏။

"ခေါက် . . . ခေါက် . . ."

ဟူသော တံခါးခေါက်သံအဆုံးဝယ် တံခါးရွက်နှစ်ချပ်က ခပ်ဟဟပွင့်လာပြီး စံပယ်မြိုင်၏မျက်နှာပေါ်လာလေ၏။

စံပယ်မြိုင်သည် နေခကို တွေ့လိုက်ရသဖြင့် အံ့သြသွားလျက် မကျေမနပ်ဖြစ်ကာ မျက်မှောင်ကုပ်လိုက်ပြီး . . .

"ဦးလေး . . . ဘာကိစ္စရှိလို့လဲ၊ ကိုငွေတိုး အိမ်မှာမရှိဘူး၊ ကျောက်တွင်းက ပြန်မလာသေးဘူး"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်ရာ နေခမှာ နဂါးနီဆေးပြင်းလိပ်ကြီးကို ခဲလျက်မှ ပြုံးလိုက်ပြီး . . .





"ဟဲ . . . ဟဲ . . . ဟဲ . . . ကျုပ်က ငွေတိုးအိမ်မှာမရှိမှန်း သိလို့လာတာ သိရဲ့လား၊ ဟိုကောင် မင်းပုညလိုပေါ့"

ဟု ခပ်ငေါ့ငေါ့ပြောလိုက်သည်နှင့် စံပယ်မြိုင်မှာ မျက်လုံးပြူးသွားပြီး . . .

"ဘာ . . . ဘာရှင့်"

ထိုအခါ နေခမှာ တဟင်းဟင်းဖြင့် အမြင်ကပ်လောက်အောင် ရယ်လိုက်ပြီး . . .

"ဒီမှာ မိန်းကလေး . . . မင်းဟာ မင်းပုညဆိုတဲ့ကောင်ကို တိုက်ထဲမှာ ချိန်းတွေ့တာ ငါအစအဆုံး သိထားတယ်၊ မင်းတို့ရဲ့ နောက်မီးလင်းတဲ့သတင်းကို အတိအကျရထားပြီးသား၊ အဲဒီအကြောင်းကို ကိုငွေစိုးကိုရော ကေသီတိုးကိုပါ ပြောလိုက်ရင် မင်းဘာဖြစ်သွားမလဲ၊ ပြီးရင် ငွေတိုးကလည်း မင်းပုညကို မယားခိုးမှုနဲ့ အရေးယူပေးဒီ ဗျာနမှာ အမှုဖွင့်ခိုင်းပြီး ငါက အဲဒီကြာကူလီကောင်ကို အချုပ်ထဲထည့်ပြီး နှိပ်စက်ပြမယ် . . . သိရဲ့လား၊ ငါ့ရဲ့ဩဇာအာဏာစက်နဲ့ အဲဒီကောင် ဒုက္ခလှလှတွေ့သွားစေရမယ်၊ ငါ့ကို ဘာမှတ်သလဲ"

ဟု ဩဇာသံပါပါ အာဏာသံပါပါဖြင့် ဟိန်းဟောက်ပြောလိုက်သည်နှင့် စံပယ်မြိုင်၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဆုတ်ယုတ်ကာ ဖြူဖတ်ဖြူလျော် ဖြစ်သွားလေ၏။

"အို . . . ဒီ . . . ဒီလိုတော့ မလုပ်ပါနဲ့ ဦးလေးရယ်"

ဟု တုန်တုန်ခိုက်ခိုက်အသံလေးဖြင့် တောင်းပန်လိုက်ရာ ရာဇဝတ်အုပ်နေခက သူဆင်ထားသည့် အကွက်သို့ဝင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ တဟင်းဟင်း ရယ်လိုက်ပြီး . . .

"ဟဲ . . . ဟဲ . . . ဟဲ . . . အဲဒီလို မလုပ်စေချင်ရင် မင်းရဲ

လင်ငယ်လည်း ထောင်ကျ၊ အိမ်ထောင်ရေးဖောက်ပြန်လို့ဆိုပြီး မင်

လည်း ရပိုင်ခွင့်တစ်ပြားမှမရဘဲ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရတဲ့အဖြ

မျိုး မဖြစ်စေချင်ရင်တော့ မင်းရဲ့အချစ်ကို ကြည်ကြည်ဖြူဖြူ သာသ

ယာယာလေးနဲ့ ပေးလိုက်ပေါ့ မိန်းကလေးရယ်"

ဟု အပိုင်ချည်ပြီးတုတ်ပြီး ပြောလိုက်ရာ စံပယ်မြိုင်သည

ရာဇဝတ်အုပ်ကြီး၏ တောင်းဆိုချက်ကို မငြင်းပယ်ဝံ့တော့ဘဲ အော

သက်သက်ဖြင့် လိုက်လျောရလေတော့၏။

ဤသို့ဖြင့် ကိုဌေးတိုးလစ်သည့်အခါဝယ် မင်းပုညနှင့် ရာ

ဝတ်အုပ်နေခတို့မှာ စံပယ်မြိုင်ထံသို့ တစ်လှည့်စီရောက်လာကြ

စံပယ်မြိုင်မှာ မင်းပုညကို ချစ်သူချင်းမို့ မိမိကိုယ်တိုင် တွေ့ချင်သေ

ဆန္ဒဖြင့် ကြည်ဖြူလိုက်လှဲစွာ တွေ့ဆုံခြင်းဖြစ်သော်လည်း ရာဇဝ

အုပ်နေခကိုတော့ ကြောက်ရွံ့ခြင်းကြောင့်သာ အတွေ့ခံရခြင်းဖြ

သည်ကြောင့် စိတ်ထဲဝယ် အောင့်သက်သက်ဖြင့် ကြာလေမုန်းဝ

လေ ဖြစ်နေတော့၏။

နေခမှာ ပုလိပ်အင်စပက်တော်တစ်ဦးပီပီ ဩဇာအာဏ

ကို နေရာတကာသုံးပြီး ဗိုလ်ကျလိုသူဖြစ်၏။ သူက နောက်တစ်ဆ

တက်ပြီး အခွင့်အရေးတစ်ခုတောင်းဆိုပြန်၏။

"ဒီမှာ မိန်းကလေး၊ ကျုပ်တို့ယောက်ျားတွေဆိုတာ ကိုယ်

သာ မိန်းမဘယ်နှစ်ယောက်ကို ချစ်ရချစ်ရ ချစ်ချင်ပေမယ့် ကိုယ်





ရတဲ့ မိန်းမကိုတော့ တစ်ခြားယောက်ျားနဲ့ ချစ်ဖို့နေနေသာသာ ပရော

ရီလုပ်တာတောင် ကြိုက်ချင်တာ မဟုတ်ဘူးဗျ"

"ဒီတော့ ဒီနေ့ကစပြီး မင်းရဲ့အိမ်မှာ ဟိုအကောင် မင်းပုည

ကို လုံးဝမမြင်ချင်ဘူး၊ သင်းကို ဒီအိမ်မှာတွေ့လို့ကတော့ ဌေးတိုးကို

အားလုံးဖွင့်ပြောပြီး မယားခိုးမှုနဲ့ ဖမ်းပစ်မယ်"

ဟု ခြိမ်းခြောက်ပြောဆိုလေတော့၏။

စံပယ်မြိုင်မှာ ရာဇဝတ်အုပ်ကြီး၏ မတရားအမိန့်ထုတ်မှု

ကို မကျေနပ်သော်လည်း ဘာမှမပြောဝံ့၊ စောဒက မတက်ဝံ့ပေ။

သို့ကြောင့်လည်း ကိုဌေးတိုးမရှိခိုက် သူမ၏အိမ်ဝယ် ထို

ယောက်ျားနှစ်ဦးမဆုံမိရလေအောင် သေချာစွာ ချိန်းချက်ပြီး လမ်း

လွှဲပေးနေရ၏။

သို့ဖြင့် တစ်နေ့သောအခါတွင်မူ ကျောက်တွင်းအလုပ်သမား

သစ်များ ခေါ်ယူရန်ကိစ္စအတွက် ကိုဌေးတိုးမှာ မိုင်းဆတ်သို့ မြင်းဖြင့်

သအိပ်ညနေ ခရီးထွက်သွားရလေ၏။

ကိုဌေးတိုး နေ့ခင်းပိုင်းကတည်းက ခရီးထွက်သွားပြီဆိုတာ

ကိုသိသော မင်းပုညမှာ စံပယ်မြိုင်၏တိုက်ပုလေးသို့ အလျင်အမြန်

ရောက်ရှိလာပြီးလျှင် . . .

"မြိုင်ရယ် . . . မတွေ့ရတာ ကြာပြီနော်၊ ကိုဌေးတိုးက ခု

တလော ကျောက်တွင်းကို သိပ်မသွားဘဲ အိမ်တွင်းအောင်းနေတာနဲ့

ခရီးမထွက်ဖြစ်တာနဲ့ဆိုတော့ မောင့်မှာ မြိုင့်ကို လာတွေ့ချင်ပါလျက်

မတွေ့နိုင်ဘဲ တစ်ကိုယ်တည်း စိတ်ဆင်းရဲနေရတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေတိုးလစ်ပြန်တော့လည်း ဟိုလူလည်ပေသီး ပုလိပ်စုတ်က ကာဆီးကာဆီး လုပ်နေတာနဲ့ မောင့်မှာ အချစ်နဲ့တွေ့ဖို့ကိုတောင် ဟိုလူ့ကြောက်ရ၊ ဒီလူ့ကြောက်ရနဲ့ ကျိုးလန့်စာစားနေရတယ်ကွယ်၊ ခုလိုတွေ့ခွင့်ရမှဘဲ မောင့်ရင်ထဲက အလွမ်းတွေပြေပြီး စိတ်ထဲမှာ ကျေနပ်ပီတိဂွမ်းဆီထိသလို ခံစားရတော့တယ်”

ဟု ကြာသမားပီပီ ပတ်ချွဲနှပ်ချွဲပြောကာ စံပယ်မြိုင်၏ခန္ဓာကိုယ်လေးကို မချင့်မရဲထွေးပွေ့လိုက်လေ၏။

ထိုအခိုက်မှာပဲ ခြံထဲသို့ ဝင်လာသော မြင်းခွာသံတဖျောက်ဖျောက်ကို မမျှော်လင့်ဘဲ ကြားလိုက်ရ၏။ ထို့ကြောင့် သူတို့နှစ်ဦးလည်း လန့်ဖျတ်သွားပြီး ကိုယ်ချင်းခွာလိုက်ကြကာ တံခါးရွက်ဆီ စိုးထိတ်စွာ ကြည့်မိလိုက်ကြ၏။

စံပယ်မြိုင်မှာ ပြတင်းတစ်ပေါက်၏ စေ့ရုံစေ့ထားသော တံခါးကြားမှ ချောင်းကြည့်လိုက်ရာ . . .

“အို . . . ရာဇဝတ်အုပ်ကြီးပါလား . . . ဒုက္ခပါပဲ”

ဟု ထိတ်ထိတ်ပျာပျာ ဖြစ်သွားသလို မင်းပုညမှာလည်း ရာဇဝတ်အုပ်ကို ရင်မဆိုင်ဝံ့သူဖြစ်၍ သွေးရူးသွေးတမ်းဖြင့် ဘယ်နေရာသို့ ထွက်ပြေးပုန်းရှောင်ရမှန်းမသိ ပျာယာခတ်သွားလေ၏။

“မောင် . . ဘာမှမစိုးရိမ်နဲ့၊ ဟောဒီလိုက်ကာကြီးရဲ့နောက်ဘက်မှာ တိတ်တိတ်လေးပုန်းနေ၊ အဲဒီလူကြီးနဲ့မြိုင် ဘယ်လိုပဲဖြစ်နေနေ ဝင်စွက်ဖက်တာတွေ၊ အသံပေးတာတွေ မလုပ်နဲ့နော်၊ ဒီမှာ မောင်ရှိနေမှန်း အဲဒီလူကြီးသိသွားရင် မောင့်ကို ရမယ်ရှာပြီး ရိုက်





ဟယ်နှက်ဟယ် ဖမ်းချုပ်မယ် လုပ်နေဦးမယ်”

ဟု ခပ်တိုးတိုးပြောရင်း ထူထဲရှည်လျားလှသည့် လိုက်ကာကြီးနောက်သို့ မင်းပုညကို တွန်းပို့လိုက်လေ၏။

ရာဇဝတ်အုပ်ကြီးဦးနေခမှာ တာဝန်ထမ်းဆောင်နေရင်းမှ ရောက်ရှိလာခြင်းဖြစ်၍ ပုလိပ်ယူနီဖောင်းအပြည့်အစုံနှင့် ခါးတွင်လည်း နံပါတ်တုတ်နှင့် သေနတ်ကို ချိတ်ဆွဲထားလေ၏။

၎င်းက မိုးကုတ်မြို့ဝန်းကျင်တစ်ခွင်ကို မြင်းဖြင့် ကင်းလှည့်ပြီးနောက် မိုးကုတ်မြို့မှ မိုင်းဆတ်သို့ သွားရာလမ်းအတိုင်း ကိုငွေတိုးမြင်းစီးထွက်သွားသည်ကို နေ့ခင်းလောက်က မြင်လိုက်ရသဖြင့် တိုက်ပုလေးဝယ် စံပယ်မြိုင်တစ်ဦးတည်း ကျန်ခဲ့မှန်းသိသဖြင့် မြို့အနှံ့ ပတ္တရောင်လှည့်ပြီးသည်နှင့် ပြန်ပြီးအဝတ်အစားပင် မလဲနိုင်ဘဲ စံပယ်မြိုင်ရှိရာသို့ တန်းလာခဲ့ခြင်း ဖြစ်၏။

သူသည် စိတ်ချလက်ချပင် တိုက်ပုလေးရှိရာ ခြံဝင်းထဲသို့ မြင်းစီးဝင်လာခဲ့၏။ တိုက်ပုလေးရှေ့သို့ အရောက်ဝယ် မြင်းပေါ်မှ ဆင်းပြီး မြင်းဇက်ကြိုးကို ပေါ်တီကိုမှ တိုင်တစ်လုံးဝယ် ချည်နှောင်လျက် အိမ်တံခါးကို ခေါက်လိုက်လေ၏။

တံခါးနှစ်ချက်မျှသာ ခေါက်ရသေး၏။ စံပယ်မြိုင်က တံခါးကို ဖွင့်ပေးလိုက်ရာ ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် တိုက်ထဲသို့ ဝင်လိုက်လေ၏။

“ဟယ်လို . . . ဘယ်လိုလဲ အချစ်လေး၊ ကိုကြီးရဲ့သဲညှာမလေး၊ မင်းရဲ့လင်တော်မောင်ကြီး မိုင်းဆတ်ဘက်ကို တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မြင်းစီးထွက်သွားတာကို နေ့ခင်းက တွေ့လိုက်ရလို့ ခုလို မဖုရားလေးရဲ့ရှေ့တော်မှောက်ကို အခစားရောက်လာရတာပါပဲဗျာ၊ မဖုရားလေးကရော ကိုကြီးကို မျှော်တော်ဇောနဲ့ မောနေရော့ . . . ဟုတ်လား"

ဟု အောက်ကလိအာသံကြီးဖြင့် ပြောလိုက်လေရာ စံပယ်မြိုင်မှာ နှာခေါင်းရှုံ့လိုက်ချင်သော်လည်း မရှုံ့ရဲသဖြင့် အလိုက်သင့် ပြုံးနေလိုက်ရ၏။

ထိုစဉ် လိုက်ကာကြီးနောက်ဝယ် ပုန်းအောင်းနေရသော မင်းပုညမှာ သူ၏အသက်ဗူးလေးအား ပါးစပ်အရသာခံပြောနေသည့် ရာဇဝတ်အုပ်ကြီး၏ပါးချိတ်ကို အားရပါးရ ပြေးထိုးလိုက်ချင်စိတ်အား မနည်းချုပ်တည်းလိုက်ရ၏။

"တောက် . . . သေနာကြီးက သူခိုးလက်က သူဝှက်လုပြီး အသားယူနေလိုက်ပုံများ၊ သင်းက ဒီမှာ ဘယ်လောက်ကြာအောင် နေဦးမှာလဲ မသိဘူး၊ ငါမှာ သင်းမပြန်မချင်း ဒီလိုက်ကာနောက်မှာ ဒုက္ခခံပြီးနေရမယ်"

ဟု မခံချိမခံသာဖြင့် တွေးလိုက်ရာမှ လိုက်ကာကို အသာဖယ်ပြီး ချောင်းကြည့်လိုက်ရာ ပုလိပ်စုတ်ကြီးက စံပယ်မြိုင်၏ခါးကျဉ်ကျဉ်လေးအား ပိုင်စိုးပိုင်နင်း ဖက်လိုက်သည်ကို တွေ့လိုက်ရ၏။

မင်းပုညသည် သူပိုင်ပစ္စည်းမဟုတ်ဘဲ သူတစ်ပါးပိုင်ဖြစ်သော်လည်း ယင်းခိုးရာပါပစ္စည်းအတွက်ပင် သဝန်တိုခြင်းပြင်းစွာ စိတ်ထဲဝယ် ဆွေ့ဆွေ့ခုန်လျက်ရှိနေတော့၏။





ထိုအချိန်မှာပဲ မြင်းခွာသံတစ်ခုကို လမ်းမဘက်ဆီမှ ကြားလိုက်ရသဖြင့် စံပယ်မြိုင်မှာ မျက်လုံးပြူးသွားပြီး . . .

"ဟင် . . . အဲ . . . အဲဒီမြင်းခွာသံဟာ ကိုဌေးတိုးရဲ့မြင်းခွာသံပဲ၊ အဲဒီမြင်းခွာသံကို ကျွန်မသေချာမှတ်မိတယ်။

ဟော . . . ဟော . . . မြင်းခွာသံက ခြံထဲကို ဝင်လာတဲ့ အသံပါလား၊ ဟုတ်တယ် . . . ကိုဌေးတိုးပြန်လာတာပဲ ဖြစ်ရမယ်၊ ဒုက္ခတော့ ရောက်ပါပြီ"

ဟု ပျာပျာသလဲပြောလိုက်ရင်း ပြတင်းဝဆီသို့ပြေးပြီး လိုက်ကာကိုဖယ်ကာ ခြံထဲသို့ကြည့်လိုက်လေ၏။

"အို . . . ဟုတ်တယ် . . . ဟုတ်တယ်၊ ကိုဌေးတိုး ခရီးမဆက်ဖြစ်ဘဲ ရုတ်တရက်ကြီးပြန်လာပြီ၊ ဘယ့်နှယ့်လုပ်ကြမလဲ၊ ကိုကြီးနေခဲ့ရဲ့ မြင်းကြီးကိုလည်း သူတွေ့သွားပြီ"

ဟု ဆပ်ပြာသည် လင်ပျောက်သလို ယောက်ယက်ခတ်ဗျာများလျက်ရှိရာ ရာဇဝတ်အုပ်ကြီးမှာလည်း ဤအိမ်ထဲမှာသာ စံပယ်မြိုင်နှင့်အတူတူ ရှိနေသည်ကို ကိုဌေးတိုးသိရှိသွားပါက သူ့မယားကို ခိုးယူပေါင်းသင်းမှု၊ အိမ်ကျော်နင်းမှုတို့ဖြင့် အထက်သို့ တိုင်လိုက်လျှင် ရာဇဝတ်အုပ်ရာထူးပြုတ်မည့်အပြင် လူပါထောင်ထဲ ရောက်ရတော့မည့်အရေးကြောင့် ဇောချွေးများပျံလျက် ကယောင်ခြောက်ခြားဖြစ်သွားလေတော့၏။

လိုက်ကာနောက်မှ မင်းပုညမှာလည်း သွေးပျက်ခြောက်ခြားနေသည်မှာ ဆိုဖွယ်မရှိတော့ပေ။ သူ့ကိုသာ ကိုဌေးတိုးက ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်မိသွားလျှင် လူပျိုလေးတန်မယ့်ဖြင့် သူတစ်ပါးသားမယားကို ကြာကူလီရိုက်ခြင်းအား မိုးကုတ်တစ်မြို့လုံးသိသွားမည် ဖြစ်သည်။ ထို့ပြင် ကိုငွေတိုးက သူ့ကို ကြာကူလီလုပ်မှုဖြင့် တရားစွဲပါက ထောင်နန်းစံရမည့်အရေးကို တွေးပူပြီး ဒူးနှစ်လုံးရိုက်လျက် တုန်ခိုက်နေတော့၏။

ယင်းသို့ သုံးဦးစလုံးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေစဉ် မိမိအိမ်၏ အိပ်ခန်းထဲဝယ် အခြားတစ်ပါးသော ယောကျာ်းနှစ်ယောက်ကို တစ်ပြိုင်နက် လက်ခံထားမိသူ စံပယ်မြိုင်မှာလည်း ယင်းအကြပ်အတည်းမှ လွတ်မြောက်အောင် မည်သို့ပြုရမည်နည်းဟု မိန်းမလည်တို့၏ ဝက်နွှာဉာဏ်ဖြင့် လျှပ်တပြက်စဉ်းစားလိုက်၏။

ထို့နောက် စံပယ်မြိုင်မှာ အကြံတစ်ခုရသွားလေ၏။ သူမ၏မျက်နှာမှာ ဝင်းခနဲပြုံးလိုက်ပြီး . . .

"ဟုတ်ပြီ . . . ဒီမှာ ရာဇဝတ်အုပ်ကြီး၊ ရှင်နဲ့ကျွန်မကို အိမ်ထဲမှာ ဒီလိုမျိုးနှစ်ယောက်တည်းတွေ့သွားလို့ကတော့ ဇာတ်လမ်းကရှင်းလို့ကိုရတော့မှာ မဟုတ်ဘူး၊ ကျွန်မလည်း ကိုငွေတိုးနဲ့ကွဲပြီး ရှင်လည်း ရာထူးက ပြုတ်သွားမယ်၊ ထောင်ကျမယ်၊ အဲဒီတော့ ဒီလိုကိစ္စတွေကလွတ်အောင် ကျွန်မပြောသလိုသာ လုပ်ပေတော့"

ဟုပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးဦးနေခလည်း သူ၏ပုလိပ်ဉာဏ်ဖြင့်ပင် ဤအခက်အခဲ အကြပ်အတည်းမှလွတ်အောင် ရုန်းထွက်ဖို့ စဉ်းစားမရဖြစ်နေ၍ . . .

"ဘယ် . . . ဘယ်လိုလုပ်ရမှာလဲ အချစ်လေးရယ်၊ ပြောပါဦး . . . ဒီတစ်ခါ ကျုပ်တော့ မြွေပါးပုလင်းထိပြီး ရေတိမ်နစ်ပြီထင်ပါရဲ့ . . . ကယ်ပါဦးကွယ်"

ဟု တုန်တုန်ခိုက်ခိုက်ပြောလိုက်ရာ စံပယ်မြိုင်က . . .

"ဒီလိုလုပ် . . . ကိုကြီးရဲ့ခြောက်လုံးပြူးကို ဘယ်လက်ကကိုင်၊ နံပါတ်တုတ်ကြီးကို ညာလက်ကကိုင်ပြီး ကိုငွေတိုးမြင်းပေါ်ကအဆင်းမှာ အိမ်ထဲကနေ တဟုန်ထိုး ခုန်ထွက်လိုက်၊ မျက်နှာအမူအရာကလည်း အရမ်းဒေါသထွက်နေတဲ့ပုံမျိုး ဖြစ်နေရမယ်၊ ပါးစပ်ကလည်း 'တောက်' ဒီကောင် ဒီဘက်ပြေးသွားတာ တွေ့ပါလျက်နဲ့ မြင်းနဲ့ချက်ချင်းလိုက်လာတာတောင် မမီလိုက်ဘူး။

တွေ့များတွေ့လို့ကတော့ အဲဒီကောင်ရဲ့ပေါင်ကို သေနတ်နဲ့ပစ်ချိုးပြီး ကျောကုန်းကို နံပါတ်တုတ်နဲ့ အသေဆော်လို့ အချုပ်ထဲကန်သွင်းပစ်လိုက်မယ်၊ တွေ့ကြသေးတာပေါ့ကွာ . . . လို့ ဒေါသတကြီးနဲ့ အော်ဟစ်ကြိမ်းမောင်းပြီး မြင်းပေါ်ခုန်တက်လို့ ဒုန်းစိုင်းသာနှင်ပေတော့"

ဟု အကြံပြုလိုက်ရာ ဉာဏ်သွားသော ပုလိပ်အရာရှိတစ်ဦးဖြစ်သည့် နေခမှာလည်း အရိပ်ပြအကောင်ထင်သူမို့ . . .

"ဟုတ်ပြီ . . ."

ဟု ဝမ်းသာစွာ ဆိုလိုက်ပြီး လက်ဖျောက်တစ်ချက်တီးလိုက်လေ၏။

တစ်ချိန်တည်းမှာပင် သူ၏ခါးကြားမှ ခြောက်လုံးပြူးကြီးကိုထုတ်လိုက်ပြီး ခါးတွင်ချိတ်ဆွဲထားသည့် နံပါတ်တုတ်ကိုပါ ဖြုတ်ယူ







www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ စေ့ရုံစေ့ထားသော အိမ်ရှေ့တံခါးရွက်ကို ခြေဖြင့်ကန်ဖွင့်လိုက်ပြီး အိမ်အပြင်သို့ ခုန်ထွက်လိုက်လေ၏။

ကိုငွေတိုးသည် ကျောက်တွင်းအသစ်တူးရန် အလုပ်သမားသစ်များခေါ်ဖို့ မိုင်းဆတ်ဖက်သို့ ထွက်လာခဲ့ရာ မိုးကုတ်မြို့မှ နှစ်မိုင်ကျော်ခန့်အရောက်ဝယ် မိုးကုတ်သို့ အလုပ်လုပ်ရန် အုပ်စုလိုက်လာနေသော အလုပ်သမားတို့နှင့် ဆုံတွေ့ရာ မိုင်းဆတ်သို့ ဆက်သွားစရာမလိုတော့သဖြင့် ယင်းကျောက်တွင်းတူးမည့် အလုပ်သမားများနှင့်အတူ မိုးကုတ်သို့ ပြန်လာခဲ့ပြီး ၎င်းတို့အား ကျောက်တွင်းရှိရာသို့ လိုက်ပို့ပြီးနောက် မိမိ၏အိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်၏။

မိမိ၏အိမ်ခြံဝင်းထဲသို့ ဝင်လိုက်သည်နှင့် တိုက်ပုလေး၏ရှေ့ပေါ်တီကိုအောက်ဝယ် မြင်းတစ်စီးကို တွေ့လိုက်ရသဖြင့် အံ့သြသွားလေ၏။

"ဟင် . . . ငါမရှိတုန်း ဘယ်ယောကျ်ားကများ ငါ့အိမ်ကိုရောက်နေပါလိမ့်၊ ငါ့ရဲ့အစ်ကို ကိုငွေစိုးလည်း မြင်းစီးလေ့မရှိပါဘူး၊ ဘယ်သူများလဲ။

ငါ့အစ်ကိုနဲ့ညီမ ကေသီတိုးတို့ကတော့ ငါ့ဇနီးရဲ့အနေအထိုင်ကို မကြိုက်ဘူး၊ အခြားယောကျ်ားတွေနဲ့ ဒွေးရောယှက်တင်နေလွန်းတယ်လို့ ငါ့ကို သတိပေးထားတယ်။

ဧကန္တ . . . ငါ့မိန်းမက ငါမရှိတုန်း အခြားယောကျ်ားမိတ်ဆွေတစ်ဦးဦးကို အိမ်မှာ လက်ခံတွေ့ဆုံနေတာများလား"

ဟု သံသယစိတ်များ ကြီးထွားလို့နေ၏။





ထိုစဉ်မှာပဲ အိမ်ရှေ့တံခါးက ဝုန်းခနဲပွင့်လာပြီး ပုလိပ်အရာရှိရာဇဝတ်အုပ်ကြီးမှာ လက်တစ်ဖက်တွင် ခြောက်လုံးပြူးကိုင်လျက် အခြားလက်တစ်ဖက်ဝယ် နံပါတ်တုတ်မည်းမည်းကြီးကို ကိုင်မြှောက်ကာ အိမ်ထဲမှ ဒေါသတကြီး ခုန်ထွက်လာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ လွန်စွာအံ့သြသွား၏။

"တောက် . . . ခွေးမသား . . . ရာဇဝတ်သား၊ ဒီဘက်ပြေးလာတာကို တွေ့လိုက်ရလို့ မြင်းနဲ့လိုက်လာတာတောင် အရိပ်အယောင်မတွေ့ရတော့ဘူး၊ သင်းတော့လား . . . ငါမိလိုက်လို့ကတော့ ခြေထောက်ကို သေနတ်နဲ့ပစ်ချိုးပြီး နံပါတ်တုတ်နဲ့ ဒဏ်ရာမပေါ်အောင် အသေဆော်ပစ်မယ်"

ဟု ဒေါသတကြီးကြုံးဝါးရင်း သူ၏မြင်းဇက်ကြိုးကို ပေါ်တီကိုတိုင်မှ လျှင်မြန်စွာဖြုတ်ယူပြီး ဒေါသတကြီး မြင်းပေါ်သို့ ခုန်တက်လိုက်လေ၏။

ထိုသို့ ရာဇဝတ်အုပ်ကြီး၏အမူအရာကို မြင်တွေ့ရသည့် ကိုငွေတိုးမှာ ဘာမှမမေးရဲဘဲ ကြောင်ကြည့်နေမိ၏။ ရာဇဝတ်အုပ်ကြီးက ဆက်ပြီး . . .

"တောက် . . . ဒီနားဝန်းကျင်မှာပဲ ဒီကောင်ပုန်းခိုနေလေသလား၊ ဟိုးအဝေးကိုပဲ ပြေးပြီလား မသိဘူး၊ မိခါနီးမှ လွတ်သွားတာ နာတာပဲကွာ၊ မိလို့ကတော့ အဲဒီကောင်ကို အရေဆုတ်ပစ်မယ် . . . ဟင်း"

ဟု ကျယ်လောင်စွာ အော်ဟစ်ကြိမ်းဝါးရင်းဖြင့် မြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒုန်းစိုင်းစီးကာ ထွက်ခွာသွားလေတော့သည်။

ထိုအချိန်ဝယ် အိမ်ထဲ၌ရှိနေသော စံပယ်မြိုင်က လိုက်ကာနောက်မှ မင်းပုညကို လေသံခပ်တိုးတိုးဖြင့် ခပ်မြန်မြန်ပင် အကြံပေးလိုက်ပြန်၏။

"မောင် . . . မြိုင် . . . ပြောတဲ့စကားကို ဂရုပြုနားထောင်ပြီး မီးစင်ကြည့်ကပေတော့ . . . ဟုတ်လား"

ဟုဆိုလိုက်ကာ တံခါးဝဆီသို့ လှမ်းလာစဉ် အိမ်တံခါးဝမှ ဇဝေဇဝါမျက်နှာ၊ စိုးရိမ်ပူပန်သော အသွင်တို့ဖြင့် အိမ်ထဲသို့ အလျင်စလိုဝင်လာသော ခင်ပွန်းဖြစ်သူ ကိုငွေတိုးနှင့် ပက်ပင်းတိုးလေတော့၏။

"ဟင် . . . ကိုတိုးပါလား၊ ကိုတိုး ခရီးမသွားဖြစ်ဘူးလား ဟင်၊ တော်ပါသေးရဲ့ ကိုတိုးရယ်၊ ကိုတိုး ပြန်ရောက်လာပေလို့၊ နို့မဟုတ်ရင် မြိုင်တစ်ယောက်တည်း ဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့ဘူး"

ဟု ပြူးပြူးပျာပျာပုံစံဖြင့် ပြောလိုက်ရာ . . .

"ဘာ . . . ဘာဖြစ်လို့လဲ မြိုင်၊ ဒီမှာ ဘာတွေဖြစ်နေတာလဲ၊ စောစောကလည်း ရာဇဝတ်အုပ်က ဒေါသတကြီးနဲ့ ဒီအိမ်ထဲက ပြေးထွက်လာတာ ဘာသဘောလဲ"

ဟု စိုးရိမ်တကြီး မေးလေ၏။

"အမယ်လေး . . . ကိုတိုးရယ် ပြောမနေပါနဲ့တော့၊ မြိုင်ဖြင့် ဒီလောက်ကြောက်စရာ၊ ထိတ်လန့်စရာကောင်းတဲ့ အဖြစ်မျိုး တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးပါဘူး၊ စောစောလေးကတင် လူငယ်





တစ်ဦးဟာ မြိုင်တို့ခြံထဲကို အူလျားဖားလျား ပြေးဝင်လာပြီး မြိုင်ညည့်ခန်းထဲမှာ ထိုင်နေတုန်း အိမ်ထဲစွပ်ပြေးဝင်လာတယ်လေ။

သူဟာ အတော့်ကို တုန်လှုပ်ချောက်ခြားနေပြီး မြိုင့်ကို အစ်မရယ် . . . ကျွန်တော့်ကို ပုလိပ်တွေက လူမှားပြီး လိုက်ဖမ်းနေလို့ ကယ်ပါဦးလို့ သနားစရာကောင်းအောင် တောင်းပန်နေတော့တာပဲ၊ မြိုင်က ဘာဖြစ်လာတာလဲလို့မေးတော့ မြို့ထဲမှာ လူရိုက်မှုတစ်ခုဖြစ်လို့တဲ့။

ရိုက်တဲ့သူဟာ သူ့လိုပဲ အင်္ကျီအပြာရောင်ဝတ်ထားတော့ ရန်ဖြစ်ပြီး ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတုန်းမှာ ဘေးကရပ်ကြည့်နေမိတဲ့ စောစောက လူရွယ်ကို လူမှားပြီး ပုလိပ်တွေက အတင်းလိုက်ဖမ်းတော့တာပဲတဲ့၊ သူ့မှာလည်း ရုတ်တရက်ဆိုတော့ ဖြေရှင်းခွင့်မရဘဲ ပုလိပ်တွေလက်ကလွတ်အောင် မနည်းအလွတ်ရုန်းဖြေးခဲ့ရတယ်တဲ့။

အရိုက်ခံရတဲ့သူက စောစောက ကိုတိုးမြင်လိုက်တဲ့ ပုလိပ်အရာရှိကြီးဦးနေခရဲ့တူတော်တယ်တဲ့၊ ဒါကြောင့် ပုလိပ်အရာရှိကိုယ်တိုင် ယမ်းပုံမီးကျသလို ဒေါသတကြီးနဲ့ မြေလှန်ရှာရင်း စောစောကပဲ ဒီအိမ်ထဲကို ဖွတ်ဝင်လာရှာတာနဲ့ အဲဒီသူငယ်လေးကို ဟောဟိုအတွင်းခန်းက လိုက်ကာကြီးရဲ့နောက်မှာ ပုန်းနေခိုင်းလိုက်ရတယ် ကိုတိုးရယ်"

ဟူ၍ ကိုငွေတိုးကို သနားကရုဏာသက်အောင် ပြောပြီးနောက် လိုက်ကာအား သွား၍ဖယ်လိုက်ရာ လိုက်ကာ၏နောက်မှ ကြောင်စီစီဖြင့် ရပ်နေသော မင်းပုညကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မောင်လေး၊ ဘာမှမစိုးရိမ်နဲ့တော့၊ ရဲရဲသာ ထွက်ခဲ့ပေတော့၊ မင်းကို လူမှားပြီး လိုက်ရှာတဲ့ ဒေါသကုမ္ပာရပုလိပ်အရာရှိကြီး ထွက်သွားပါပြီကွယ်"

ဟုဆိုကာ ခေါ်ထုတ်လိုက်ရာ မင်းပုညလည်း မျက်လုံးလေးပေကလပ်၊ ပေကလပ်ဖြင့် လိုက်ကာနောက်မှ ထွက်လာလေတော့၏။ ထိုစဉ် ကိုငွေတိုးမှာ အံ့အားသင့်စွာဖြင့် . . .

"ဟင် . . . မင်းကို ငါသိပါတယ်၊ ဟိုတွင်းစား ဦးတင်ငွေးရဲ့သားမဟုတ်လား"

ဟုမေးလိုက်ရာ မင်းပုညက ခေါင်းကိုငုံ့လိုက်ရင်း . . .

"ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ၊ ဦးက ကျွန်တော့်ရဲ့အဖေကို သိနေတယ်ဆိုရင်လည်း အခုဖြစ်တဲ့ကိစ္စကို အဖေမသိပါစေနဲ့ဦးရယ်၊ တကယ်တော့ မြို့ထဲမှာ လူရမ်းကားတွေ သူတို့ဘာသာရန်ဖြစ်တဲ့ကိစ္စမှာ ကျွန်တော်မပါပါဘူး၊ ကျွန်တော်က ပွဲကြည့်ပရိသတ်ပါ၊ ဒါပေမယ့် ကျွန်တော့်မှာ ကံဆိုးချင်တော့ ကျွန်တော်ဝတ်ထားတဲ့အင်္ကျီနဲ့ စောစောက ပုလိပ်ကြီးရဲ့တူကို ရိုက်သွားတဲ့သူဝတ်ထားတဲ့အင်္ကျီဟာ အရောင်ချင်းတူနေတော့ ကျွန်တော့်ကို လူမှားပြီး လိုက်ဖမ်းတာပါပဲခင်ဗျာ။

ဒီက အစ်မကယ်ပေလို့သာပေါ့၊ ကျွန်တော်သာ ဒီမှာအခုလို ပုန်းခွင့်မပေးဘူးဆိုရင် အခုလောက်ဆို စောစောက ပုလိပ်ကြီးရဲ့အရိုက်အနှက်ခံရပြီး ကျွန်တော့်တစ်ကိုယ်လုံး ဖွတ်ဖွတ်ညက်ညက်ကြေနေလောက်ပြီပေါ့ဗျာ၊ ဒီအစ်မရဲ့ကျေးဇူးက ကြီးလှပါပေရဲ့"





ဟု ညောင်နာနာအသံဖြင့်ပြောရင်း စံပယ်မြိုင်ဘက်လှည့်ကာ လက်အုပ်ချီလိုက်ရာ လူရိုးလူအေးကြီး ကိုငွေတိုး၏စိတ်ထဲဝယ် ဤသူငယ်အား အတော်ယဉ်ကျေးသိမ်မွေ့သော လူယဉ်ကျေး၊ လူလိမ္မာလေးပေပဲဟု မှတ်ယူလိုက်ပြီး ကရုဏာပိုသွားသည်ထင်၏။

"တော်သေးတာပေါ့ ငါ့တူရယ်၊ ကျုပ်ဇနီးသဘောကောင်း၊ မနောကောင်းနဲ့ တွေ့ပေလို့ပဲ၊ စောစောက ရာဇဝတ်အုပ်ကြီးဦးနေခသာ မင်းကိုမိသွားရင် သေနတ်နဲ့ တကယ်ပစ်ပြီး နံပါတ်တုတ်နဲ့ဆော်မှာကွ၊ သူတော်တော် ဒေါသထွက်နေတယ်၊ ဘယ်လောက်များလဲဆိုရင် အိမ်ရှင်ဖြစ်တဲ့ ကျုပ်ကိုတောင် ဂရုမထားနိုင်ဘဲ မင်းကိုရှာဖွေဖို့ဆိုပြီး မြင်းကိုဒုန်းစိုင်းလို့ ကမူးရှူးထိုးထွက်သွားလေရဲ့၊ ဘာပဲဖြစ်ဖြစ်လေ . . . မင်းကံကြီးလှပါပေရဲ့ကွယ်"

ဟုပြောလိုက်သဖြင့် မင်းပုညလည်း အပြစ်ကင်းစင်သော သုန်သူငယ်၏မျက်နှာမျိုးဖြင့် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ပြုရင်း . . .

"ဟုတ်တာပေါ့ ဦးရယ်၊ ဒီနေ့အဖို့ ကျွန်တော်ကံကြီးပေလို့၊ နို့မို့ဆို ကျွန်တော့်ရဲ့ဘဝဟာ မတွေးဝံ့အောင်ပါပဲ၊ ဒီက အစ်မရဲ့ကျေးဇူးပါပဲလေ၊ ဒီက အစ်မရဲ့ဥာဏ်ရည်ကတော့ ချီးကျူးစရာပါပဲဗျာ"

ဟု ကြောင်သူတော် ကြွက်သူခိုးလေသံဖြင့် အိညှက်အိညှက်ပြောရင်း မျက်နှာကို တစ်ဖက်သို့လှည့်ကာ ပြုံးဖြီးဖြီး လုပ်လိုက်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ထို့နောက်ကာလများတွင်မတော့ ဝက်ဘူဉာဏ်ကြွယ်ဝလှသော စံပယ်မြိုင်၏လှည့်စားမှုများအောက်ဝယ် ကိုငွေတိုးမှာ ချာလပတ်လည်သလို မင်းပုညနှင့် ရာဇဝတ်အုပ်ကြီးတို့ မိမိဇနီးနှင့် ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေသည်များကို လုံးဝရိပ်စားမိခြင်း မရှိတော့ပေ။

သို့သော်လည်း မကောင်းမှုဟူသည် ရေရှည်ဖုံးကွယ်၍မရဟူသော စကားအတိုင်းပင်။ စံပယ်မြိုင်၏ မှောက်မထားမှုဇာတ်လမ်းကို တိတိကျကျ သတင်းရရှိထားသော အစ်ကိုကြီးငွေစိုးက ညီဖြစ်သူအား တိုးတိုးတိတ်တိတ် ခေါ်ယူသတိပေးရတော့၏။

“ဟုတ်ရဲ့လား အစ်ကိုရာ၊ မလိုသူတွေက သွားပုပ်လေလွင့်





လျှောက်ပြောတာနေမှာပါ၊ အဲဒီရာဇဝတ်အုပ်ကြီးနဲ့ မင်းပုညဆိုတဲ့ လူငယ်ကို ကျွန်တော်ကောင်းကောင်းသိပါတယ်၊ သူတို့နဲ့တောင် ဆုံဖူးသေးတယ်”

ဟုပြောလိုက်ပြီး ရာဇဝတ်အုပ်နေခက လူမှားလိုက်သဖြင့် မင်းပုညမှာ မိမိအိမ်ဝယ် ပုန်းခိုနေခဲ့ရဖူးသော အဖြစ်အပျက်ကို အစိုးခံအတိုင်း ပြောပြလိုက်၏။

ဦးငွေစိုးမှာ ဇာတ်ကြောင်းစုံကို နားထောင်ပြီးသည်နှင့် သူ့နဖူးသူရိုက်ပြီး . . .

“သေလိုက်ပါတော့ ငါ့ညီငွေတိုးရယ်၊ မင်းဟာ ငါ့ညီဖြစ်ပြီး တုံးလှချည်လား၊ ထူလှချည်လားကွာ။

အဲဒီကတည်းက အဲဒီကြာကူလီနှစ်ကောင်က မင်းရဲ့မယားနဲ့ ဖောက်ပြန်နေတာကွ . . . သိရဲ့လား၊ သူတို့က မင်းခရီးထွက်သွားပြီလို့ထင်ပြီး မင်းရဲ့မယားနဲ့ ကြာကူလီဇာတ်ခင်းပြီး မင်းအိမ်ထဲနှစ်ယောက်စလုံးရောက်နေတုန်းမှာ မင်းရုတ်တရက် ပြန်ရောက်လာတာကြောင့် တစ်မျိုးတစ်ဖုံဇာတ်တိုက်လှည့်ဖျားပြီး အကွက်ထွင်လိုက်တာပဲ ဖြစ်ရမယ်၊ အဲဒါကို မင်းတွေးမိရဲ့လား”

ဟု ကရုဏာဒေါသဖြင့် ပြောလိုက်ရာ ကိုငွေတိုးက ဦးခေါင်းကို ဖြည်းလေးစွာ ခါရမ်းပြီး . . .

“မဟုတ်သေးပါဘူး အစ်ကိုရာ၊ အဲဒီတုန်းက ရာဇဝတ်အုပ်ကြီးက မင်းပုညကို တကယ်လူမှားပြီး လာဖမ်းတာပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မြိုင်ဖောက်ပြန်နေတယ်ဆိုတာ မယုံဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟု ခါးခါးသည်းသည်းပင် ငြင်းဆန်လေ၏။ ထိုအခါ ကိုငွေစိုးမှာ ဒေါသအိုးပေါက်ကွဲသွားပြီး . . .

"အေး . . . မယုံနဲ့ . . . မယုံနဲ့၊ မင်းမယားရဲ့ မာယာတစ်သိန်း အပလိန်းလှည့်စားချက်တွေကို မျက်စိမှိတ်ပြီး ယုံနေလိုက် . . ဟုတ်လား၊ ကြာရင် မင်းရဲ့ခေါင်းမှာ ချိုတွေပေါက်လာမှာ သေချာတယ် ငနွားရဲ့"

ဟု ဒေါသတကြီးပြောလိုက်တော့ ကိုငွေတိုးလည်း အစ်ကိုဖြစ်သူကို မနှစ်မြို့သလို မော့ကြည့်လိုက်ပြီး . . .

"ကျွန်တော့်မိန်းမကို ဖောက်ပြန်နေတယ်လို့ ပြောရအောင် အစ်ကိုလက်တွေ့ပြနိုင်လို့လား၊ သူများအပြောကိုကြားပြီး ရမ်းသမ်းစွပ်စွဲတာမျိုးကတော့ မကောင်းပါဘူး အစ်ကိုရာ"

ဟု မယားဖြစ်သူဘက်မှနာပြီး တစ်ခွန်းမခံ ပြန်ပြောလိုက်သဖြင့် ကိုငွေစိုးလည်း ကရုဏာဒေါသဖြစ်သွားပြီး . . .

"အေး . . ကောင်းပြီ ငွေတိုး၊ မင်းရဲ့မိန်းမဖောက်ပြန်သလား၊ မဖောက်ပြန်ဘူးလားဆိုတာကို ငါတစ်နေ့သက်သေပြမယ်၊ မင်းစောင့်ကြည့်နေပေတော့"

ဟု ခပ်မာမာပြောကာ လှည့်ထွက်သွားတော့၏။

ထိုနေ့မှစ၍ အစ်ကိုဖြစ်သူငွေစိုးသည် စီးပွားရေးလုပ်ငန်းမှာပင် အာရုံမစိုက်နိုင်တော့ဘဲ စံပယ်မြိုင်၏ မှောက်မထားသော ဇာတ်လမ်းကို အကောင်အထည်နှင့်တကွ လက်ပူးလက်ကြပ်မိစေရန် ကြိုးစားထောက်လှမ်းကာ စုံစမ်းလျက် ရှိတော့၏။





တစ်နေ့တွင် ကိုငွေစိုးသည် ညီမဖြစ်သူ ကေသီတိုးနှင့် တိုင်ပင်ကာ အစီအစဉ်တစ်ခုကို ရေးဆွဲလေ၏။

အစီအစဉ်အရ ကိုငွေစိုးသည် သူ့ညီနေထိုင်သည့် တိုက်ပုလေးသို့ မြင်းရထားဖြင့်သွားပြီး စံပယ်မြိုင်ရှေ့၌ပင် . . .

"ညီမလေးရေ . . . မနက်ဖြန်ကျရင် ကျပ်ပြင်ကို ငါတို့ညီအစ်ကို သွားကြရမယ်၊ ဟိုမှာ မျောတွင်းတူးဖို့ အလုပ်သမားတွေကို အကွက်ဖော်ပြီး ကြီးကြပ်ပေးရမယ်၊ အသွားအပြန်ရော ဟိုမှာနေရမှာရော လေးရက်ကြာမယ်၊ ကားငှားပြီး သွားကြမယ်၊ ညီမလေး တစ်ယောက်တည်း အိမ်မှာမနေရဲရင် ကိုးနဝရတ်မှာ သွားနေပေါ့"

ဟုပြောလိုက်ရာ စံပယ်မြိုင်က ပြုံးလျက် မထူးဆန်းသလို အမူအရာဖြင့် . . .

"ရပါတယ် အစ်ကိုကြီး၊ အဝတ်လျှော်တဲ့ ကောင်မလေးကို မြိုင် . . ညအိပ်ညနေ ခေါ်ထားလိုက်ပါ့မယ်၊ ဘာမှမပူပါနဲ့၊ အလုပ်ကိစ္စသာ အဆင်ပြေအောင် လုပ်ကြပါ"

ဟု ပြောလိုက်လေ၏။

သို့နှင့် နောက်နေ့နေ့ခင်းမှာပင် သူတို့ညီအစ်ကိုနှစ်ယောက်သည် ဂျစ်ကားတစ်စီးငှားပြီး မိုးကုတ်မှ ကျပ်ပြင်ဘက်သို့ ခရီးထွက်ခဲ့လေတော့၏။

ခရီးမိုင်ခုနှစ်မိုင်လောက် ပေါက်ခဲ့ပြီး ညနေစောင်းလုလုမှာတော့ ကိုငွေစိုးက ကားဆရာကို မိုးကုတ်ဘက်သို့ ပြန်လည်မောင်းနှင်စေလိုက်၏။ ထိုအခါ ညီဖြစ်သူငွေတိုးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အစ်ကို၊ ဘာကျန်ခဲ့လို့လဲ"

ဟု နားမလည်ဟန်ဖြင့် မေးလိုက်ရာ ကိုငွေစိုးက ညီဖြစ်သူ ကို ခပ်တွေတွေ စိုက်ကြည့်လိုက်ပြီး . . .

"ဘာမှကျန်ရစ်ခဲ့လို့ မဟုတ်ဘူး ငါ့ညီ၊ ငါတို့ အခုခရီးထွက် ခဲ့တာ ကျပ်ပြင်ကို တကယ်သွားမလို့ မဟုတ်ဘူး၊ မင်း တကယ်ခရီး ထွက်သွားပြီလို့ မင်းရဲ့မိန်းမယုံကြည်သွားအောင် လုပ်လိုက်တာပဲ အဲဒီလို မင်းခရီးထွက်သွားပြီလို့ သူယုံသွားမှ ဒီညမှာ သူနဲ့ဖောက် ပြန်နေတဲ့ ကြာကူလီကောင်ထဲက တစ်ယောက်ယောက်ကို မင်းတို့ရဲ့ အိမ်မှာ ချိန်းတွေလိမ့်မယ်၊ အဲဒီတော့မှ ငါတို့က သင်းရဲ့မျောက် ထားတဲ့ဇာတ်လမ်းကို ခိုးထုပ်ခိုးထည်နဲ့တကွ လက်ရဖမ်းရမယ်ကွ အဲဒီအခါကျမှ မင်းဟာ မင်းမိန်းမအိမ်ထောင်ရေးဖောက်ပြန်မှု တကယ်ကျူးလွန်သလား၊ မကျူးလွန်ဘူးလားဆိုတာကို သိသွားမယ်

အဲဒီလို သိပြီးရင်တော့ မင်းရဲ့သစ္စာမရှိတဲ့ မယားမိုက် အိမ်ပေါ်က ကန်သာချပစ်လိုက်၊ သူဟာ မင်းရဲ့မေတ္တာ၊ မင်းရဲ့သ နဲ့ လုံးဝမတန်တဲ့ မိန်းမယုတ်ပဲ"

ဟု တည်ငြိမ်စွာ ပြောလိုက်ရာ ကိုငွေတိုး၏မျက်နှာပေ ဝယ် အံ့ဩခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ စိတ်သောကရောက်ရခြင်း၊ မှု ဒေါသဖြစ်ခြင်း၊ ကြေကွဲခြင်း အရိပ်အယောင်များ ယှက်သန်းသွ ပြီးနောက် အံကို တင်းတင်းကြိတ်လိုက်ပြီး . . .

"ကောင်းပြီ အစ်ကို၊ မြိုင် တကယ်ပဲ သစ္စာမဲ့တယ်ဆို တော့ ကျွန်တော်သူ့ကို ပြတ်ပြတ်သားသားလုပ်မှာပါ၊ သူဟာ တက





ပဲ ဖောက်ပြန်တယ် မဖောက်ပြန်ဘူးဆိုတာကို ကျွန်တော်မျက်မြင် ဒိဋ္ဌတွေ့ချင်မြင်ချင်တယ်၊ လက်ဆုပ်လက်ကိုင်မပြနိုင်ဘဲနဲ့တော့ ကျွန် တော့်မိန်းမ ကျွန်တော့်အပေါ် သစ္စာမဲ့တယ်ဆိုတာကို လက်မခံနိုင် ပါဘူး"

ဟု ပြတ်သားစွာ ပြောလိုက်လေ၏။

သို့ဖြင့် သူတို့၏ကားလေးမှာ မိုးကုတ်သို့ ပြန်ဝင်သည်တွင် မိုးချုပ်စပြုနေပေပြီ။

သူတို့ညီအစ်ကိုနှစ်ယောက် မိုးကုတ်မြို့စွန်လမ်းသို့ ရောက် သည်နှင့် ကားပေါ်မှဆင်းပြီး ကိုငွေတိုးတို့ ငှားရမ်းနေထိုင်သော တိုက်ပုလေးရှိရာသို့ ခြေလျင်လျှောက်ခဲ့ကြလေ၏။

သူတို့တိုက်ပုလေးရှိရာ ခြံဝင်းအနီးသို့ ရောက်သောအခါ လမ်းဘေးသစ်ပင်မှောင်ရိပ်အောက်၌ လူတစ်စုကို တွေ့ရ၏။

ထိုသူတို့မှာ ကိုငွေတိုးတို့၏ညီမ ကေသီတိုးနှင့် ရပ်ကွက် လူကြီးများ၊ ပုလိပ်ဌာနအုပ်ကြီးတို့ဖြစ်ပြီး ပုလိပ်သားသုံးလေးဦးလည်း ပါလေရာ ကိုငွေတိုးမှာ လွန်စွာအံ့ဩသွားရ၏။

ကိုငွေစိုးက ရပ်ကွက်လူကြီးများနှင့် ပုလိပ်ဌာနအုပ်ကြီးတို့ ကို နှုတ်ဆက်လိုက်ပြီးနောက် . . .

"ကဲ . . . ညီမလေးရေ၊ အစ်ကိုကြီးတို့ရဲ့ အစီအစဉ်ကို စလိုက်ကြစို့"

ဟုပြောလိုက်ပြီးနောက် မကြာခင်မှာပဲ ကေသီတိုးက တိုက် ပုလေးရှိရာ ခြံဝင်းထဲသို့ လှမ်းဝင်သွားတော့၏။ ခြံမှာ ခြံတံခါးမရှိ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဖန်မီးအိမ်အလင်းရောင်လဲ့လဲ့ ထွန်းလင်းလျက်ရှိသော တိုက်ပုလေး၏ရှေ့သို့ တောက်လျှောက်ဝင်ရောက်သွားပြီး တိုက်ရှေ့တံခါးချပ်ကိုထုလျက် စံပယ်မြိုင်၏နာမည်ကို အော်ခေါ်လိုက်လေ၏။

"စံပယ်မြိုင် . . . ဟေး . . . စံပယ်မြိုင်၊ တံခါးခဏဖွင့်ပါဦး . . . အရေးကြီးလို့"

ဟုအော်ဟစ်ခေါ်ကာ တံခါးကိုထုနေစဉ် ပုလိပ်သုံးဦးက ခြံထဲဝင်လာပြီး တိုက်ပုလေးကိုပတ်ကာ တိုက်နောက်ပိုင်းသို့သွားပြီး သစ်ရိပ်ကွယ်လျက် စောင့်ကြည့်နေကြ၏။

ခဏအကြာဝယ် တံခါးပွင့်သွားပြီး တံခါးပေါက်ဝ၌ ဆံပင်ဖားလျားနှင့် ညအိပ်ဝတ်စုံရှည်ကြီးဝတ်ထားသော စံပယ်မြိုင်ကို ကပိုကယိုအသွင်ဖြင့် တွေ့ရလေ၏။

"ဟင် . . . မမကေသီ၊ ညကြီးမင်းကြီးပါလား၊ ဘာ . . . ဘာဖြစ်လို့လဲဟင်"

ဟု စံပယ်မြိုင်က စိုးရိမ်ထိတ်လန့်စွာဖြင့် မေးလိုက်ရာ . . .

"သား . . . သားလေး . . . မောင် . . . မောင်မိုးစွေ . ."

ဟု ကေသီတိုးက တုန်ရင်သော အသံဖြင့် ပြောလိုက်သည်တွင် . . .

"သားလေးမိုးစွေ . . . ဟုတ်လား၊ သား . . . သားဘာဖြစ်လို့လဲဟင်"

"သား . . . သားလေး ဘာဖြစ်မှန်းမသိဘူး၊ တက်ပြီး သတိလစ်သွားလို့ အစ်ကိုကြီးကလည်း ခရီးထွက်သွားလို့ မမကေသီလည်း





တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘဲ ညီမလေးမြိုင်ကို လာခေါ်တာ၊ ကဲ . . . မြန်မြန်သာ လိုက်ခဲ့ပါကွယ်၊ ခုလောက်ရှိ ကလေးက အသက်ရှိပါတော့မလား မသိဘူး"

ဟူ၍ ကေသီတိုးက ဒရောသောပါးပြောပြီး စံပယ်မြိုင်၏လက်ကို အတင်းဆွဲခေါ်လိုက်သဖြင့် သူမလည်း ကြောင်အမ်းအမ်းဖြင့် ပါလာရလေတော့၏။

ကေသီတိုးက စံပယ်မြိုင်ကို တိုက်ပုလေး၏မျက်စောင်းထိုးလမ်းနံဘေးဝယ် အသင့်ရပ်ခိုင်းထားသည့် ရထားလုံးပေါ်သို့ လျင်မြန်စွာ တက်စေပြီး ရထားမောင်းသမားအား ခပ်မြန်မြန်မောင်းထွက်စေလိုက်၏။

"ဩော် . . . မမကေသီ၊ အိမ်တံခါးတောင် မပိတ်ခဲ့မိဘူး"

ဟု စံပယ်မြိုင်က ပြောလိုက်ရာ ကေသီတိုးက . . .

"အိမ်ထက် သားလေးက ပိုအရေးကြီးပါတယ် မြိုင်ရယ်"

ဟုပြောပြီးနောက် ခပ်မဆိတ်နေလိုက်ရာ စံပယ်မြိုင်မှာလည်း ဘာမှမပြောသာတော့ဘဲ တိတ်ဆိတ်စွာဖြင့်သာ ရထားလုံး၏ခေါင်ဆောင်ရာသို့ လိုက်ပါခဲ့ရတော့၏။

ကေသီတိုးတို့ လိုက်ပါသွားသည့် ရထားလုံးထွက်ခွာသွားပြီး နာရီဝက်ခန့်အကြာတွင် တိုက်ပုလေး၏အိမ်ရှေ့တံခါးမှ လူရိပ်မည်းမည်းကြီးက လှုပ်တုတ်လှုပ်တုတ်ဖြင့် ထွက်လာလေ၏။

ထိုသူအား ခြံဝင်းအတွင်းရှိ သစ်ရိပ်အမှောင်ထုထဲမှလူစုက တိတ်ဆိတ်စွာ စောင့်ကြည့်ခဲ့ကြရာ လရောင်ကြောင့် ၄င်းသူမှာ



www.burmeseclassic.com

www.burmeseclassic.com



မာဖီခေါ် အရပ်ဝတ်အရပ်စား ဝတ်ဆင်ထားသော ရာဇဝတ်အုပ်ကြီး နေခပင်ဖြစ်ကြောင်း သဲကွဲစွာ တွေ့မြင်လိုက်ကြ၏။

ရာဇဝတ်အုပ်မှာ ပတ်ဝန်းကျင်ကို ဂရုမပြုမိဘဲ ဗျစ်တောက် ဗျစ်တောက်ပြောလျက် တိုက်အဝမှ ထွက်လာလေ၏။

"တောက် . . . အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလိုပဲ ငွေတိုးခရီးထွက်နေတုန်း လွတ်လွတ်လပ်လပ် နှစ်ပါးကြည်ရမလား အောက်မေ့ပါတယ်၊ မိုးဇွေဆိုတဲ့ ခွေးမသားလေးက တက်လို့တဲ့၊ ဟွန်း . . . သေသွား အေးတာပဲ၊ သာသနာဖျက်ကောင်လေး"

ဟု တစ်ကိုယ်တည်း ကြိတ်မနိုင်ခဲမရ အသံထွက်လျက် မြည်တွန်တောက်တီးလာစဉ် လက်နှိပ်ဓါတ်မီးရောင်များက သူ၏ ကိုယ်ပေါ်သို့ စုပြုံကျရောက်သွားပြီး အော်ဟစ်သံကြီးတစ်ခုက ရုတ်တရက် ထွက်ပေါ်လာသဖြင့် သူ၏ခန္ဓာကိုယ်ကြီးက ဆတ်ကနဲတုန် တက်သွားလေ၏။

"ဟေ့ . . . ကိုနေခ၊ လက်မြှောက်လိုက်စမ်း၊ ခင်ဗျားကို သူတစ်ပါးသားမယား ခိုးယူပေါင်းသင်းမှု၊ သူတစ်ပါးအိမ်ဂေဟာကို ကျူးကျော်မှုတွေနဲ့ ဖမ်းလိုက်ပြီ၊ ခင်ဗျားနဲ့ပတ်သက်ပြီး ကာယကံရှင် ကိုငွေတိုးရဲ့အစ်ကို ကိုငွေစိုးက တိုင်ချက်ဖွင့်ထားတယ်"

ဟူသော ဌာနအုပ်ကြီး၏ အသံသြသြကြီးကို ကြားလိုက်ရ ပြီးနောက် ရာဇဝတ်အုပ်ကြီးနေခမှာ ရပ်ကွက်လူကြီးများလည်း ဝိုင်း ထားပြီဖြစ်ကြောင်း တွေ့လိုက်ရသည့်အခိုက်မှာပဲ ဦးခေါင်းငိုက်စိုက် ကျသွားတော့၏။





ထိုအချိန်မှာပဲ ကေသီတိုးတို့၏ရထားလုံးမှာ ကိုးနဝရတ် စံအိမ်သို့ ရောက်ရှိသွားတော့၏။ ၎င်းစံအိမ်ကြီး၏အောက်ထပ်တံခါး ဝတွင် ကေသီတိုးက ဇာတ်တိုက်ပြီး အသေအချာမှာထားသည့် အိမ် ဖော်မလေးက အသင့်စောင့်ဆိုင်းနေလေ၏။

ကေသီတိုးသည် ရထားပေါ်မှ ဆင်းလျှင်ဆင်းချင်း . . .

"ဟဲ့ . . . မိရွှေ၊ သားလေး . . . ဘယ်လိုနေသေးလဲ"

ဟုမေးလိုက်ရာ အိမ်ဖော်မလေးက မငံ့မရဲဖြင့် . . .

"ကောင်း . . . ကောင်းသွားပါပြီ အန်တီ၊ အိပ်ပျော်သွား ပါပြီ"

ဟု ကြိုတင်မှာကြားထားသည့်အတိုင်း ဖြေလေ၏။

"မြိုင်ရေ . . . ကလေးအိပ်ပျော်နေပြီတဲ့၊ လာ . . . တက် ကြည့်ရအောင်၊ အမယ်လေး . . . တော်ပါသေးရဲ့၊ သားလေး . . . မောင်မိုးဇွေ ဘာမှမဖြစ်ပေလို့"

ဟုပြောကာ သူမက ဦးဆောင်ပြီး အိမ်အပေါ်ထပ်သို့ တက် သွားလေရာ စံပယ်မြိုင်လည်း နောက်မှစိတ်ပျက်လက်ပျက်နှင့် လိုက် သွားလေတော့၏။

သူမစိတ်ကတော့ တိုက်ပုလေးမှာ ကျန်ရစ်ခဲ့သည့် ရာဇဝတ် အုပ်ကြီးနှင့် ညဉ့် (၁၁) နာရီခန့်မှာ ရောက်ရှိလာတော့မည့် မင်းပုညထံသို့ အာရုံညွှတ်နေမိလေ၏။

ပုလိပ်သားနှစ်ဦးသည် ရာဇဝတ်အုပ်ကြီးနေခအား လက် ထိပ်ခတ်ပြီး မြင်းရထားတစ်စီးဖြင့် ဂတ်သို့ခေါ်သွားစဉ် ကိုငွေစိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ဦးနှင့် ကျန်လူများမှာ တိုက်ပုလေးအတွင်းသို့ဝင်ပြီး ဧည့်ခန်းထဲတွင် စိတ်မောစွာ ထိုင်နေကြတော့၏။

ထိုစဉ်မှာပဲ ကိုငွေစိုးက တိုင်ကပ်နာရီကို ကြည့်လိုက်ပြီး-

"ဦးမင်းတို့နဲ့ ဌာနအုပ်ကြီးခင်ဗျား၊ နာရီဝက်လောက် စောင့်လိုက်ပါဦးနော်၊ မကြာခင်အချိန် (၁၁) နာရီကျော်လောက်မှာ ကျွန်တော်တို့ သက်ာမကင်းတဲ့သူတစ်ယောက် ရောက်လာဦးမယ်"

ဟုပြောလိုက်ရာ ရပ်ကွက်လူကြီးတစ်ဦးက ပြုံးလိုက်ကာ-

"ကိုငွေစိုးက သေချာလှချည်လားဗျ"

ဟု သဘောကျစွာဖြင့် ပြောလိုက်လေရာ . . .

"သေချာပြီကောဗျာ၊ ကျွန်တော်က ကျွန်တော့်ခယ်မရဲ့လှုပ်ရှားမှုတွေကို အချိန်အတော်ကြာကြာ လေ့လာကြည့်ပြီးသားဗျ၊ သူက ကျွန်တော့်ညီ ခရီးထွက်တဲ့ညတွေမှာဆိုရင် ညဦးပိုင်းမှာ အဲဒီပုလိပ်စုတ်ကြီးနဲ့ တွေ့ဆုံလေ့ရှိတယ်၊ ဒီလူကြီးက အိမ်ထောင်ရှင်ဖြစ်လေတော့ ညဆယ်နာရီကျော်ရင် အိမ်ပြန်လေ့ရှိတယ်ဗျ။

ဒါကြောင့် ကျုပ်ခယ်မက မင်းပုညဆိုတဲ့သူငယ်ကို ည (၁၁) နာရီမှာမှ ဒီအိမ်ကိုလာခဲ့ဖို့ ချိန်းလေ့ရှိတယ်၊ အဲဒီလူငယ်ကတော့ လူလွတ်ဖြစ်လေတော့ ဒီမှာတစ်ညလုံးနေတာပေါ့၊ အာရုဏ်တက်အလင်းမလာမီမှာ ထပြန်လေ့ရှိတယ်ဗျ။

ဟော . . . ပြောရင်းဆိုရင်း (၁၁) နာရီထိုးပြီဗျို့၊ စောစောက ကျွန်တော်ပြောထားတဲ့အတိုင်းပဲ အဲဒီလူငယ်လာရင် ဖလ်မီးအိမ်ကိုမှိန်ထားပြီးတော့ ကျွန်တော်တို့က ဟောဟိုက အတွင်းခန်းထဲမှာ





ဝင်နေကြမယ်"

ဟုပြောကာ ပြတင်းဝတစ်ခုဆီသို့ ထသွားပြီး မှန်ပြတင်းမှနေ၍ အပြင်သို့ ချောင်းကြည့်နေလေ၏။

ကျန်လူများမှာ စီးကရက်သောက်သူသောက်၊ ကွမ်းယာငုံသူက ငုံဖြင့် အချိန်ဖြုန်းလျက်ရှိစဉ် အတန်ကြာသည်တွင် ကိုငွေစိုးက ဖျတ်ခနဲလှည့်ကြည့်ပြီး ခပ်တိုးတိုးပြောလေ၏။

"အဲဒီလူငယ် လာပြီ၊ ကျွန်တော်တို့ ဆွဲထားတဲ့ အစီအစဉ်အတိုင်းလုပ်ကြစို့"

ဟု လောဆော်လိုက်ပြီးနောက် ၄င်းကိုယ်တိုင် ဦးဆောင်ကာ အတွင်းခန်းထဲသို့ ဝင်သွားလေတော့၏။

ဆန်းစလရောင်အားကိုးဖြင့် တိုက်ပုလေးရှိရာ ခြံဝင်းထဲသို့ တစ်လှမ်းချင်းဝင်လာသော မင်းပုညဟူသော လူငယ်သည် လရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေသော တိုက်ကလေးကို လှမ်းကြည့်ရင်း ရင်ခုန်သွားလေ၏။

၄င်းက ပေါ်တီကိုအောက်ကို ဝင်လာခဲ့ပြီး တံခါးရွက်ကို အသာလေးတွန်းလိုက်ရာ တိုက်ရှေ့တံခါးချပ်က သာသာလေး ပွင့်သွားလေ၏။

မင်းပုညသည် ဖလ်မီးအိမ်၏အလင်းမှိန်မှိန်အောက်မှ အိမ်အတွင်းပိုင်းကို လှည့်ပတ်ကြည့်လိုက်ပြီး . . .

"မြိုင် . . . မြိုင်ရေ . . . မောင်လာပြီလေ"

ဟု အသံတိုးတိုးပြုလိုက်ရင်း ဧည့်ခန်းထဲသို့ လှမ်းဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဟော့ . . . မြိုင်၊ မောင့်ကို နောက်ချင်စချင်လို့ ပုန်းနေတာလား၊ ထွက်ခဲ့ပါဦး အချစ်ရဲ့၊ အချစ်က ချိန်းတုန်းက ချိန်းပြီး ခုမှ ပုန်းနေတယ်ပေါ့ . . . ဟုတ်လား၊ မင်းရဲ့လင်ကြီး ကိုငွေတိုးမရှိတုန်း မောင်တို့ လွတ်လွတ်လပ်လပ် တစ်ညလုံးချစ်ကြရအောင်လား"

ဟု အသံကို အတန်ငယ်မြှင့်၍ အော်လိုက်စဉ် အိမ်အတွင်းခန်း တံခါးပေါက်တစ်ခုမှ ခန်းဆီးလိုက်ကာက လှုပ်သွားပြီး ယင်းအခန်းထဲမှ ဌာနအုပ်ကြီး၊ ကိုငွေစိုးတို့ညီအစ်ကိုနှင့် ရပ်ကွက်လူကြီးများရော၊ ပုလိပ်သားနှစ်ဦးပါ ထွက်လာကြသည်ကို တွေ့လိုက်သဖြင့် လွန်စွာအံ့သြထိတ်လန့်သွားသဖြင့် ကြက်သေသေကာ ပါးစပ်အဟောင်းသားဖြင့် ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ဖြစ်သွားလေ၏။

"ကဲ . . မင်းပုညာ၊ မင်းဟာ ဒီက ကိုငွေတိုးရဲ့ဇနီးစံပယ်မြိုင်နဲ့ ဖောက်ပြားနေတာကို ငြင်းချင်သေးလားကွ၊ မင်းကို သူတစ်ပါးသားမယားကို ခိုးယူပေါင်းသင်းမှု၊ သူတစ်ပါးအိမ်ယာကျူးကျော်မှုတွေနဲ့ ငါဖမ်းတယ်၊ ကာယကံရှင် ကိုငွေတိုးရဲ့အစ်ကိုဖြစ်တဲ့ ကိုငွေစိုးက မင်းနဲ့ပတ်သက်ပြီး တိုင်ချက်ဖွင့်ထားပြီးပြီ"

ဟု ဌာနအုပ်ကြီးက သူ၏အသံသြသြကြီးဖြင့် ပြတ်သားစွာ ပြောလိုက်သည်တွင် မင်းပုညာမှာလည်း ခိုးထုပ်ခိုးထည်ဖြင့် မိနေပြီဖြစ်၍ နဖူးမှချွေးသီးချွေးပေါက်များကျလာပြီး ဒူးနှစ်လုံးမှာလည်း တဆတ်ဆတ်တုန်ကာ ရင်တလှပ်လှပ်ခုန်ပြီး အကြောက်ကြီးကြောက်သွားလေတော့၏။ နောက်ဆုံးဝယ် လုံးဝရပ်တည်နိုင်စွမ်းမရှိတော့ဘဲ





ဒူးညွှတ်ကာ ကြမ်းပြင်ပေါ်သို့ ခွေကျသွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဦးငွေစိုးသည် ရှည်လျားစွာ ပြောဆိုလာသည့် စကားကို ခေတ္တရပ်တန့်လိုက်ပြီး ဒန်းပေါလ်ဆေးတံကြီးကို နှစ်ဖွာသုံးဖွာလောက် အားရပါးရ ဖွာလိုက်လေ၏။

"အဲဒီအချိန်ကစပြီး ကျုပ်ရဲ့ညီ ငွေတိုးနဲ့ သူ့မိန်းမစံပယ်မြိုင်တို့လည်း တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြတယ်"

ဟု လေးလေးပင်ပင်ကြီးပြောကာ သူ၏စကားကို အဆုံးသတ်လိုက်လေ၏။

သူဇာလည်း ဦးငွေစိုးအား ငေးကြည့်ရင်း . . .

"ဒါနဲ့ ဦးငွေတိုးပျောက်ဆုံးသွားပုံကိုလည်း ပြောပြပါဦး"

ဟု စိတ်ဝင်စားစွာ တောင်းဆိုလိုက်၏။ သို့ကြောင့် ဦးငွေစိုး





လည်း ဆေးတံကြီးကို ပါးစပ်မှချွတ်လိုက်ပြီး . . .

"ဒီလို သူဇာ . . . ကျုပ်ရဲ့ညီငွေတိုးဟာ အိမ်ထောင်ရေးဖောက်ပြန်တဲ့ သူ့မိန်းမစံပယ်မြိုင်ကို ငွေတစ်သောင်းပေးပြီး ကွာရှင်းပစ်လိုက်တယ်၊ သူတို့ရဲ့သားလေး မောင်မိုးစွေကိုတော့ ကျုပ်ညီငွေတိုးကပဲ ခေါ်ထားလိုက်တယ်၊ စံပယ်မြိုင်ဟာ အတ္တရမ္မက်ကြီးတဲ့ မိန်းမယုတ်ပီပီ သူ့ရင်ကဖြစ်တဲ့သားကိုတောင် သံယောဇဉ်သိပ်ရှိပုံမရဘဲ ငွေတစ်သောင်းကိုပိုက်လို့ မိုးကုတ်ကနေ ထွက်သွားခဲ့တယ်။

အဲ . . . ပုလိပ်အရာရှိနေခဆိုတဲ့လူနဲ့ မင်းပုညတို့ကတော့ မယားခိုးမှုနဲ့ ထောင်နန်းစံသွားရတယ်။

အဲဒီနောက်ပိုင်း နှစ်နှစ်လောက်အကြာမှာတော့ ကျုပ်တို့ရဲ့ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတွေက ကျဆင်းလာခဲ့တယ်၊ 'ဘားမားရူဘီ' ကုမ္ပဏီလို ဗြိတိသျှကုမ္ပဏီကြီးတောင် အရှုံးပေါ်ပြီး ကျောက်မျက်တူးဖော်ခွင့်လိုင်စင်ကို ဗြိတိသျှအစိုးရရဲ့လက်ထဲ ပြန်အပ်ခဲ့တယ်။

အဲဒီအခါမှာ ကျုပ်ရဲ့ညီငွေတိုးကလည်း သူ့ရဲ့အသည်းကြေကွဲခဲ့ရာ၊ သူ့ရဲ့ဘဝပျက်ခဲ့ရာ၊ သူအရှက်ကြီးရှက်ခဲ့ရာ မိုးကုတ်မြေမှာ မနေချင်တော့ဘူးဆိုတာနဲ့ ကျုပ်တို့လည်း ကျောက်မျက်တူးဖော်ရေးလုပ်ငန်းကို ရုပ်သိမ်းလိုက်ပြီး မန္တလေးကို ရွှေ့လာခဲ့တယ်၊ အဲဒီကတစ်ဆင့် ရန်ကုန်ကို အခြေချခဲ့ကြတာပါပဲ။

ရန်ကုန်ရောက်ပြီး နှစ်နှစ်လောက်အကြာမှာတော့ ကျုပ်ရဲ့ညီငွေတိုးဟာ ကန်တော်ကြီးဘက် လမ်းလျှောက်ထွက်ဦးမယ်ဆိုပြီး တစ်ညနေခင်းမှာ အိမ်ကထွက်သွားရာက လုံးဝပြန်မလာတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားခဲ့တာ ခုချိန်အထိပဲ၊ ကျုပ်တို့မောင်နှမလည်း လက်လှမ်းမီရာ လိုက်စုံစမ်းသလို ဂတ်မှာလည်း လူပျောက်တိုင်ကြားခဲ့ကြတယ်။

ကျုပ်ရဲ့ညီဟာ သူ့မိန်းမစံပယ်မြိုင်ကို သိပ်ချစ်တော့ မိန်းမစိတ်နဲ့ပဲ စိတ်ထိခိုက်ပြီးတော့ ကန်တော်ကြီးထဲ ခုန်ချသွားလေသလားလို့ ပုလိပ်ဘက်က တွေးထင်ခဲ့ကြတယ်၊ ဒါပေမယ့် ငွေတိုးဟာ ရေကောင်းကောင်းကူးတတ်လေတော့ ရေထဲတော့ ဆင်းသေမှာမဟုတ်လောက်ဘူး။

ကျုပ်ရဲ့ညီ ပျောက်ဆုံးသွားရပုံကတော့ အဲဒီလိုပဲ သူဇာ၊ ကဲ . . . ကဲ . . . စကားပြောရတာလည်း အတော်ကြာသွားပြီဆိုတော့ မှောင်တောင်မှောင်သွားပြီ၊ အိမ်အောက်ထပ်ဆင်းပြီး ညီမလေးတို့လာမှပဲ ညစာစားတာပေါ့"

ဟုပြောကာ ဆိုဖာဆက်တီခုံပေါ်မှ ဦးငွေစိုးက ထလိုက်ပြီး အိမ်အောက်ထပ်သို့ ရှေ့မှဆင်းသွားလေ၏။ သူဇာလည်း နောက်မှလိုက်ဆင်းပြီး မမကေသီတိုးတို့ကို ခြံရှေ့ပန်းခြံထဲရှိ ခုံတန်းလျားလေးပေါ်ဝယ် ထိုင်စောင့်နေလိုက်၏။

ထိုစဉ်မှာပဲ ခြံထဲသို့ ဘေဘီအော်စတင်ကားနက်လေး ချိုးကွေ့ဝင်လာပြီး ကားလေးက အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်သွားလေ၏။

ကားထဲမှ မမကေသီတိုးဆင်းလာပြီး အိမ်ထဲသို့ ဝင်သွားသည်ကို သူဇာက ရပ်ကြည့်နေပြီးမှ သူမပါ အိမ်ထဲသို့ လိုက်ဝင်ခဲ့၏။





ကားရှေ့ခန်းမှ ကျော်စွာက သူဇာကို တစ်ချက်ငဲ့ကြည့်လိုက်ပြီးနောက် ကားလေးကို ဂိုဒေါင်ဘက်ဆီသို့ မောင်းထွက်သွားလေ၏။

ထိုနေ့ညက သူဇာသည် တော်တော်နှင့် အိပ်မပျော်ခဲ့ပေ။ ညနေခင်းက ဦးငွေစိုးပြောပြသော မြစ်ဝကျွန်းပေါ်ဒေသမှ ထူးဆန်းသော ရွာလေးအကြောင်း၊ လူရိုးလူအေးကြီး ဦးငွေတိုးအကြောင်း၊ စံပယ်မြိုင်ဆိုသော မိန်းမလည်တို့၏အကြောင်းများကို နားထဲဝယ် ပြန်လည်ကြားယောင်နေပြီး တော်တော်နှင့် အိပ်မရနိုင်ဖြစ်နေလေ၏။

ညဉ့်အတော်နက်လာချိန်ဝယ် မိုးဖွဲကလေးများကျလာပြီး လေလည်း တိုက်ခတ်လာသဖြင့် ဖွင့်ထားသော မှန်ပြတင်းမှ မိုးရေစက်တို့နှင့်အတူ လေကြမ်းတို့က တိုးဝင်လျက်ရှိ၏။ သို့ကြောင့် သူဇာလည်း ပြတင်းတံခါးကိုပိတ်ရန် အိပ်နေရာမှ လူးလဲထလိုက်၏။

သူမက ပြတင်းအနီးသို့ လျှောက်သွားပြီး ပြတင်းတံခါးကို အသာအယာ ဆွဲပိတ်လိုက်စဉ်မှာပဲ သူမ၏မျက်ဝန်းအကြည့်များက သူမတို့နေထိုင်ရာ အခန်းနှင့် ပေနှစ်ဆယ်ခန့်အကွာရှိ ကားဂိုဒေါင်၏ တံစက်မြိတ်အောက်သို့ ရောက်ရှိသွားလေ၏။

သူဇာသည် ယင်းတံစက်မြိတ်အောက်ရှိ တိုင်တစ်တိုင်ကို ကွယ်ပြီး ညဉ့်အမှောင်ထဲ၌ ဆိတ်ငြိမ်စွာရပ်နေသည့် လူရိပ်မည်းမည်း တစ်ခုကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားပြီး သေချာစူးစိုက်ကြည့်လိုက်လေ၏။

ထိုစဉ်မှာပဲ မိုးသက်လေပြင်းနှင့်အတူ ကောင်းကင်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ် မိုးခြိမ်းသံတို့ ထွက်ပေါ်လာပြီး လျှပ်ပြက်လိုက်ရာ ထိုလျှပ်ရောင်ကြောင့် ကားကိုဒေါင်တံစက်မြိတ်အောက်မှလူကို သဲကွဲစွာ မြင်လိုက်ရ၏။

"ဟင် . . . ကိုကျော်စွာပါလား၊ ညကြီးမင်းကြီးမှာ သူဘာလုပ်နေပါလိမ့်"

ဟု သံသယအတွေးဖြင့် မှောင်ရိပ်ထဲမှ ကျော်စွာကို အကဲခတ်ကြည့်နေလေ၏။

ကျော်စွာမှာ ငြိမ်သက်စွာရပ်ရင်း ခြံရှေ့မှ ခြံတံခါးသို့ စူးစိုက်ကြည့်နေကြောင်း သတိပြုမိရာ သူမကလည်း ခြံဝင်းတံခါးဆီသို့ လှမ်းကြည့်လိုက်၏။

"အို . . ."

ဟု ခပ်တိုးတိုး အာမေဋိတ်သံတစ်ချက်ပြုမိလိုက်၏။

ညဉ့်က မှောင်လျက်ရှိပြီး မိုးသက်လေပြင်းတို့ တိုက်ခတ်နေသည်သာမက လမ်းမီးတိုင်ကလည်း မှိန်ပျပျသာရှိရာ စိန်မိုးယံစံအိမ်ကြီး၏ ခြံတံခါးဝဘက်ဝယ် သစ်ရိပ်ဝါးရိပ်တို့ဖြင့် အတော်မှောင်နေသဖြင့် မှောင်ထဲမှ လူသုံးဦး၏လျို့ဝှက်သော လှုပ်ရှားမှုကို တော်ရုံလူဆိုလျှင် သတိမူမိမည် မဟုတ်ပေ။

ထိုလူရိပ်မည်းမည်းသုံးဦးမှာ ခြံတံခါးဝသို့ လျို့ဝှက်စွာ ချဉ်းကပ်လာနေပြီး သူတို့ထဲမှတစ်ဦးက ခြံတံခါးမှသံတိုင်ကြားသို့ လက်သွင်းကာ လက်ထဲမှ ကိရိယာငယ်တစ်ခုဖြင့် ခြံတံခါးသော့ကိုဖွင့်လျက်ရှိလေ၏။





ခဏအတွင်းမှာပင် သော့ပွင့်သွားရာ ထိုသူတို့မှာ ခြံတံခါးကို အသာဟဟတွန်းဖွင့်ပြီးနောက် ခြံထဲသို့ တိတ်တဆိတ် ဝင်ရောက်လာလေ၏။ ထိုသူများလက်ထဲတွင် ဓါးမြှောင်ကဲ့သို့သော လက်နက်ကိုယ်စီကိုင်ဆောင်လာကြောင်းကို လျှပ်ရောင်ဖြင့် မြင်လိုက်ရသဖြင့် သူဇာ၏တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ရင်ခုန်သံမြန်သွားတော့၏။

"ဒီလူတွေဟာ ဖောက်ထွင်းသမားသူခိုးတွေပဲလား၊ ပြန်ပေးသမားလူဆိုးတွေပဲလား မသိဘူး၊ ခြံတံခါးသော့ကို ကျွမ်းကျွမ်းကျင်ကျင်ဖွင့်ပြီး ဝင်လာပုံထောက်ရင် ဖောက်ထွင်းဝိဇ္ဇာတွေပဲ ဖြစ်ရမယ် . . . ဟင်း . . . ဟင်း . . . တွေ့ကြသေးတာပေါ့"

သူဇာက စိတ်ထဲမှကြုံးဝါးလျက် ပြုံးလိုက်ပြီးနောက် သူမ၏ထမီနေရာဝယ် ဘောင်းဘီရှည်ကိုလဲဝတ်လိုက်ပြီး အိပ်ခန်းထဲမှထွက်ခဲ့ကာ ခြံဘေးသို့ဆင်းသော ဘေးတံခါးပေါက်ဆီသို့ ထွက်လာပြီး တံခါးချက်ကို အသံမမြည်အောင်ဖြုတ်လျက် ဖွင့်လိုက်လေ၏။

သူဇာသည် အိမ်ဘေးတံခါးကို အသာတွန်းဖွင့်ပြီး အိမ်ထဲမှ ထွက်လိုက်စဉ် သူမ၏လှုပ်ရှားမှုကို လျှပ်ရောင်ကြောင့် သတိပြုမိသွားသော ကျော်စွာက အမှောင်ရိပ်ထဲမှာပင် သူမအနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာပြီး . . .

"သူဇာ . . . သူဇာ . . . ဘာဖြစ်လို့ အိမ်အပြင်ထွက်လာရတာလဲ၊ ဟိုမှာ လူဆိုးတွေလား၊ သူခိုးတွေလား မသိဘူး ခြံထဲခိုးပြီး ဝင်လာကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်တွင် . . .

"သူဇာတွေ့ပါတယ် ကိုကျော်စွာရယ်၊ တွေ့လို့လည်း ခုလို အိမ်ထဲက ထွက်လာတာပါ၊ သူတို့ကို အိမ်ထဲအဝင်ခံလို့ မဖြစ်ဘူး၊ အိမ်ထဲမှာ ဦးငွေစိုးရယ်၊ ကလေးနဲ့ မိန်းမသားတွေရယ်ပဲရှိတာ၊ တစ်ယောက်ယောက် သူတို့လက်ထဲကို ဓါးစာခံအဖြစ်ရောက်သွားရင် သူတို့က အသာစီးရသွားမယ်"

ဟု သူဇာက ခပ်တိုးတိုးပင် ပြန်ပြောလေ၏။ ထိုအခါ ကျော်စွာက . . .

"ဟာ . . . ခက်တာပဲ၊ အဲဒီဓါးစာခံက သူဇာဖြစ်သွားမှာစိုးလို့ ပြောတာပေါ့ဗျာ၊ အိမ်ထဲပြန်ဝင်နေပါ၊ ကျွန်တော် သူတို့ကို ရင်ဆိုင်လိုက်မယ်"

ဟု တိုးသဲ့သဲ့လေသံဖြင့် ပြောလိုက်ရာ ခေါင်းမာလှသော သူဇာက ခေါင်းကိုရမ်းလိုက်ပြီး . . .

"ဘာပဲဖြစ်ဖြစ် သူဇာတို့က ဒီစံအိမ်ကြီးရဲ့ဝန်ထမ်းတွေလေ၊ ဒီတော့ ဒီစံအိမ်ကြီးကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိတယ် မဟုတ်လား၊ အဲဒီတော့ သူဇာ့အတွက် ဘာမှမပူပါနဲ့"

ဟုပြောလိုက်ပြီး လျှပ်ရောင်အောက်သို့ လှမ်းထွက်လိုက်ရာ လူရိပ်လူယောင်ကို မြင်သွားသည့် ညဥ့်လူသုံးဦးမှာ သူမတို့နှစ်ဦးထံသို့ ဓါးမြှောင်များပင့်လျက် ပြေးဝင်လာတော့၏။

ထိုခဏအတွင်းမှာပင် တိုက်ခိုက်သံများထွက်ပေါ်လာပြီး မိုးကလည်း ပိုမိုသည်းထန်စွာ ရွာသွန်းလေတော့၏။





ရှေ့ဆုံးမှဓါးသမားက သူဇာ၏ရင်ဝကို ဓါးမြှောင်ဖြင့် ခုန်ထိုးလိုက်ရာ သူဇာက ဘယ်ခြေကို ဘေးသို့ကားပြီး ဒူးညွှတ်ရှောင်တိမ်းလိုက်ရင်းမှ ဓါးကိုင်လက်ကို ညာလက်ဖြင့် လက်ပြန်ရိုက်ထုတ်လိုက်ပြီးနောက် ညာခြေဖြင့် ထိုသူ၏ညာနံစောင်းကို ကန်ထည့်လိုက်လေ၏။

ထိုသူသည် 'အီးခနဲ' အော်ပြီး မြေပေါ်သို့ လဲကျသွား၏။

ကျော်စွာမှာလည်း သူ့ထံပြေးဝင်လာသည့် ဓါးသမားနှစ်ဦး၏ဓါးချက်များကို ကျွမ်းကျင်စွာ ရှောင်တိမ်းရင်း လူဆိုးတစ်ယောက်၏ဓါးကိုင်လက်ကို ဘယ်လက်ဖြင့် ပုတ်ထုတ်လိုက်၏။ ပြီးနောက် ထိုသူ၏ဆီးခုံကို ဘယ်ဒူးဖြင့် ဆောင့်တိုက်ထည့်လိုက်၏။

နောက်တစ်ယောက်၏ တစ်ဟုန်ထိုးဝင်လာသော ဓါးထိုးချက်ကို ညာဘက်သို့ယိမ်းကာ တိမ်းရှောင်လိုက်ပြီး ညာခြေဖြင့် ထိုသူ၏မျက်နှာကို ကန်ထည့်လိုက်၏။

'ဖောင်း' ခနဲအသံနှင့်အတူ ထိုသူမှာ နောက်သို့ယိုင်ကာ ဖင်ထိုင်လျက် ပစ်ကျသွားတော့၏။ ထိုအခါ ငှင်းညဥ့်လူသုံးဦးမှာ သူတို့၏လွတ်ကျသွားသော ဓါးမြှောင်များကိုပင် မကောက်နိုင်တော့ဘဲ လဲကျနေရာမှ လူးလဲထကာ ခြံထဲမှ တစ်ဟုန်ထိုး ထွက်ပြေးသွားကြတော့၏။

သည်တော့မှ ကျော်စွာက သက်ပြင်းချလိုက်ပြီး . . .

"တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်ဖြင့် သူဇာအတွက် စိတ်ပူသွားတာပဲ၊ သူဇာရဲ့တိုက်ချက်က သေသပ်လှပါတယ်၊ သူဇာက မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်ပေမယ့် အတိုက်အခိုက် ကျွမ်းကျင်ပြီး ရဲရင့်တယ်နော်၊ ကျွန်တော်ချီးကျူးအံ့ဩမိပါရဲ့ဗျာ"

ဟု လှိုက်လှဲစွာ ပြောလိုက်ရာ သူဇာမှာ မိုးရေထဲမှာပင် ပြုံးလိုက်ပြီး . . .

"ကျွန်မရဲ့အဖေက ရှမ်းပြည်နယ်က သိုင်းဆရာတစ်ဦးပါ၊ အဖေမဆုံးခင် ကျွန်မကို ကိုယ်ခံပညာတွေ သင်ပေးသွားခဲ့ပါတယ်၊ တိုက်ခိုက်စွမ်းရည်နဲ့သတ္တိဟာ အဖေ့ဆီက ကျွန်မအမွေရခဲ့တာပါ၊ ခြံတံခါးပြန်ပိတ်ပြီး ကျွန်မတို့ အိမ်ထဲပြန်ဝင်ကြပါစို့၊ မိုးရေတွေ စိုရွှဲပြီး နှစ်ယောက်စလုံးလည်း ကြွက်စုတ်တွေ ဖြစ်ကုန်ပြီ။

ဒီအဖြစ်အပျက်ကို မနက်ကျမှပဲ ဦးလေးဦးငွေစိုးတို့ကို ပြောပြကြတာပေါ့၊ ခုအချိန်မှာတော့ မိုးအေးအေးနဲ့ သူတို့အိပ်ကြပါစေ၊ ဒီညအဖို့တော့ နောက်ထပ်ဘယ်လိုလူမှ မလာလောက်တော့ပါဘူး"

ဟု သူဇာက ပြောလိုက်ရာ ကျော်စွာလည်း ဘာမှပြန်မပြောတော့ဘဲ ခြံတံခါးဆီသို့လျှောက်သွားပြီး တံခါးကိုစေ့လျက် သော့ပြန်ချိတ်ထားလိုက်၏။

ကျော်စွာ ခြံဘေးသို့ ပြန်အလာကို မိုးရေထဲမှာပင် စောင့်ကြည့်နေလိုက်ပြီးမှ သူဇာက ပြုံးလိုက်ပြီး . . .

"ကဲ . . . ကိုကျော်စွာ၊ ကျွန်မတို့ ကိုယ့်နေရာကိုယ် ပြန်ကြစို့ . . . ဂွတ်နိုက်"

ဟုနှုတ်ဆက်ကာ အိမ်ဘေးတံခါးပေါက်မှ ပြန်ဝင်ခဲ့လေ၏။

သူမ၏အခန်းသို့ ပြန်ရောက်မှ ရေစိုအဝတ်တို့ကို အဝတ်





ခြောက်တို့နှင့် လဲလိုက်ပြီး ခေါင်းမှဆံပင်တို့ကို တဘက်ဖြင့် အတန်ကြာအောင် သုတ်နေပြီးမှ ခုတင်ပေါ်တက်ကာ စောင်ခြုံကွေးလိုက်တော့၏။

သို့တိုင် သူမမှာ အိပ်မပျော်နိုင်သေးဘဲ မျှော်လင့်မထားပါဘဲလျက် ခြံထဲသို့ မြွေများလို တိတ်တဆိတ်ဝင်လာသော ညဉ့်လူဆိုးသုံးဦးကို သူမနှင့် ကိုကျော်စွာတို့ အတွဲညီညီဖြင့် ရင်ဆိုင်တိုက်ထုတ်လိုက်ခြင်းအား ပြန်လည်မြင်ယောင်ကာ ပီတိဖြစ်လျက် ပြုံးနေလိုက်မိတော့၏။

မည်သို့ပင်ဖြစ်စေကာမူ သူမမျှော်လင့်ထားသည့်အတိုင်း ဤစံအိမ်ကြီးထဲဝယ် အန္တရာယ်တစ်ခုကို ဖြတ်ကျော်နိုင်ခဲ့လေပြီ။

နံနက်အဆာပြေကော်ဖီဝိုင်းတွင် ညကအဖြစ်အပျက်ကို သူဇာက ပြောပြလိုက်ရာ ဦးငွေစိုးတို့မောင်နှမနှစ်ယောက်လည်း များစွာအံ့ဩထိတ်လန့်သွားကြ၏။

"အလို . . . ဘုရားကယ်ပေလို့ပေါ့၊ ဒါဆို ညက ကကြီးပေလို့ပေါ့၊ မောင်ကျော်စွာနဲ့ သူဇာတို့ကတော့ အားကိုးရပါပေ့ကွယ်၊ စိန်အိုးကတော့ အဲဒီအချိန်လောက်ဆို မူးပြီး အိပ်မက်ထဲမှာ ပြိတ္တာမတစ်ဖက်ငါးရာနဲ့ လောကကို မေ့နေလောက်ရောပေါ့"

ဟု ကေသီတိုးက ပြောလိုက်ပြီး ကျော်စွာနှင့် သူဇာတို့ကို ချီးကျူးလို့မဆုံးဖြစ်နေတော့၏။

ဦးငွေစိုးကမူ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားပြီး-

"အင်း . . . ညက ကောင်တွေဟာ ဖောက်ထွင်းရေးသမား



www.burmeseclassic.com

www.burmeseclassic.com



သူခိုးတွေ ဖြစ်ဖို့များတယ်၊ ဒါပေမယ့် ဒီနေ့ကစပြီး တို့တစ်အိမ်လုံး လုံခြုံရေးသတိရှိဖို့လိုပြီ၊ အန္တရာယ်ဆိုတာ အချိန်မရွေးကျရောက်လာနိုင်တယ်၊ ဂတ်ကိုလည်း အကြောင်းကြားထားရမယ်"

ဟု လေးနက်စွာ ပြောလိုက်ပြီးနောက် . . .

"သူဇာနဲ့ မောင်ကျော်စွာတို့ဟာ ကျုပ်တို့မိသားစုအပေါ် တာဝန်ကျေပါပေတယ်၊ ကျုပ်တို့မိသားစုကို ဆက်လက်စောင့်ရှောက်ပေးပါ၊ မင်းတို့နှစ်ယောက်ရဲ့လစာကိုလည်း ဒီလကစပြီး တိုးပေးပါ့မယ်"

ဟု တစ်လုံးချင်းပြောလိုက်ပြီးနောက် ကော်ဖီဝိုင်းမှ မျက်နှာမသာမယာဖြင့် ထသွားတော့၏။

"အင်း . . . မောင်ကျော်စွာက မမကို အန္တရာယ်ကနေ ကာကွယ်ပေးခဲ့တာ နှစ်ကြိမ်ရှိပြီ၊ သူဇာကလည်း အားကိုးရပါရဲ့ကွယ်၊ မမကေသီဖြင့် ညီမလေးသူဇာနဲ့ မောင်ကျော်စွာတို့ ဒီစိန်မိုးယံစံအိမ်ကြီးဆီရောက်လာတာကို သဘောကျအားရှိလိုက်တာကွယ်"

ဟု ဇာဖွဖွပြောမဆုံးဖြစ်နေတော့၏။

* * * *



## အခန်း (၁၂)

ခြံကြီးထဲသို့ လူဆိုးများဝင်ရန် ကြိုးစားပြီး တစ်ပတ်ခန့်အကြာတွင် ဖြစ်၏။

ကောင်းကင်ထက်၌ မိုးတိမ်တို့ ကင်းစင်နေသော်လည်း မိုးသင်းလေပြေကမူ တဝေ့ဝေ့တိုက်ခတ်နေလေ၏။

သူဇာမှာ ညဉ့်နက်သည့်တိုင် ဝတ္ထုတစ်အုပ်ဖတ်နေခဲ့ရာမှ အိပ်ချင်လာသဖြင့် မေ့ခနဲ အိပ်ပျော်သွားရာ နားထဲဝယ် ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည်တွင် နားပါးကာ အအိပ်ဆတ်သော သူမမှာ ဖျတ်ခနဲ လန့်နိုးလာလေ၏။

ခြေသံကား ထူးဆန်းလွန်းလှ၏။ ဤအိမ်ကြီး၏အပေါ်ထပ် အိပ်ခန်းကျယ်ကြီးသုံးခန်းဝယ် ဦးငွေစိုးတို့မောင်နှမနှင့် မောင်မိုးစွ



www.burmeseclassic.com

www.burmeseclassic.com



တို့သုံးဦးသာ အိပ်စက်ကြ၏။

ယင်းအိပ်ခန်းကျယ်ကြီးများမှာ ရေချိုးခန်းနှင့် ရေအိမ်တွဲလျက်ပါရှိသော ခေတ်မီအိပ်ခန်းကြီးများဖြစ်သဖြင့် အပေါ်ထပ်မှလူများမှာ ညအချိန်ဝယ် အောက်ထပ်သို့ဆင်းလာရန် အကြောင်းမရှိပေ။

အကယ်၍ အောက်ထပ်မှ တစ်စုံတစ်ရာကို လိုချင်ပါကလည်း အောက်ထပ်ရှိ အိမ်အနောက်ပိုင်းမှ အိမ်ဖော်ကြိုးကိုဆွဲလိုက်ပါက ခေါင်းလောင်းမြည်သံကို တစ်ဦးမဟုတ်တစ်ဦး ကြားနိုင်မည်ဖြစ်သည်။

သို့သော် နားပါးပြီး အအိပ်ဆတ်လှသည့် သူမကိုယ်တိုင်ခေါင်းလောင်းသံကို မကြားရချေ။

မြနှစ်နှင့် မြသန်းတို့ ညီအစ်မမှာလည်း အိမ်မှုကိစ္စများကိုတစ်နေ့ကုန်လုပ်ကိုင်ခဲ့ရသဖြင့် ပင်ပန်းပြီး ညစဉ်အိပ်ယာဝင်ချိန်တွင်တစ်ချိုးတည်း အိပ်ပျော်သွားစမြဲဖြစ်၏။ နံနက်ငါးနာရီထိုးမှ အိပ်ယာနိုးကြလေ၏။ သူတို့ညီအစ်မမှာ တရေးနိုးသည့်ထုံးစံမရှိပေ။

သို့ဆိုလျှင် သူဇာကြားလိုက်ရသော ခြေသံမှာ မည်သူ၏ခြေသံဖြစ်မည်နည်း။ ဟိုတစ်နေ့ကလို လူဆိုးများ ခြံထဲတင်မကဘဲအိမ်ထဲသို့ပါ ကျူးကျော်ဝင်ရောက်နေလေပြီလား ဟူသောသံသယအတွေးများဖြင့် သူဇာသည် လူးလဲထလိုက်ပြီး ခေါင်းအုံးအောက်တွင် ထားလေ့ရှိသည့် မိန်းမကိုင်ပစ္စတိုသေနတ်ကို ယူလိုက်ကာ ခါးကြားမှာ ထိုးလိုက်၏။ ပြီးနောက် အပေါ်မှ အနွေးထည်အကျႌတစ်





ထည်ကို ထပ်ဝတ်လိုက်၏။

သူဇာသည် ညဥ့်လူများနှင့် ရင်ဆိုင်ပြီးနောက်ပိုင်း ညများတွင် ညအိပ်သည့်အခါ ဘောင်းဘီရှည်ဝတ်အိပ်လေတော့၏။

သူဇာသည် အိပ်ခန်းတံခါးကို အသာဖွင့်ပြီး ခေါင်းပြူကာစင်္ကြံလမ်းတစ်လျှောက်ကို အကဲခတ်ကြည့်လိုက်ရာ ခြေသံရှင်ကိုစင်္ကြံထောင့်ချိုးဝယ် လှစ်ခနဲ မြင်လိုက်ရ၏။

“ဟုတ်တယ် . . . လူရိပ်တစ်ခုပဲ၊ မြောက်ဘက်အဆောင်ဘက် ချိုးကွေ့သွားပြီ၊ ငါလိုက်ကြည့်မှပဲ”

ဟု စိတ်တွင်းမှဆိုလျက် ခြေကိုဖွဖွနင်းပြီး စင်္ကြံလမ်းအတိုင်းတစ်လှမ်းချင်း လျှောက်လှမ်းသွားလေ၏။ စင်္ကြံထောင့်ချိုးသို့ သူမရောက်ရှိသွားသောအခါ စတိုခန်းဘက်ဆီမှ တစ်စုံတစ်ရာ ရွေ့လျားသံကြားလိုက်ရသဖြင့် စတိုခန်းဝသို့ ခြေဖျားထောက်ကာ ဝင်ရောက်သွား၏။

အပြင်ဘက်တွင် လေပြင်းများ တိုက်ခတ်နေပြီး လျှပ်စီးများက တဖျတ်ဖျတ် လက်နေသဖြင့် လျှပ်ရောင်များက အိမ်ထဲသို့ မှန်ပြတင်းများမှတစ်ဆင့် ထိုးဖောက်ဖြာကျလျက်ရှိရာ အိမ်ကြီးထဲဝယ်မှောင်အတိကျမနေဘဲ အလင်းရောင်ရနေလေ၏။

စတိုခန်းကမူ မီးရောင်လဲ့လဲ့ထွန်းထားကြောင်း တွေ့ရရာရှေ့မှဝင်သွားသူက မီးခလုတ်ဖွင့်လိုက်ခြင်း ဖြစ်ဟန်တူ၏။ သူဇာလည်း စတိုခန်းဝမှနေ၍ စတိုခန်းထဲသို့ အသာငဲ့ကြည့်လိုက်ရာ စတိုခန်းကြီးထဲတွင် လူရိပ်လူရောင်မျှ မမြင်ရသဖြင့် အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ စိတ်ကိုတင်းလိုက်ပြီး စတိုခန်းထဲသို့ အသာလှမ်းဝင်ခဲ့ရာ အထဲတွင် ဗီရိုဟောင်းကြီးများ စုပုံထပ်ထားသော သစ်သားနှင့် သံခုတင်ဟောင်းများ၊ ပရိဘောဂအကျိုးအပျက်များ၊ ကွဲနေသော ပန်းအလှအိုးများနှင့် ဖိလစ်ရေဒီယိုအဟောင်းတစ်လုံး စသည်တို့သာ တွေ့ရပြီး လူရိပ်လူယောင်ဆို၍ လုံးဝမတွေ့ရသည်ကြောင့် ခေါင်းနပမ်းကြီးကာ အံ့အားသင့်သွားရလေသည်။

"အို . . . ဘယ်ရောက်သွားပါလိမ့်၊ ငါတွေ့လိုက်တာဟာ လူမှဟုတ်ရဲ့လား၊ သရဲသဘက်များ ဖြစ်လေသလား"

"ဟာ . . . မဟုတ်ပါဘူး၊ လူမှ လူအစစ်ပါ၊ ငါသေချာမြင်လိုက်တာပါ"

သူဇာသည် မချင့်မရဲစိတ်ဖြင့် စတိုခန်းအနှံ့သို့ လှည့်ပတ်ကြည့်ရှုအကဲခတ်နေပြီး အခန်းနံရံများတွင် လျှို့ဝှက်တံခါးပေါက်များ ရှိလေမည်လားဟု သေချာစွာ ရှာဖွေကြည့်နေမိ၏။

နာရီဝက်ခန့်ကြာသည်အထိ ထူးခြားမှုကို မတွေ့ရသဖြင့် အခြားအခန်းများသို့ ဆက်လက်ရှာဖွေရန် စတိုခန်းထဲမှ ပြန်ထွက်မည်ပြုလိုက်စဉ်မှာပဲ ချောက်ခနဲ အသံတစ်ခုကို ကြားလိုက်ရသဖြင့် ဇရာမပန်းအိုးကြီးတစ်လုံး၏နောက်သို့ ပြေးပုန်းလိုက်လေ၏။

ပန်းအိုးကြီးမှာ စဉ့်ရည်သုတ် ဇရာမပန်းအိုးကြီးဖြစ်ပြီး နှုတ်ခမ်းကပဲ့နေကာ ရှေ့ဘက်က ကွဲလျက်ရှိလေ၏။ ပန်းအိုးက ကြီးမားသဖြင့် ပန်းအိုးအောက် မှောင်ရိပ်မှာ လူတစ်ကိုယ်စာ ခိုအောင်း၍ရသည့်အတွက် အသာပုဝပ်နေပြီး စတိုခန်းကြီးထဲမှာ ဘာများဖြစ်





လာလေမည်လဲဟု အသာငြိမ်ကာ စောင့်ကြည့်နေလိုက်၏။

ခဏအကြာဝယ် သူမနှင့် ငါးကိုက်အကွာခန့်ရှိ နံရံကပ်ဗီရိုကြီးမှာ တဖြည်းဖြည်းလည်လာသည်ကို မျက်နှာကျက်မီးလုံး၏အလင်းရောင်အောက်ဝယ် မယုံနိုင်ဖွယ် တွေ့လိုက်သဖြင့် အံ့အားသင့်စွာ ငေးကြည့်နေမိလေ၏။

နံရံကပ်ဗီရိုကြီးမှာ တိတ်ဆိတ်စွာ လည်ထွက်သွားလေရာ ထိုနံရံတွင် အပေါက်ကြီးတစ်ပေါက် ပေါ်လာပြီး ယင်းအပေါက်ဝမှ ဦးငွေစိုး လှမ်းထွက်လာသည်ကို တွေ့လိုက်ရသဖြင့် သူမတစ်ကိုယ်လုံး ဆတ်ခနဲ တောင့်တင်းသွားတော့၏။

ဦးငွေစိုးမှာ လျှို့ဝှက်အပေါက်မှ ထွက်လာခဲ့ပြီးနောက် စတိုခန်း၏နံရံတစ်ခုဆီသို့ လျှောက်သွားပြီးလျှင် ယင်းနံရံအောက်ခြေရှိ ကုလားထိုင်ပေါ်သို့ တက်ရပ်လိုက်ကာ နံရံအမြင့်၌ ချိတ်ဆွဲထားသော ပြောင်ချိုဟောင်းကြီး၏ ချိုနှစ်ဖက်ကိုကိုင်ကာ တစ်ပတ်ပြည့်အောင် ဆွဲလှည့်လိုက်၏။

ထိုအခါ ဗီရိုကြီးမှာ တရွေ့ရွေ့ပြန်ပိတ်သွားပြီး လျှို့ဝှက်တံခါးပေါက် ပျောက်သွားတော့၏။ ထို့နောက် သူသည် စတိုခန်းနံရံတစ်နေရာမှ မီးခလုတ်ကိုပိတ်လိုက်ပြီး စတိုခန်းထဲမှ ထွက်သွားတော့၏။

စကြံလမ်းတစ်လျှောက် ထွက်ခွာသွားသော ဦးငွေစိုး၏ခြေသံကို နားစွင့်နေလိုက်ပြီး ခြေသံလုံးဝပျောက်ကွယ်သွားမှ သူဇာလည်း နံရံမီးခလုတ်ကို ဖွင့်လိုက်ပြီး နံရံအောက်ခြေနားတွင် ချထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ကုလားထိုင်ကြီးပေါ်တက်ကာ နံရံထက်မှ ပြောင်ချိုကြီးကို အားစိုက်ကာ ဆွဲလှည့်လိုက်လေ၏။

ပြောင်ချိုကြီး တစ်ပတ်လည်သွားတော့မှ နံရံကပ်ဗီရိုကြီး တရွေ့ရွေ့လည်ကာ ပွင့်လာရာ လျှို့ဝှက်အပေါက်ပေါ်လာလေ၏။

သူဇာသည် တုန့်ဆိုင်းမနေဘဲ လျှို့ဝှက်အပေါက်မှ ဝင်လိုက်ရာ အတွင်း၌ ခလုတ်ငယ်နှစ်ခုကို တွေ့ရလေ၏။

ခလုတ်ကြီးမှာ ဗီရိုပြန်ပိတ်ရန် နှိပ်ရသော ခလုတ်ဖြစ်ဟန်တူပြီး ခလုတ်ငယ်ကတော့ မီးခလုတ်ဖြစ်ပုံရ၏။ ရှေးဦးစွာ ခလုတ်ငယ်ကို နှိပ်လိုက်ရာ ချောက်ခနဲ အသံနှင့်အတူ မီးပွင့်သွား၏။

ထို့နောက် ခလုတ်အကြီးကိုနှိပ်လိုက်ရာ ဗီရိုကြီးမှာ တရွေ့ရွေ့ပြန်ပိတ်သွားတော့၏။

ထိုအခါမှ သူဇာလည်း လျှပ်စစ်မီးလုံးအလင်းရောင်အောက်ဝယ် တွေ့ရသော ကျောက်သားလှေကားထစ်များအတိုင်း တစ်ထစ်ချင်း ဆင်းခဲ့လေ၏။

လှေကားထစ်များအဆုံးဝယ် ကျယ်ပြန့်သော မြေအောက်ခန်းကြီးကို တွေ့ရလေ၏။

သေသပ်စွာ တည်ဆောက်ထားသော မြေအောက်ခန်းကြီး၏အလယ်၌ သစ်သားစားပွဲကြီးတစ်လုံးရှိပြီး ယင်းစားပွဲကြီးပေါ်ဝယ် ခေါင်းတလားကဲ့သို့ သေတ္တာရှည်တစ်လုံးကို တွေ့ရသဖြင့် သူမလည်း လွန်စွာအံ့ဩသွားတော့၏။

ယင်းသေတ္တာရှည်ကြီး၏ပတ်လည်ကို ရွှေရောင်စက္ကူများ





ဖြင့် သေသပ်စွာ ကပ်ထားရာ ရွှေခေါင်းတလားကြီးနှင့်ပင် တူနေတော့၏။

ဤခေါင်းတလားကြီး၏ ခေါင်းရင်းဘက်တွင် ဖယောင်းတိုင်သုံးတိုင်နှင့် အမွှေးတိုင်ကို ထွန်းညှိထားရာ အသုဘအခမ်းအနားတစ်ခု ပြင်ထားသည်နှင့် တူပေ၏။

သူဇာလည်း ၎င်းရွှေခေါင်းတလားကြီးအနီးသို့ ချဉ်းကပ်သွားရာ ခေါင်းအဖုံးမှာ ဖွင့်ထားသဖြင့် ခေါင်းထဲ၌ ရုပ်အလောင်းတစ်ခုရှိနေသည်ကို တွေ့ရ၏။ သူမမှာ များစွာတုန်လှုပ်ခြောက်ခြားသွားလေ၏။

"အို . . . ဦး . . . ဦးငွေတိုးပါလား"

ဟုတ်ပါသည်။ ပျောက်ဆုံးနေသည်ဆိုသော ဦးငွေတိုးမှာ ရွှေရောင်ခေါင်းတလားကြီးထဲဝယ် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပက်လက်ကြီး လဲလျောင်းလျက် ရှိနေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နောက်တစ်နေ့ ညနေဆည်းဆာချိန်တွင် ဖြစ်၏။

မိုးသားတိမ်လိပ်တို့ ကင်းစင်ကာ ရာသီဥတုက သာယာလှသဖြင့် သူဇာသည် အိမ်ရှေ့ပန်းခြံထဲမှ ခုံတန်းလျားလေးတွင်ထိုင်ပြီး ဝတ္ထုစာအုပ်ကို ဖတ်နေစဉ် အော်စတင်ကားနက်လေးက ခြံဝင်းထဲသို့ဝင်လာကာ ဆင်ဝင်အောက်၌ ရပ်လိုက်၏။

ထို့နောက် ကားနောက်ခန်းမှ မမကေသီတို့သာမက ဦးငွေစိုးပါ ထွက်လာကြ၏။ မမကေသီတို့မှာ အိမ်ထဲသို့ လှမ်းဝင်သွားသော်လည်း ဦးငွေစိုးကမူ သူဇာရှိရာသို့ လျှောက်လှမ်းလာပြီး ခုံတန်းလျားလေး၌ ဝင်ထိုင်လိုက်လေ၏။

ဦးငွေစိုး၏သွင်ပြင်ဟန်ပန်က ယနေ့ညအဖို့ ယမကာ





သောက်ထားပုံမရသော်လည်း သူ့ကိုကြည့်ရသည်မှာ လေးလံထိုင်းမှိုင်းကာ စိတ်ရှုပ်ထွေးနောက်ကျိနေပုံရလေ၏။

၄င်းက သက်ပြင်းကြီးတစ်ချက်ချလိုက်ပြီးနောက် ဒန်းဟေးလ်ဆေးတံကို ကုတ်အင်္ကျီအောက်အိတ်ထဲမှထုတ်ကာ ဆေးဖြည့်ပြီး မီးညှိဖွာရှိုက်လိုက်၏။

ဦးငွေစိုးအနားမှာလာထိုင်သဖြင့် သူဇာလည်း ဝတ္ထုကို ဆက်ဖတ်နေရန် မသင့်လျော်ရကား ဖတ်လက်စနေရာကို လက်ညှိုးဖြင့်ထိုးညှပ်ထားရင်း ဝတ္ထုစာအုပ်ကိုပိတ်ကာ ပေါင်ပေါ်တင်ထားလိုက်ရလေ၏။

ဦးငွေစိုးသည် ဆေးတံကို အတန်ကြာဖွာရှိုက်နေရာမှ ရပ်နားလိုက်ပြီး သူဇာကို လှည့်ကြည့်လိုက်လေ၏။ သည်တစ်ခါကြည့်ပုံက အတော်စူးရဲပြီး အတော်လည်းကြာသဖြင့် သူဇာ၏စိတ်ထဲဝယ် အနှောင့်အယှက်ဖြစ်လာသလို နေမထိထိုင်မသာ ဖြစ်လာသဖြင့် စကားမရှိစကားရှာကာ မေးလိုက်ရလေ၏။

"ဦး . . . ဘယ်က ပြန်လာတာလဲ၊ ဒီနေ့ညနေတော့ ယမကာတော့ မှီဝဲလာပုံမရဘူး၊ မမကေသီတို့နဲ့ ဘယ်မှာဆုံခဲ့တာလဲ"

"ဟုတ်တယ် သူဇာ၊ ကျုပ် သဟာယကလပ်က ပြန်လာပေမယ့် ဘီယာရော၊ ရမ်ရော ဘာမှမသောက်ဖြစ်ခဲ့ဘူး၊ ဘာကြောင့်မသောက်ခဲ့သလဲဆိုတော့ ဟောဒီက သူဇာကို အလေးအနက်ပြောစရာရှိလို့"

ဟု ထူးခြားစွာ ဆိုလိုက်သဖြင့် သူဇာ၏ဒင်ယော်တောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးနှစ်ဖက် မြင့်တက်သွားပြီး . . .

"သူဇာ့ကို အလေးအနက်ပြောစရာရှိလို့ . . . ဟုတ်လား၊ ဦး . . . ပြောပါရှင်၊ သူဇာနားထောင်နေပါတယ်"

ဟု သိမ်မွေ့စွာ ပြန်လည်ပြောလိုက်ရ၏။

ဦးငွေစိုးက သဘောကျသလို ပြုံးလိုက်ပြီးနောက် သက်ပြင်းကြီးမှုတ်ထုတ်လိုက်ပြီး . . .

"အင်း . . . သူဇာဟာ အဲဒီလို လိမ္မာယဉ်ကျေးလွန်းလို့လဲ ကျုပ်အဖို့ ခက်နေရတာ"

ဟု ညည်းညူသလို ပြောလိုက်ပြီးနောက် . . .

"ဒီလိုပါ သူဇာ၊ သူဇာဟာ ကျုပ်တို့အိမ်ကို ထမင်းချက်အဖြစ် ရောက်ရှိလာပေမယ့် ကျုပ်ရော ကျုပ်ညီမကပါ သူဇာကို သာမန် ထမင်းချက်အိမ်ဝန်ထမ်းလို သဘောမထားပါဘူး၊ သူဇာရဲ့ကိုယ်ရည် ကိုယ်သွေး၊ ဉပစိရုပ်၊ သိမ်မွေ့ယဉ်ကျေးပြီး နေရာတကာ စီနစ်တကျ ရှိတတ်တဲ့ စရိုက်လက္ခဏာကောင်းလေးတွေဟာ သူတစ်ပါးအိမ်က ဝန်ထမ်း၊ ထမင်းချက်ဆိုတဲ့ အလုပ်မျိုးနဲ့ မထိုက်တန်ပါဘူး၊ ဒါကြောင့် ကျုပ်က သူဇာ့ကို ကြီးမားတဲ့ ရာထူးကြီးတစ်ခုပေးချင်လို့"

ဟု ပြုံးပြုံးကြီး ပြောဆိုလေ၏။ ထိုအခါ သူဇာက ပြုံးလိုက်ပြီး . . .

"ဩော် . . . ဦးဆိုလိုတာက ဦးတို့ရဲ့စီးပွားရေးလုပ်ငန်း တစ်ခုခုမှာ တာဝန်ပေးချင်လို့ ဆိုပါတော့"

ဦးငွေစိုးက ခေါင်းကိုရမ်းလိုက်ပြီး . . .





"မဟုတ်ဘူး သူဇာ၊ အဲဒီလို စီးပွားရေးလုပ်ငန်းတစ်ခုခုမှာ တာဝန်ပေးရင်လည်း ဘာထူးမှာလဲ၊ သူဇာရဲ့အဆင့်က ဝန်ထမ်းက ဝန်ထမ်းပဲပေါ့၊ ဒီမှာ ကျုပ်ပေးမယ့်ရာထူးက သူဇာမျှော်မှန်းထားတဲ့ ရာထူးနေရာတွေထက် အများကြီးကိုကြီးမြင့်တဲ့ ဒီအိမ်ကြီးရဲ့အရှင် သခင်မရာထူးဗျ . . . သိရဲ့လား"

ဟု ခပ်တိုးတိုးဆိုရင်း သူဇာကို ရွှန်းရွှန်းစားစားကြီး ပြုံးကြည့်လိုက်ရာ သူဇာလည်း ကျောချမှ ဓါးပြမှန်းသိရသလို ဖြစ်သွားပြီး သူမ၏ခန္ဓာကိုယ်လေးက တွန့်ခနဲ ဖြစ်သွားလေ၏။

"အို . . . ဦးကလည်း မဟုတ်တာဘဲ"

ဟူ၍လည်း နှုတ်မှလွှတ်ခနဲ ထွက်သွားလေ၏။

ဦးငွေစိုးက ကယောင်ခြောက်ခြားဖြစ်သွားသည်အထိ စိတ်လှုပ်ရှားသွားပုံရသော သူဇာကို ပြုံးပြုံးကြီး ဆက်ကြည့်နေရာမှ . . .

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ သူဇာရယ်၊ သူဇာက တစ်ကောင်ကြွက်ပဲ၊ သူဇာ့ဘက်က ကန့်ကွက်မယ့်သူ မရှိနိုင်ဘူး၊ ကျုပ်ကလည်း ညီမဖြစ်သူကို ဆွေးနွေးပြောပြပြီးပါပြီ၊ ကျုပ်ညီမကလည်း သူဇာကို သဘောကျနေလို့ ကန့်ကွက်စရာ မရှိပါဘူးတဲ့။

ကဲ . . . ဘယ်လောက်အဆင်ပြေလိုက်သလဲ၊ ကျုပ်နဲ့လက်ထပ်ပြီးရင် ကျုပ်ပိုင်ဆိုင်သမျှ စည်းစိမ်ဉစ္စာ၊ ရွှေငွေရတနာအားလုံးကို ဟောဒီသူဇာလေးရဲ့လက်အပ်မှာပါ၊ ကျုပ်ရဲ့ဘဝတစ်လျှောက်လုံး စီးပွားရေးပဲ လုံးပန်းခဲ့ပြီး မိန်းမကိစ္စကို လုံးဝစိတ်မဝင်စားခဲ့ဘူး။

စီးပွားရေးမလုပ်တော့တဲ့ နောက်ပိုင်းမှာလည်း အခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းစုံအောင်ထားပြီး နေရာဒေသအစုံရောက်လို့ လူစုံတစ်ယောက် အဖြစ်နေခဲ့ပေမယ့် မိန်းမကိစ္စကို ကျုပ်ရှောင်ခဲ့ပါတယ် သူဇာရယ်၊ အထူးသဖြင့် ကျုပ်ညီရဲ့မိန်းမ စံပယ်မြိုင်ဆိုတဲ့ မိန်းမလည်သိန်းကြွယ် ကြောင့်လည်း ကျုပ်က မိန်းမတွေကို အထင်သေးပြီး သိပ်ကိုရွံရှာ မုန်းတီးခဲ့တယ်။

ဒါပေမယ့် သူဇာကိုတော့ စတွေ့ကတည်းက အခြားမိန်းမ တွေနဲ့မတူတဲ့ ဣန္ဒြေသိက္ခာကို တွေ့ရလို့ ကျုပ်သဘောကျမိခဲ့ရ တယ်၊ ဒါကြောင့် ကျုပ်က အခုလို သူဇာ့ကို မေတ္တာကမ်းလှမ်းရတာ ပါ"

ဟု ရှည်လျားစွာ ရှင်းပြလေ၏။ သူဇာက ပြုံးလိုက်ပြီး . . .

"သူဇာကတော့ သူဇာ့ရဲ့အိမ်ထောင်ရေးကို ခုအချိန်မှာ လုံးဝမစဉ်းစားသေးသလို စိတ်လည်း မဝင်စားပါဘူး . . . ဦး၊ သူဇာ စိတ်ဝင်စားနေတာက ဟောဒီ 'စိန်မိုးယံ' စံအိမ်ကြီးထဲက ထူးခြားတဲ့ အကြောင်းရင်းကိုပါ"

ဟုပြောလိုက်ရာ ဦးငွေစိုးက ပြုံးလိုက်ပြီး . . .

"ဟုတ်ပါတယ် သူဇာ၊ သူဇာနဲ့ကျုပ်နဲ့ လက်ဆက်ဖို့ကိစ္စဟာ လည်း ဒီ 'စိန်မိုးယံ' ရဲ့ ထူးခြားတဲ့အကြောင်းပဲ မဟုတ်လား"

ဟု ဇွတ်အတင်းပင် ပြောနေပြန်၏။ သူဇာက သက်ပြင်း တစ်ချက်ရှိုက်လိုက်ပြီး . . .

"အဲဒီ 'စိန်မိုးယံ' စံအိမ်ကြီးထဲက အကြောင်းတွေထဲမှာ သူဇာစိတ်အဝင်စားဆုံးက ဦးငွေစိုးဆိုတဲ့ ဦးရဲ့အကြောင်းမဟုတ်ပါ





ဘူး"

ဟု တည်ငြိမ်စွာ ပြောလိုက်ရာ ဦးငွေစိုးလည်း ရုတ်ခြည်း ပင် မျက်နှာတည်သွားပြီး . . .

"ဒါဖြင့် သူ . . . သူဇာက ဘယ်သူ့အကြောင်းကို စိတ်ဝင် စားနေရတာလဲ"

ဟု မနှစ်မြို့သည့်လေသံဖြင့် မေးလိုက်လေ၏။ သူဇာက ဦးငွေစိုး၏ မျက်နှာကို တည့်တည့်ကြည့်လိုက်ပြီး . . .

"သူဇာစိတ်ဝင်စားတာက ဦးငွေတိုးရဲ့အကြောင်းပါ"

ဟု တစ်လုံးချင်းပြောလိုက်ရာ ဦးငွေစိုး၏ခန္ဓာကိုယ်ကြီးမှာ ဆတ်ခနဲ တုန်သလိုဖြစ်သွားပြီး . . .

"ငွေတိုး . . . ဟုတ်လား၊ ငွေတိုးဆိုတဲ့ ကျုပ်ရဲ့ညီက သေ . . . အဲ . . . သေသလား၊ ရှင်သလား မသိဘူးလေ၊ သူပျောက်နေ တာ သုံးလလောက်ရှိပြီ၊ ကျုပ်လည်း သူ့ရဲ့သတင်းကို စုံစမ်းနေတာ ပါပဲ၊ ဒါပေမယ့် သူ့အကြောင်းကို သူဇာ့အနေနဲ့ တခုတ်တရ စိတ်ဝင် စားရလောက်အောင် မဟုတ်ဘူးထင်တယ်၊ သူ . . . သူဇာက ဘာ ဖြစ်လို့ ငွေတိုးရဲ့အကြောင်းကို စိတ်ဝင်စားနေရတာလဲ"

"ဦးငွေတိုးက အသတ်များခံရသလားလို့ သူဇာ သံသယ ဝင်နေမိလို့ပါ"

ဟုပြောလိုက်ရာ ဦးငွေစိုး၏မျက်နှာဝယ် အမိပွါယ်ဖော်ရ ခက်သော ခံစားမှုအရိပ်အယောင်တို့က လျှပ်တပြက်ဖြတ်သန်းသွား ပြီးနောက် လူပ်လှုပ်ရှားရှား ဖြစ်သွားရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို . . . ငွေတိုးအသတ်ခံရတယ် . . . ဟုတ်လား၊ သူဇာက ဘာဖြစ်လို့ အဲဒီလိုထင်တာလဲ"

"ခုတလော သူဇာအိပ်မက်,မက်တယ် သိလား၊ အိပ်မက်ထဲမှာ ခေါင်းကြီးတစ်လုံးကို တွေ့တယ်၊ အဲဒီခေါင်းကြီးထဲမှာ ဦးငွေတိုးကို တွေ့ရတယ်၊ အလောင်းကို သေချာကြည့်လိုက်တော့ သူ့ရဲ့ရင်ဝမှာ ဒဏ်ရာကြီးကို တွေ့ရတယ်၊ ဓါးလို ချွန်ထက်တဲ့ လက်နက်တစ်ခုခုနဲ့ အထိုးခံရပုံပဲ"

ဟု ခပ်ဖြည်းဖြည်းပြောရင်း ဦးငွေစိုး၏မျက်နှာကို မသိမသာ အကဲခတ်ကြည့်လိုက်၏။ ဦးငွေစိုး၏မျက်နှာမှာ သွေးဆုတ်သလို ဖွေးခနဲ ဖြစ်သွားပြီး သူဇာကို အလန့်တကြား ပြန်ကြည့်လိုက်လေ၏။

"သူဇာဟာ ရှမ်းပြည်နယ်မှာ နေစဉ်ကတည်းက သူဇာ့မှာ ထူးခြားတဲ့ စိတ်တန်ခိုးလိုလို ဘာလိုလိုရှိတယ် ဦးရဲ့၊ သူဇာထင်လိုက်ရင် သူဇာ့ရဲ့အာရုံထဲမှာ မြင်လိုက်ရင် မြင်တဲ့အတိုင်းပဲ ဖြစ်လာလေ့ရှိတယ်။

သူဇာ အိပ်မက်,မက်ရင်လည်း အိပ်မက်ထဲက ဖြစ်ရပ်နဲ့ အပြင်က တကယ့်ဖြစ်ရပ်တွေဟာ ထပ်တူဖြစ်လေ့ရှိတယ်"

ဟု ဆက်တိုက်ပြောလိုက်ရာ ဦးငွေစိုးမှာ သူဇာကိုကြည့်ရင်း ပိုမိုထိတ်လန့်သလို ဖြစ်လာကာ အတန်ကြာမှ သတိဝင်လာပြီး ဤကဲ့သို့ ပြန်ဆည်လိုက်လေ၏။

"ကျုပ်ကတော့ အဲဒီလို ဂမ္ဘီရဆန်တာတွေ၊ အတိတ်နိမိတ်၊ အာရုံမြင်တာတွေကို လုံးဝစိတ်မဝင်စားဘူး၊ ယုံလည်း မယုံပါဘူး၊





ကျုပ်သိတာ တစ်ခုတော့ရှိတယ်၊ ကျုပ်ရဲ့ညီလေး တစ်နေ့မှာ ပြန်လာလိမ့်မယ်လို့လည်း မျှော်လင့်တယ်၊ ပြန်လာလိမ့်မယ်ဆိုတာလည်း သိတယ်"

ဟု ပြတ်သားစွာ ပြောလိုက်ပြီးနောက် ထိုင်နေရာမှ ထရပ်လိုက်ပြီး . . .

"တစ်ခုတော့ရှိတယ် သူဇာ၊ လူဆိုတာ သူတစ်ပါးရဲ့အကြောင်းထက် ကိုယ့်အကြောင်းကိုယ်ပိုပြီး စိတ်ဝင်စားသင့်တယ်၊ သူဇာစိတ်ဝင်စားပြီး စဉ်းစားရမှာက သူဇာ့ရဲ့ဘဝမှာ ရခဲတဲ့အခွင့်အရေးဖြစ်တဲ့ ကျုပ်နဲ့လက်ထပ်ပြီး သူဌေးကတော်ဖြစ်ရမယ့် ကိစ္စကိုပါ၊ ကျုပ်ဒါပဲပြောပါရစေ"

ဟုပြောကာ အိမ်ထဲသို့ ဝင်သွားလေတော့၏။

သူဇာက ပုခုံးလေးတွန့်လိုက်ကာ ပြုံးလိုက်ပြီး ဝတ္ထုစာအုပ်ကိုဖွင့်လျက် ဆက်ဖတ်မည်ပြုလိုက်စဉ်မှာပဲ ကားဂိုဒေါင်ဘက်ဆီမှ ကျော်စွာလျှောက်လာသည်ကို တွေ့ရသဖြင့် စောင့်ကြည့်နေလိုက်၏။

ကျော်စွာက သူမကို ပြုံးကာ နှုတ်ဆက်လိုက်ပြီး . . .

"သူဇာ . . . ဒီမှာခဏထိုင်မယ်နော်"

ဟုပြောကာ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ရင်းက . . .

"စောစောက ဦးငွေစိုး ဘာတွေလာပြောသွားတာလဲ . . . သူဇာ၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်၊ ကျွန်တော့်မှာ ပြောစရာကိစ္စရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တည်ငြိမ်စွာဖြင့် ပြောလိုက်လေ၏။ ထိုအခါ သူဇာက ပြုံးလိုက်ပြီး . . .

"ကိုကျော်စွာနဲ့ သူဇာတို့က ဟိုတစ်ညတုန်းက ညဉ့်လူဆိုးတွေကို တက်ညီလက်ညီပဲ တိုက်ထုတ်လိုက်ကတည်းက မိတ်ရင်းဆွေရင်းလို ဖြစ်ခဲ့ကြတာပဲ၊ ကိုကျော်စွာကို စပ်စုတယ်လို့ မထင်ပါဘူး၊ သူဇာ့ကို ပြောစရာရှိရင်လည်း ပြောပါ၊ စောစောက ဦးငွေစိုးက သူဇာ့ကို သူနဲ့လက်ထပ်ဖို့ လာပြောနေတာပါ"

ဟု အေးဆေးစွာ ပြောလိုက်ရာ ကျော်စွာက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

"အင်း . . . ကျွန်တော်လည်း ထင်ပါတယ်လေ၊ ခုရက်ပိုင်းအတွင်း သူဇာ့ကို ကြည့်တဲ့မျက်လုံးတွေက မရိုးသားဘူးလို့ ကျွန်တော်ထင်နေတာ မှန်နေပြီပေါ့၊ ကျွန်တော်ပြောချင်တာလဲ အဲဒီကိစ္စပါပဲ"

ဟုပြောလိုက်ရာ သူဇာက အံ့သြဟန်လေးဖြင့် . . .

"ကိုကျော်စွာက ဘာပြောမှာလဲဟင်"

"ဒီလို သူဇာ၊ သူဇာတို့လို မိန်းကလေးတွေဟာ များသောအားဖြင့် ပစ္စည်းဥစ္စာ၊ ငွေကြေးချမ်းသာကြွယ်ဝမှုကို မက်မောတတ်ကြတယ်လေ၊ အဲဒီအရာတွေနဲ့ ဖြားယောင်းရင် မီးနဲ့တွေ့တဲ့ ဖယောင်းလို၊ မီးနဲ့တွေ့တဲ့ ချိတ်လို ပျော့သွားတတ်တယ်လေ၊ ဒီတော့ ဦးငွေစိုးက အဲဒီလို စည်းစိမ်ဥစ္စာရွှေငွေတွေ ပုံပေးမယ်လို့ ဖြားယောင်းပြီး သူဇာ့ကို ဆွယ်မှာလေ၊ တကယ်မယူဘဲ ဖျက်ဆီးမှာကို ကျွန်တော်စိုးရိမ်မိတာ အမှန်ပါပဲ"





ဟုပြောလိုက်ရာ သူဇာလည်း မျက်မှောင်လေးကုပ်လိုက်ပြီး . . .

"ကျွန်မက ကိုကျော်စွာထင်ထားတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သဖြင့် ကျော်စွာမှာ ပျာပျာသလဲဖြစ်သွားပြီး . . .

"ဟာ . . . ဒီ . . . ဒီလိုသဘောထားမျိုးနဲ့ ပြောတာမဟုတ်ပါဘူး သူဇာ၊ ကျွန်တော်က စေတနာနဲ့ ပြောတာပါ"

ထိုအခါ သူဇာက ကျော်စွာ၏မျက်လုံးကို တည့်တည့်ကြည့်လိုက်ပြီးလျှင် . . .

"ကဲ . . . ဒါဆို ကျွန်မတစ်ခုပြောမယ်၊ ဦးငွေစိုးက ကျွန်မကို ရွှေငွေဥစ္စာစည်းစိမ်တွေနဲ့ ဖြားယောင်းဖျက်ဆီးတာမျိုးမဟုတ်ဘဲ အတည်တကျ လက်ထပ်ပေါင်းသင်းမယ်ဆိုရင်ရော"

ဟုမေးလိုက်ရာ ကျော်စွာက ခေါင်းရမ်းလိုက်ပြီး . . .

"အတည်ယူမယ်ဆိုရင်လည်း သူဇာ့အနေနဲ့ လက်မခံပါနဲ့ဗျာ"

ဟု ယတိပြတ်ကြီးပြောလိုက်သဖြင့် သူဇာလည်း အံ့သြသလို ဖြစ်သွားပြီး . . .

"ဟင် . . . ဘာဖြစ်လို့လဲ၊ ဇေကန္တ ကိုကျော်စွာက သူဇာကြီးပွားချမ်းသာသွားမှာကို မနာလိုလို့လား"

ဟု ပြုံးစစဖြင့် မေးလိုက်၏။ ကျော်စွာက မျက်နှာတည်



www.burmeseclassic.com

www.burmeseclassic.com



တည်ဖြင့် စိုက်ကြည့်လိုက်ပြီး . . .

"မဟုတ်ဘူး သူဇာ၊ ကျွန်တော့်စိတ်အထင် ဦးငွေစိုးမှာ လျှို့ဝှက်မှုတစ်ခုခုရှိပုံရတယ်၊ အဲဒီလျှို့ဝှက်မှုက ဘာလဲတော့ ကျွန်တော်မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခြံရဲ့အနောက်ဘက်က ခြံကြီးရဲ့ခြံစောင့်ကုလားကြီးနဲ့ ကျွန်တော်ခင်တယ်၊ အဲဒီကုလားကြီးဟာ အရက်သိပ်ကြိုက်တော့ ကျွန်တော်က အရက်ဝယ်ပေးရင်း သူက ကျွန်တော့်ကို သိပ်ခင်တာမို့ ပြောပြထားတာရှိတယ်။

အဲဒါကတော့ သူက ကျွန်တော့်ကို ဒီအိမ်မှာနေရင် ဦးငွေစိုးကို သတိထားတဲ့၊ သူဟာ လူကြီးလူကောင်းရုပ်သွင်နဲ့ အနေအထိုင်ရှိပေမယ့် သူ့ညီပျောက်ဆုံးရတဲ့ကိစ္စမှာ သူ့ရဲ့ပယောဂမကင်းနိုင်ဘူးလို့ အဲဒီကုလားကြီးက အရက်မူးမူးနဲ့ ပြောတယ်၊ သူက မမူးရင်လည်း အဲဒီစကားမျိုး မပြောရဲပါဘူးတဲ့၊ မူးလို့ ထန်းရည်မူးကျွဲခိုးပေါ် ဆိုသလိုပြောတာနေမှာပေါ့။

သူ့ညီပျောက်ဆုံးသွားပြီး တစ်ပတ်အကြာမှာ ဒီ 'စိန်မိုးယံ' စံအိမ်ကြီးထဲကို ခြံနောက်ဘက်ကနေ ညတစ်ညမှာ ခိုးဝင်တာကို သူမြင်လိုက်တယ်တဲ့။

အဲဒီလို ခြံကြီးထဲဝင်သွားပြီး မကြာခင်မှာပဲ အိမ်ကြီးရဲ့အပေါ်ထပ်က အော်သံလိုလို ကြားလိုက်ရတယ်တဲ့၊ အဲဒီအချိန်တုန်းက မိုးဦးကျ၊ လေဦးကျမို့ အရှေ့ပိုင်းမှာ အိပ်နေတဲ့ မမကေသီတို့လည်း ကြားမှာမဟုတ်ဘူးတဲ့၊ အိမ်ဖော်တွေ့လည်း အအိပ်ကြီးကြတော့ ကြားပုံမရဘူးတဲ့၊ တစ်ခြံနဲ့တစ်ခြံ အကျယ်ကြီးဆိုတော့ ခြံနီး





ချင်းတွေကလည်း ကြားဖို့မလွယ်ဘူးတဲ့။

အဲဒီကုလားကြီးကတော့ ပျောက်ဆုံးနေတယ်လို့ သတင်းထွက်နေတဲ့ ဦးငွေတိုးခြံထဲဝင်သွားတာ မြင်လိုက်ရတာမို့ စိတ်ဝင်စားပြီး စောင့်ကြည့်နားစွင့်နေလို့ အသံခပ်သဲ့သဲ့ ကြားလိုက်ရတာဆိုပဲ၊ အဲဒီအချိန်ကစပြီး ဦးငွေတိုးဟာ တကယ်ပျောက်သွားတော့တာပဲတဲ့။

ဒါကြောင့် ဦးငွေစိုးဟာ သူ့ညီငွေတိုးပျောက်ဆုံးသွားရတဲ့ကိစ္စမှာ သူ့ပယောဂပါနိုင်တယ်လို့ ကျွန်တော်ယူဆတာပဲ၊ အဲဒီကိစ္စရှင်းမပြီးမချင်း သူဇာ့ကို သူဘယ်လိုပဲ ကမ်းလှမ်းကမ်းလှမ်း လက်မခံပါနဲ့၊ မတော်လို့ သူဟာ ရာဇဝတ်မှုခင်းနဲ့ ငြိနေခဲ့ရင် သူနဲ့လက်ထပ်ပြီးမှ သူဇာရင်နာရမှာစိုးလို့ပါ"

ဟုပြောလိုက်ရာ သူဇာလည်း ကျော်စွာ၏စေတနာကို လေးစားသွားတော့သည်။ ထို့ကြောင့် သူမသည် တစ်ချက်မျှတွေကာ စဉ်းစားနေပြီးနောက် . . .

"ကိုကျော်စွာ . . ."

ဟု ခပ်တိုးတိုး ခေါ်လိုက်လေ၏။

"ကိုကျော်စွာကို ဦးငွေတိုးကိစ္စနဲ့ပတ်သက်ပြီး ပြစရာရှိတယ် . . . သိလား၊ ဒီတော့ ဒီလိုလုပ်၊ ဒီညသန်းခေါင်ယံမှာ အိမ်ဘေးတံခါးပေါက်ဆီလာခဲ့၊ အဲဒီကနေ သူဇာစောင့်နေမယ်၊ ကိုကျော်စွာသိပ်ကိုအံ့သြသွားရမယ့်အရာ သူဇာလိုက်ပြမယ်"

ဟုပြောနေစဉ် အိမ်ရှေ့မှ အိမ်ဖော်မလေးထွက်လာပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"မမသူဇာရေ . . အန်ကယ်ကြီးနဲ့ အန်တီကေသီတို့ ထမင်း စားကြတော့မယ်တဲ့"

ဟု လှမ်းအော်လိုက်သဖြင့် သူဇာလည်း ကျော်စွာကို ခပ်သွက်သွက်ပြောပြီး အိမ်ကြီးဘက်သို့ ထွက်လာခဲ့လေ၏။

* * * *



## အခန်း (၁၄)

အကာလညဉ့်သည်ကား နက်သည်ထက် နက်လာခဲ့ပြီဖြစ်၏။ မိုးနှောင်းည၏လေပြေက တသုန်သုန် တိုက်ခတ်နေသော်လည်း မိုးဖွဲတို့မူ ကျရောက်ခြင်း မရှိသေး။

မကြာမီမှာပင် ညဉ့်သန်းခေါင်ယံသို့ တိုင်ခဲ့ပေပြီ။

ထိုအချိန်တွင် ကျော်စွာသည် ကားဂိုဒေါင်အပေါ်ထပ်ရှိ သူ၏အိပ်ခန်းမှဆင်းလာပြီး ဝန်းကျင်၏အရိပ်အခြေကို ကြည့်လိုက်ပြီးနောက် အနီးရောင်တိုက်အိမ်ကြီး၏ ဘေးတံခါးပေါက်အနီးသို့ ချဉ်းကပ်ရောက်ရှိလာ၏။

ထိုစဉ် ဘေးတံခါးပေါက်ရှိ တံခါးချပ်မှာ ဖြည်းဖြည်းချင်း ပွင့်သွားပြီး တံခါးပေါက်ဝတွင် ယောကျ်ားရှပ်အကျီလက်တိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်ကို အချိုးကျဝတ်စားထားသော သူဇာကို အမှောင်ထဲတွင် တွေ့လိုက်ရ၏။

"ကိုကျော်စွာ . . . လာ"

ဟု သူဇာက ခပ်တိုးတိုးခေါ်လိုက်ပြီးနောက် အိမ်ထဲသို့ ကျော်စွာရောက်ရှိလာသည်နှင့် တံခါးချပ်ကို ပိတ်လိုက်လေ၏။

ပြီးနောက် ကျော်စွာ၏လက်ကိုဆွဲကာ ခြေဖွနင်းပြီး နောက်ဘက်အဆောင်ဆီသို့ တစ်လှမ်းချင်း ဦးဆောင်လျှောက်သွားရာ ကျော်စွာက သူမ၏နောက်မှ ခြေကိုဖွဖွနင်းလျက် တိတ်ဆိတ်စွာ လိုက်ပါခဲ့လေ၏။

သူတို့နှစ်ဦးသည် ရှည်လျားသော စင်္ကြံအတိုင်းလျှောက်လာရာမှ စင်္ကြံအဆုံးသို့ ရောက်သည့်တွင် ချိုးကွေ့လိုက်ကြ၏။

သူဇာတွင် လက်နှိပ်ဓါတ်မီးငယ်လေးပါသဖြင့် ယင်းဓါတ်မီး၏အလင်းရောင်ကို အားပြုကာ စတိုခန်းကြီးဆီသို့ ရောက်ခဲ့ကြ၏။

"ဒါဟာ စတိုခန်းပဲ ကိုကျော်စွာ၊ ရော့ . . . လက်နှိပ်ဓါတ်မီးနဲ့ ထိုးထားပေး၊ လျှို့ဝှက်ခလုတ်ကို သူဇာ့ဘက်လှည့်လိုက်မယ်"

ဟုပြောကာ လက်နှိပ်ဓါတ်မီးကို ကမ်းပေးရာ ကျော်စွာက လက်နှိပ်ဓါတ်မီးထိုးပေးထား၏။

သူဇာက ကုလားထိုင်တစ်လုံးကိုယူကာ နံရံထက်ရှိ ပြောင်ချိုကြီး၏အောက်တည့်တည့်တွင် ချထားလိုက်ပြီး သူမက ခုံပေါ်တက်၍ ၎င်းပြောင်ချိုကြီးကို တစ်ပတ်ပြည့်အောင် ဆွဲလှည့်လိုက်၏။

ထိုအခါ နံရံကပ်ဗီရိုကြီးတစ်လုံးမှာ လည်ထွက်သွားပြီး နံရံ





မှ လျှို့ဝှက်အပေါက်ကြီးပေါ်လာလေ၏။

"ဒါဟာ မြေတိုက်ခန်းထဲဆင်းတဲ့ လျှို့ဝှက်အပေါက်ပဲ ကိုကျော်စွာ"

ဟု သူဇာကပြောပြီး လျှို့ဝှက်ပေါက်ထဲ ဦးဆောင်ဝင်လိုက်ရာ ကျော်စွာပါ လိုက်ဝင်လိုက်၏။ သူတို့နှစ်ယောက်စလုံး လျှို့ဝှက်အပေါက်ထဲရောက်မှ သူဇာက လျှို့ဝှက်ခလုတ်ကိုနှိပ်ကာ ဗီရိုကြီးကို ပြန်လည်ကာ ပိတ်စေလိုက်ပြီးနောက် မီးခလုတ်ကိုဖွင့်လျက် လှေကားထစ်များအတိုင်း မြေတိုက်ခန်းသို့ ဆင်းသွားကြလေ၏။

လျှပ်စစ်မီးလုံးတစ်လုံးလင်းနေသည့် မြေတိုက်ခန်းထဲဝယ် ရွှေရောင်ခေါင်းတလားကြီးတစ်လုံးကို တွေ့လိုက်ရသဖြင့် ကျော်စွာသည် များစွာအံ့ဩသွားတော့၏။

"အဲဒီခေါင်းကြီးထဲမှာ ဦးငွေတိုးရဲ့အလောင်းရှိတယ် . . . ကိုကျော်စွာ"

ဟုပြောလိုက်သည်နှင့် ကျော်စွာက ခေါင်းတလားကြီးအနီးသို့ ချဉ်းကပ်လိုက်ပြီး ဦးငွေတိုးအလောင်းကို သေချာစွာ ငုံ့ကြည့်လိုက်လေ၏။

"သူ့ရဲ့ရင်ဘတ်မှာ ဓါးဒဏ်ရာကြီးရှိတယ်၊ သူဟာ အသတ်ခံရတယ်ဆိုတာ ထင်ရှားနေတယ် ကိုကျော်စွာ"

ဟု သူဇာက သူမထင်မြင်ချက်ကို ပြောလိုက်တော့ ကျော်စွာက မော့ကြည့်လိုက်ပြီး . . .

"အလောင်းက ပုပ်တော့ မပုပ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဒါက မြေအောက်ခန်းဆိုတော့ စိမ့်ပြီး အေးနေတဲ့ အအေးဓါတ်ရယ်၊ အလောင်းအပုပ်အောင်လည်း ဆေးနဲ့ တစ်ခုခုစီရင်ထားပုံရတယ်"

"ကဲ . . . သူဇာ ကျွန်တော်တို့ အပေါ်ပြန်တက်ရအောင်၊ ဒီထဲမှာ ကြာကြာနေလို့ မကောင်းဘူး"

ဟုပြောလိုက်ပြီးနောက် နှစ်ဦးသား မြေအောက်ခန်းထဲမှ ပြန်တက်ခဲ့ကြလေ၏။

သူတို့နှစ်ဦးမှာ လျှို့ဝှက်အပေါက်မှ ထွက်လာလျှင်လာချင်း 'ချောက်' ခနဲအသံနှင့်အတူ စတိုခန်းကြီး၏မျက်နှာကျက်မှ မီးလုံးများပွင့်သွားရာ သူတို့နှစ်ဦးသား လန့်ဖြန့်သွားကြ၏။

လျှပ်စစ်မီးရောင်အောက်မှာတော့ ကုတ်အင်္ကျီရှည်ကြီးနှင့် သက္ကလပ်ဘောင်းဘီရှည်ကြီး ဝတ်ဆင်ထားပြီး လက်ထဲဝယ် ခြောက်လုံးပြူးသေနတ်တစ်လက်ကိုင်ဆွဲလျက် သူတို့နှစ်ယောက်ကို သေနတ်ဖြင့် ချိန်ထားသည့် ပုဂ္ဂိုလ်ကြီးမှာ ဦးငွေစိုးဖြစ်၏။

"အို . . . ဦး . . ."

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟုတ်တယ် သူဇာရယ် တကယ်တော့ နင်တို့နှစ်ယောက်ဟာ ငါထင်ထားတာထက် ပိုပြီး လည်နေသွက်နေကြပါလား . . . ဟင်၊ ညနေက ငွေတိုးအသတ်ခံရတာဖြစ်မယ်၊ အခေါင်းထဲမှာ ဓါးဒဏ်ရာနဲ့ တွေ့တယ်ဆိုပြီး အိမ်မက်,မက်သလိုလို ဘာလိုလိုနဲ့ နင်ပြောကတည်းက ငါနင့်အပေါ်မှာ သံသယဖြစ်ခဲ့တာ။





နင်ဟာ ထက်မြက်သူ၊ ဉာဏ်သွားသူဆိုတာကို ငါသတိထားမိတော့ နင့်လို မိန်းကလေးမျိုးဟာ ပင်ကိုယ်ကလည်း ထက်မြက်ပြီး စပ်စုတတ်သူမို့ ငါဟာ ငါ့ရဲ့ညီနောက်ဆုံးသေဆုံးတဲ့ သူ့ရဲ့မွေးနေ့ သောကြာနေ့ရောက်တိုင်း သူ့ရဲ့အလောင်းရှိရာ မြေအောက်ခန်းထဲ သွားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းပေးလေ့ရှိတယ်၊ အဲဒီတော့ အောက်ထပ်မှာအိပ်တဲ့ နင်တို့တွေ ငါဒီလိုသွားတာကို တွေ့သွားနိုင်တယ်လို့ သံသယရှိလာမိတယ်။

ဒါကြောင့် ငါဟာ ဒီညမှာ နင့်ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ခဲ့တာပဲ၊ ငါထင်တဲ့အတိုင်း နင်က အားလုံးသိနေပြီး ငါ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ရုံသာမက ကျော်စွာကိုပါ ခေါ်ပြလိုက်သေးတယ်၊ ဟင်း . . . ဟင်း . . . မင်းဟာ ငါ့ကို အတော်ဒုက္ခပေးတဲ့ ဟာမလေးပဲ၊ ခုမှတော့ နင်တို့နှစ်ယောက်စလုံးကိုပါ နှုတ်ပိတ်ပြီး သတ်ပစ်လို့ မြေအောက်ခန်းထဲမှာပဲ သင်္ဂြိုဟ်ရတော့မှာပေါ့လေ"

ဟုပြောကာ သေနတ်မောင်းကို တင်လိုက်စဉ်မှာပဲ . . .

"နေပါဦး ဦးငွေစိုး၊ ကျွန်တော်တို့ကို မသတ်ခင် ဦးဟာ ဦးသိပ်ချစ်တဲ့ ညီဖြစ်တဲ့ ဦးငွေတိုးကို ဘာဖြစ်လို့ သတ်လိုက်ရသလဲ ဆိုတာ ကျွန်တော်တို့မသေခင် သိသွားပါရစေလား၊ ပြောပြပါလား ခင်ဗျာ"

ဟု ကျော်စွာက တောင်းဆိုလိုက်ရာ . . .

"ဩ . . . မင်းတို့က သေခါနီးမှာတောင် စပ်စုသွားချင်သေးတာပေါ့ . . . ဟုတ်လား၊ ကောင်းပြီလေ . . . ဒါကလည်း ငါ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ခံစားချက်တွေကို တစ်စုံတစ်ဦးကို ပြောပြချင်တာနဲ့ အတော်ပဲ၊ ဒါကြောင့် ပြောပြရသေးတာပေါ့ကွာ။

တကယ်တော့ ငါဟာ ငါ့ညီငွေတိုးကို သိပ်ချစ်သူပါ၊ ငါ့ရဲ့ညီဟာ အိမ်ကနေ ပျောက်ဆုံးသွားလို့ ငါဟာ ခေါင်းမီးတောက်ပြီး လိုက်ရှာနေရာက သူပျောက်ဆုံးသွားပြီး တစ်ပတ်လောက်အကြာမှာတော့ တစ်ညမှာ ငါ့ညီငွေတိုးဟာ ဒီအိမ်ကြီးထဲကို ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာခဲ့တယ်၊ ဘာဖြစ်လို့ ပေါ်ပေါ်ထင်ထင် မလာလဲဆိုရင် သူအဲဒီလိုပြန်လာခဲ့ရင် သူ့ကိုစိတ်မချလို့ ကျုပ်တို့က ဘယ်မှထွက်ခွင့်မပေးမှာစိုးပြီး ခိုးကြောင်ခိုးဝှက်ပြန်ဝင်လာတာပဲ။

BURMESE CLASSIC

သူ့ရဲ့ရည်ရွယ်ချက်က ကျုပ်တို့ရဲ့ ဘိုးဘွားစဉ်ဆက်ပိုင်ကျောက်မျက်ရတနာတွေကို ကျုပ်ရဲ့အိပ်ယာခေါင်းရင်းမှာရှိတဲ့ မီးခံသေတ္တာထဲမှာ သိမ်းထားတာကို သူသိပြီး အဲဒါတွေအားလုံးကို လိုချင်လို့ လာခဲ့တာပဲ၊ အဲဒီလို သူဘာဖြစ်လို့ လုပ်သလဲဆိုတော့ သူ့ရဲ့မယားစံပယ်မြိုင်ဟာ သူနဲ့ပြန်ဆက်မိသွားပြီး အဲဒီမိန်းမရဲ့ခိုင်းစေမှုကြောင့် ဒီလိုမလျော်မကန်လုပ်တာပဲ။

သူ့ကိုကြည့်ရတာ စိတ်မှန်ပုံ မရဘူး၊ မူလစိတ်မျိုးမဟုတ်ဘူး၊ သူဟာ ကျုပ်အိပ်ပျော်နေတုန်း မီးခံသေတ္တာကိုဖွင့်ဖို့ ကြိုးစားတယ်၊ အဲဒီလို သူမီးခံသေတ္တာကို ဖွင့်နေတုန်းမှာပဲ ကျုပ်အိပ်ယာကနိုးသွားတယ်၊ အဲဒီတော့ ငွေတိုးကို သူခိုးမှတ်လို့ တိုက်ခိုက်ရာက သူ့ရဲ့ရင်ဝကို ဓါးမြှောင်နဲ့ ထိုးလိုက်မိတာပဲ။

ကျုပ်ဟာ လက်လွန်သွားပြီးမှ သူ့ကို သူခိုးမဟုတ်ဘဲ ကျုပ်ညီမှန်း သိလိုက်ရတယ်၊ သူက သေခါနီးမှာ သူ့ကို သူ့မယားဟောင်းက ခိုင်းတာလို့ပဲ ပြောနိုင်ပြီး အသက်ထွက်သွားရှာတယ်။





အဲဒီလို ဖြစ်ပျက်တာတွေကို အိပ်ပျော်နေတဲ့ ကျုပ်ရဲ့ညီမကတော့ မသိရှာဘူး၊ ဒီနေ့အထိ မသိရှာဘူး၊ ကျုပ်ရဲ့အိပ်ခန်းဟာ အိမ်ရဲ့နောက်ဘက်ဆုံး အဆောင်မှာဆိုတော့ မိုးသံလေသံကြားမှာ ကျုပ်ရဲ့အခန်းက အသံဗလံတွေကို ကျုပ်ရဲ့ညီမရော ဘယ်သူမှ မကြားလိုက်ကြဘူး။

ဒါနဲ့ ကျုပ်လည်း ကျုပ်ရဲ့ညီကို သတ်မိတာ ဘယ်သူမှမသိနိုင်ဘူးဆိုပြီး သူ့အလောင်းကို မြေတိုက်ခန်းဆီ သယ်သွားခဲ့တယ်၊ ဒီလျှို့ဝှက်မြေတိုက်ခန်းဟာ ဒီစံအိမ်ကြီးရဲ့ မူလပိုင်ရှင်ရာဇဝတ်ဝန်ကြီး တည်ဆောက်သွားခဲ့တဲ့ လျှို့ဝှက်နေရာပါပဲ။

ကျုပ်ဟာ ကျုပ်ရဲ့ညီအလောင်းကို မြေတိုက်ခန်းထဲရွှေ့ခဲ့ပြီး ညစဉ်မြေတိုက်ခန်းထဲဆင်းလာပြီး ကျုပ်ညီအတွက် ခေါင်းတလားကို ကျုပ်ကိုယ်တိုင် တူ၊ ဆောက်၊ လွှတွေနဲ့ရိုက်ပြီး ပြုလုပ်ပေးခဲ့တယ်၊ အခေါင်းကို ရွှေစက္ကူတွေကပ်ပြီး ရွှေခေါင်းတလားဖြစ်အောင် လုပ်ပေးခဲ့တယ်၊ ကျုပ်ညီရဲ့အလောင်းကို မပုပ်သိုးရလေအောင် ဖော်မလင်ဆိုတဲ့ ဥရောပကလာပြီး ဈေးကြီးလှတဲ့ မပုပ်သိုးစေတဲ့ ထိုးဆေးတစ်မျိုးကို မဂိုလမ်းက ကုလားဆရာဝန်ကြီးအကြံနဲ့ လှည့်ပတ်ယူပြီး အလောင်းမှာ ထိုးပေးခဲ့တယ်၊ ပြီးတော့ ကျုပ်ညီသေတဲ့ သောကြာနေ့၊ ကျုပ်ညီရဲ့မွေးနေ့ဖြစ်တဲ့ အဲဒီနေ့ညတိုင်း ကျုပ်ညီရဲ့အလောင်းဆီသွားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို ထွန်းပေးလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ . . . မင်းတို့ ဘာပြောကြဦးမလဲ၊ ငါ့ရဲ့လျှို့ဝှက်မှုကို မင်းတို့သိပြီပေါ့ . . . ဟုတ်လား၊ အေး . . . အဲဒီလို သိသွားတဲ့ မင်းတို့နှစ်ယောက်ကို ခုတော့ နှုတ်ပိတ်ရတော့မှာပေါ့ကွာ၊ ကဲ . . . သေဖို့သာ ပြင်ပြီး ဘုရားတရားကို တ,ပေတော့ပေါ့"

ဟု ကြုံးဝါးကာ သေနတ်ဖြင့် ချိန်လိုက်စဉ်မှာပဲ . . .

* * * *



## အခန်း (၁၅)

"အမလေး . . ."

ဟု ငယ်သံပါအောင် အော်လိုက်သည့် အမျိုးသမီးတစ်ဦး၏ အသံကြီးကို ကြားလိုက်ရသဖြင့် ဦးငွေစိုးမှာ လန့်ဖြန့်သွားပြီး အသံလာရာအိမ်ရှေ့ပိုင်းသို့ နားစွင့်လိုက်စဉ်မှာပဲ . . .

"အမလေး . . . အစ်ကိုကြီးရေ . . . လာပါဦး"

ဟူသော အသံတစ်ခုကို ပြတ်ပြတ်သားသား ထပ်ကြားလိုက်ရရာ . . .

"ဟာ . . . ဒါ . . . ဒါ . . . ငါ့ညီမရဲ့ အော်သံပဲ၊ ညီမလေး ဘာဖြစ်ပါလိမ့်"

ဟု ဦးငွေစိုးမှာ ခြောက်ခြားစွာ ပြောလိုက်ရင်း ချာခနဲလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ စတိုခန်းထဲမှ ပြေးထွက်သွားတော့၏။ သူသည် ညီမဖြစ်သူ၏ ထိတ်လန့်တကြား အော်သံကြားသဖြင့် ကျော်စွာတို့ကို မေ့သွားပုံ ရ၏။

ဦးငွေစိုးမှာ အိမ်ရှေ့ဘက်သို့အရောက်တွင် အိမ်ပေါ်ထပ် လှေကားမှ ဆင်းလာနေကြသော လူစုကို ထိတ်လန့်ဖွယ် တွေ့လိုက်ရတော့၏။

စံပယ်မြိုင်သည် လက်ထဲတွင် ဓါးမြှောင်တစ်လက်ကိုင်ထားပြီး ဓါးသွားက ကေသီတိုး၏လည်ပင်းကို ထောက်ထားကာ မင်းပုညက ကေသီတိုး၏လက်တစ်ဖက်ကိုချုပ်လျက် ပါးစပ်ကိုလည်း လက်ဖြင့်ပိတ်ရင်း လှေကားအတိုင်း အောက်သို့ဆင်းလာလျက်ရှိသည်ကို တွေ့လိုက်ရ၏။

နေခကလည်း ခြောက်လုံးပြူးသေနတ်တစ်လက်ကိုင်ရင်း သူတို့နောက်မှ ဆင်းလာ၏။ ၎င်းက ဦးငွေစိုးကို သေနတ်ဖြင့် လှမ်းချိန်ထားလေ၏။

"ဟင် . . . ညီမလေး . . . "

ဦးငွေစိုးက ညီမဖြစ်သူအတွက် စိုးရိမ်စွာ အော်ဟစ်လိုက်လေ၏။

"ဒီမှာ ဦးငွေစိုး၊ ခင်ဗျားရဲ့နှမဟာ ကျုပ်တို့လက်ထဲရောက်နေပြီ၊ ခုခံငြင်းဆန်ဖို့ မကြိုးစားပါနဲ့တော့၊ ကျုပ်တို့လိုချင်တာ ခင်ဗျားတို့ဘိုးဘွားပိုင် ကျောက်မျက်ရတနာတွေပဲ၊ အဲဒါတွေရှိတယ်လို့ ခင်ဗျားရဲ့ညီက ပြောသွားခဲ့တယ်"





ဟု နေခက ပြောလိုက်ရာ ဦးငွေစိုးလည်း ၎င်းတို့အားလုံးကို ရွံရှာစက်ဆုပ်စွာ စူးစူးရဲရဲကြည့်လိုက်ပြီး . . .

"ဒီမှာ ကြာကူလီကြီး၊ ခင်ဗျားတို့က ထောင်က ထွက်လာပြီးမှ ပိုမိုက်လာတယ်ပေါ့ . . . ဟုတ်လား၊ ခင်ဗျားတို့ မိစ္ဆာသုံးယောက် ပိုပြီးစည်းလုံးနေတယ်ပေါ့ . . . ဟုတ်လား၊ ခင်ဗျားတို့ဟာ ကျုပ်ရဲ့ညီလေးကိုဖမ်းပြီး ဘာတွေလုပ်ခဲ့သလဲ၊ သူ့ကို ခင်ဗျားတို့က ဒီအိမ်ကြီးဆီလွှတ်ခဲ့သေးတယ် မဟုတ်လား"

ဟု နာကျည်းစွာ မေးလိုက်ရာ နေခက လှေကားထက်မှနေ၍ တဟားဟားရယ်လိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ဟုတ်တာပေါ့ဗျာ . . . ဟုတ်တာပေါ့၊ ကျုပ်နဲ့ မင်းပုညဟာ ထောင်ကထွက်လာမှ ပိုစည်းလုံးသွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က ဘဝတူတွေလေ၊ ခင်ဗျားကြောင့် ကျုပ်တို့နှစ်ယောက်ထောင်ကျပြီး ဘဝပျက်ခဲ့ရတာ မဟုတ်လား၊ ခင်ဗျားအပေါ်ကို ခင်ဗျားတို့မောင်နှမတွေရဲ့အပေါ်ကို ကျုပ်တို့သုံးယောက်စလုံး နာကျည်းခဲ့တာဗျ၊ ဒါကြောင့် ခင်ဗျားတို့မောင်နှမတွေကို လက်စားချေပြီး ခင်ဗျားတို့ဆီက ရသလောက် အမြတ်ထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျုပ်တို့သုံးယောက်ဟာ ခင်ဗျားတို့ရဲ့သတင်းကိုစုံစမ်းပြီး ဒီရန်ကုန်အထိ လိုက်လာခဲ့တာပဲ။

ဒီကိုရောက်တော့ ယုန်ကမတိုး၊ ပိုက်ကတိုးလုပ်လာတဲ့ ခင်ဗျားရဲ့ညီငွေတိုးကို ကျုပ်တို့က ဖမ်းထားလိုက်ပြီး သူ့ကိုစိတ်ပြောင်းလဲစေတဲ့ မူးယစ်ဆေးဝါးတွေ ကျုပ်တို့က ကျွေးတယ်၊ ပြီးတော့ သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



က ခင်ဗျားတို့မိသားစုရဲ့ အတွင်းရေးတွေ သတင်းနှိုက်ထုတ်ပြီး ဘိုးဘွားပိုင်ရတနာတွေ ရှိမှန်းလည်းသိရော သူ့ကိုသွားယူပေးဖို့ စံပယ်မြိုင်က စေလွှတ်လိုက်တာပဲဗျ၊ ဒါပေမယ့် သူက လုံးဝပြန်မလာတော့ဘူး။

ခင်ဗျားက ငွေတိုးကို ဒီအိမ်ကြီးရဲ့တစ်နေရာမှာ ချုပ်နှောင်ထိန်းသိမ်းထားတယ်ပေါ့ . . . ဟုတ်လား၊ ကျုပ်တို့လည်း ငွေတိုးပြန်လာနိုးနဲ့ စောင့်နေရာက မရောက်လာနိုင်တော့တာနဲ့ ကျုပ်တို့ရဲ့ တပည့် ဖောက်ထွင်းဝိဇ္ဇာသုံးယောက်ကို ရတနာတွေဖောက်ထွင်းယူဖို့ စေလွှတ်လိုက်ပြန်တော့လည်း အဲဒီကောင်တွေဟာ ခွေးပြေးဝက်ပြေးနဲ့ ပြန်ပြေးလာခဲ့ရတယ်။

ဒါကြောင့် အခုတော့ ကျုပ်တို့ကိုယ်တိုင် လိုက်လာရတာပဲ၊ ကျောက်မျက်ရတနာတွေမပေးလို့ကတော့ ခင်ဗျားတို့မောင်နှမကို အသေသတ်မယ်သာမှတ်၊ ကဲ . . . ကိုငွေစိုး . . . ခင်ဗျားရဲ့လက်ထဲက သေနတ်ကို မချလို့ကတော့ ခင်ဗျားရဲ့ညီမ သေပြီသာမှတ်၊ ချလိုက်လေ . . . ချလိုက်"

နေခက အော်ဟစ်အမိန့်ပေးလိုက်ရာ ဦးငွေစိုးမှာ မတတ်သာဘဲ သေနတ်ကို လွှတ်ချလိုက်ရစဉ်မှာပဲ 'ဒိုင်း' ခနဲ သေနတ်သံက တစ်ချက်ထွက်ပေါ်သွားကာ လှေကားထက်မှ နေခသည် ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေ၏။

ယင်းသို့ သေနတ်ဖြင့် ပစ်လိုက်သူကတော့ သူဇာပင် ဖြစ်၏။

နေခပြုတ်ကျလာသဖြင့် သူနှင့်တိုက်မိပြီး ဟန်ချက်ပျက်





သွားကြသော ကေသီတိုးတို့မှာ ဖရိုဖရဲဖြစ်သွားကြစဉ်မှာပဲ ဧည့်ခန်းတံခါးဝမှ ကျော်စွာက လျှပ်ပြက်သလို ပြေးဝင်လာပြီး လှေကားထစ်တို့ကို ပြေးတက်ကာ မင်းပုညာ၏ခြေထောက်ကို သူ့ခြေထောက်ဖြင့် သိမ်းရိုက်ထည့်လိုက်၏။

'ဖြောင်း' ခနဲအသံနှင့်အတူ မင်းပုညာမှာ 'အား'ခနဲအော်ပြီး လှေကားပေါ်မှ ပစ်လဲကျသွားသည့်တိုင် စံပယ်မြိုင်မှာ ဖြစ်ပျက်သွားသမျှကို မယုံနိုင်သလို ကြောင်ပြီး ကြည့်နေလေ၏။

ထိုစဉ် ကေသီတိုးက စံပယ်မြိုင်၏လက်ထဲမှ ဆောင့်ရုန်းကာ လှေကားထစ်များအတိုင်း ပြေးဆင်းလာပြီး သူ့အစ်ကိုကြီး ဦးငွေစိုး၏ရင်ခွင်သို့ အားကိုးတကြီး ပြေးဝင်ရှာ၏။

ထိုအခါ သတိဝင်သွားသော စံပယ်မြိုင်မှာ နောက်မှချက်ချင်းပြေးလိုက်လာကာ ဓါးမြှောင်ဖြင့် ကေသီတိုး၏နောက်ကျောကို အဟုန်ပြင်းစွာ ထိုးစိုက်ထည့်လိုက်ရာ ဦးငွေစိုးက သူ့ညီမကို ဆွဲလှည့်ပြီး သူ၏ခန္ဓာကိုယ်ဖြင့် ကာပေးလိုက်၏။

စံပယ်မြိုင်၏ဓါးမြှောင်က ဦးငွေစိုး၏ကျောပြင်ကြီးထဲသို့ တဆုံးနစ်ဝင်သွားတော့၏။ 'စွပ်' ဟူသော ဓါးစိုက်ဝင်သံနှင့် 'အား' ဟူသော ဦးငွေစိုး၏အသံနက်ကြီး ထွက်ပေါ်သွားလေ၏။

ထိုအခိုက်မှာပဲ သူဇာက စံပယ်မြိုင်၏ဦးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်၏။ 'ခွပ်' ခနဲအသံထွက်ပေါ်လာပြီး စံပယ်မြိုင်မှာ 'အမေ့' ဟုအော်ရင်း ခွေလဲကျသွားလေတော့၏။

သေနတ်သံများကြောင့် အိပ်မောကျနေသော မောင်မျိုးစွ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အိမ်အကူမလေးတွေရော ခြံစောင့်ကိုစိန်အိုးပါ နိုးလာပြီး ထိတ်လန့်တကြား ပြေးလာကြ၏။

ထို့အတူပင် ပတ္တာရောင်လှည့်လာသော ပုလိပ်အဖွဲ့ကလည်း အိမ်ကြီးထဲသို့ ပြေးဝင်ရောက်ရှိလာကြ၏။

"ဟင် . . . အင်စပက်တော် သူဇာပါလား"

ဟု ပတ္တာရောင်ပုလိပ်အဖွဲ့ခေါင်းဆောင် ပုလိပ်အရာရှိက နှုတ်ဆက်ပြောဆိုလိုက်ပြီး သူဇာကို အလေးပြုလိုက်ရာ ကျော်စွာမှာ လွှန်စွာအံ့သြသွားလေ၏။

ကေသီတိုးသည် သွေးအိုင်ထဲဝယ် အသက်ပျောက်သွားပြီဖြစ်သော သူမ၏အစ်ကိုကြီးငွေစိုးကိုဖက်လျက် ရင်ထုမနာ ငိုကြွေးမဆုံးဖြစ်နေတော့၏။

* * * *



BURMESE CLASSIC

## နိဂုံး

ဦးငွေစိုးသေဆုံးသွားရသလို ထောင်ထွက်ကြီးနေခလည်း သေဆုံးခဲ့ရကာ ဓါးပြမှု၊ လက်နက်ကိုင်ဆောင်မှုတို့ဖြင့် စံပယ်မြိုင်နှင့် မင်းပုညတို့အတွဲမှာ ထောင်နန်းစံရလေပြီ။

ဦးငွေတိုး၏အလောင်းကိုလည်း ပြန်လည်ဖော်ထုတ်နိုင်ခဲ့ကာ သူ၏အစ်ကိုကြီးဦးငွေစိုးနှင့်အတူ ကြံတောသင်္ချိုင်းတွင် အုတ်ဂူနှစ်ခုကို ယှဉ်တွဲပြုလုပ်ကာ သင်္ဂြိုဟ်နိုင်ခဲ့၏။

'စိန်မိုးယံ' စံအိမ်ကြီးမှာတော့ ကေသီတိုးမှာ တူလေးမောင်မိုးဇွေကို စောင့်ရှောက်ရင်း ဘေးကင်းချမ်းမြေ့စွာ နေထိုင်နိုင်ပြီဖြစ်လေ၏။

ကေသီတိုးသည် ကျော်စွာကို စာချုပ်စာတမ်းဖြင့် တရား



www.burmeseclassic.com

www.burmeseclassic.com



ဝင်မွေးစားလိုက်ပြီး 'စိန်မိုးယံ' စံအိမ်ကြီးကို ဝကွက်အပ်ကာ ဆက်လက်စောင့်ရှောက်ဖို့ မေတ္တာရပ်ခံခဲ့ပါ၏။

မိုးရနံ့သင်းသော လေပြေလေးက တဖြူးဖြူးတိုက်ခတ်နေသည့် ညနေရီဆည်းဆာတွင် ဖြစ်၏။

အိမ်ရှေ့ပန်းခြံထဲမှ ခုံတန်းလျားလေးဝယ် ကျော်စွာနှင့် စိန်မိုးယံ၏အရှုပ်တော်ပုံထဲ၌ ပါဝင်လှုပ်ရှားခဲ့သူ အင်းစိန်စီအိုင်ဒီမှ အထူးထောက်လှမ်းရေးအရာရှိ အင်စပက်တော်သူဇာတို့ ထိုင်လျက်ရှိကြလေ၏။

"သူဇာက သိပ်ပီရိတာပဲနော်၊ ကျွန်တော်ဖြင့် သူဇာ့ကို စုံထောက်လို့ မထင်ခဲ့မိဘူး"

ဟု ကျော်စွာက အရှိုးခံအတိုင်းပြောလိုက်ရာ သူဇာက . .

"ဟုတ်တယ် ကိုကျော်စွာ၊ သူဇာ့ကို စုံထောက်မင်းကြီးက တာဝန်ပေးလို့ ဒီ 'စိန်မိုးယံ' စံအိမ်ကြီးကို ရောက်လာရတာပါ၊ ဦးငွေတိုး ထူးဆန်းစွာပျောက်ဆုံးတဲ့အမှုကို သေချာထောက်လှမ်းဖို့ စုံထောက်မင်းကြီးရဲ့ တာဝန်ပေးချက်ကြောင့်ပေါ့"

ဟု ချစ်စဖွယ်ပြောလိုက်ရာ . . .

"ကျွန်တော်ကဖြင့် တကယ့်ရိုးရိုးကောင်မလေးထင်ပြီး ဦးငွေစိုးရဲ့ညွှတ်ကွင်းမှာ မိသွားမှာစိုးလို့ စိုးရိမ်ပူပန်ပြီး သတိပေးလိုက်ရတာ"

ဟု ကျော်စွာက ပြောလိုက်ရာ သူဇာက မျက်စောင်းလေးချိတ်ရင်း . . .





"အိုးကမပူ၊ စလောင်းကပူ သူက ဘာဖြစ်လို့ ဒီလောက်စိုးရိမ်ရတာလဲ"

ဟု ပြုံးမူမူလေးဖြင့် မေးလိုက်လေ၏။

"ဘာဖြစ်လို့ ဒီလောက်စိတ်ပူရသလဲဆိုတော့ ဟောဒီကသူဇာကို ချစ်လို့ပေါ့ . . . ချစ်လို့ဗျ"

ဟု ကျော်စွာက အရဲစွန့်ပြီး ပြောလိုက်ရာ သူဇာမှာ မျက်ဝန်းလေးများ ပြူးဝိုင်းသွားပြီး မျက်နှာလှလှလေးဝယ် ရှက်သွေးတို့ဖြန်းသွားလေတော့၏။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိုတွံမိ

(တံကူမဏိကလောင်ခွဲ)



www.burmeseclassic.com